# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 *The Mirror Daily*

၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့ | 24, Sunday April 2016 | (၈၅၄၁)


# ဘင်္ဂါလီလူမျိုးများအား မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လက်ခံထားသည်ဆိုသောသတင်းမှာ မှန်ကန်မှုမရှိ

## လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က စိစစ်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဧပြီ ၂၃**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့က မြန်မာနိုင်ငံဘက်သို့ ပြန်လည်နှင်ထုတ်ခဲ့သော ဘင်္ဂါလီလူမျိုးများအား တားဆီးပိတ်ပင်မှုမရှိဘဲ လက်ခံခဲ့သည်ဆိုသောသတင်းမှာ မှန်ကန်မှုမရှိဘဲ သတင်းမှားသာဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။

၂၀၁၆ ခုနှစ် ဧပြီလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် မြန်မာနိုင်ငံမှ ဘင်္ဂါလီလူမျိုး ၃၄၀ အား ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့က ဖမ်းဆီးရမိပြီး ဓာတ်ပုံမှတ်တမ်းတင်၍ မြန်မာနိုင်ငံဘက်သို့ ပြန်လည်နှင်ထုတ်ခဲ့ရာတွင် မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့အနေဖြင့် တားဆီးပိတ်ပင်မှုမရှိဘဲ လက်ခံခဲ့ကြောင်း ပြည်ပသတင်းဌာနများက ပုံနှင့်တကွ ဖော်ပြခဲ့မှုအပေါ် လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က စိစစ်၍ ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ အစိုးရအဖွဲ့သစ် စတင်တာဝန်ယူသည့် အချိန်ကာလတွင် ယခုကဲ့သို့ တည်ငြိမ်မှုပျက်ပြားစေရန် လှုံ့ဆော်ရာရောက်သည့် သတင်းမျိုးအား စိစစ်မှုမရှိဘဲ မှားယွင်းဖော်ပြခြင်းမှာ သင့်လျော်မှုမရှိကြောင်း တုံ့ပြန်ဖော်ပြမှုများလည်း လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့ရှိရသည်။

**(သတင်းစဉ်)**

# သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး အစီအမံများချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၃**

၂၀၁၆ ခုနှစ် နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ထူးကဲအပူချိန်မြင့်မားပြီး ကျေးလက်ဒေသများတွင် ရေရှားပါးခက်ခဲမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသပညာရှင်များ၏ ခန့်မှန်းချက်များအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာမှစ၍ ကျေးရွာများတွင် နွေရာသီ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး လိုအပ်သည့်အစီအမံများ ချမှတ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများအနေဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ကျေးရွာများတွင် သောက်သုံးရေလုံလောက်မှု ရှိ၊ မရှိနှင့် ရေပြတ်လပ်မှုဖြစ်နိုင်ခြေများကို ကွင်းဆင်း၍ ကြိုတင်စာရင်း ကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုကော်မတီ၊ ကျေးရွာရေကော်မတီ၊ ရပ်မိရပ်ဖများ၊ ကျေးလက်လူငယ်များ၏အမည်နှင့် ဖုန်းနံပါတ်များကို စုစည်းပြုစုခြင်း၊ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လာနိုင်သော ကျေးရွာများသို့ အစုအဖွဲ့ဖွဲ့၍

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



သနပ်ပင်မြို့နယ် ကသစ်ဝိုင် ရွာသစ်ကျေးရွာ၌ နွေရာသီရေချို့ပြတ်လပ်မှုကြောင့် စေတနာရှင်အလှူရှင်များက သောက်သုံးရေများ လိုက်လံပေးဝေနေသည်ကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ငွေးအောင်)




# ကြေးမုံ

## ပြည်သူလူထုကို ကယ်တင်စောင့်ရှောက်

၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်လတွင် ရေဘေးစတင်ကြုံတွေ့ခဲ့ပြီး ဆောင်းအကုန် ၂၀၁၆ ဆန်းသည်နှင့် မီးဘေးများကြုံတွေ့ခဲ့ရာ ယခုမိုးသက်မုန်တိုင်းဒဏ်ကိုပါ နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ဆိုးဆိုးရွားရွား ခံစားကြရသည်။

သဘာဝဘေးဟူသည် ကြိုတင်မမျှော်မှန်းနိုင်သောဘေးအန္တရာယ်က များသည်။ သို့သော် ငလျင်ဘေး၊ မီးဘေးမှလွဲ၍ ကျန်သဘာဝဘေးများကိုမူ သက်ဆိုင်ရာမိုးလေဝသဌာနနှင့်ပညာရှင်များ၏ ကြိုတင်ခန့်မှန်းတွက်ချက်မှုများအရ တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် ကြိုတင်မှန်းဆသိနိုင်ကြသည်။ ထိုသို့ကြိုတင်သိနိုင်ပါလျှင် ဖြစ်ပေါ်လာနိုင်သည့် ဘေးအသွယ်သွယ်တို့မှ လျော့ပါးသက်သာစေရန်အတွက် သတိမူရှောင်ရှားကြရမည်။

ယခုရက်အတွင်း မြန်မာနိုင်ငံအထက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သည့် မိုးနှင့်အတူ လေပြင်းများတိုက်ခတ်ပြီး မိုးသီးများကြွေကျခဲ့ရာ နေအိမ်၊ အဆောက်အအုံများပျက်စီးကာ လူနှင့်တိရစ္ဆာန်တို့ သေကျေပျက်စီးရသည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။ အမှန်တကယ်တွင် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာကျွမ်းကျင်သူတို့က ကြိုတင်အသိပေးထားပြီးဖြစ်သည်။ ထိုသို့အသိပေးထားသော်လည်း မြန်မာတို့၏အလေ့အထအတိုင်း ကြိုတင်ပြင်ဆင်နိုင်သည့် အသိပညာအားနည်းသဖြင့် အထိအခိုက်အပျက်အစီး ပိုမိုကြုံတွေ့ခဲ့ရသည်။

ယခုသဘာဝဘေးနှင့်ပတ်သက်ပြီး မိုးလေဝသဘက်မှ မေ ၂၀ ရက်ကတည်းက မိုးကြိုကာလရောက်ရှိပြီဖြစ်၍ လေထုမတည်မငြိမ်ဖြစ်နေကာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ လေပြင်းများကျရောက်နိုင်ကြောင်း သတိပေးထားပြီးဖြစ်သည်။ လက်ရှိတွင် အပူဆုံးဒေသဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ လေနွေးများနှင့် မိုးကြိုကာလဝင်ရောက်လာသည့် မုတ်သုံလေဦးတို့ ထိတွေ့ရာမှ လေထုမတည်မငြိမ် အများဆုံးဖြစ်နိုင်ကြောင်း သတိပေးထားသည်။

အလယ်ပိုင်းဒေသမြို့နယ်များဖြစ်သည့် မန္တလေး၊ စစ်ကိုင်း၊ တံတားဦး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ နွားထိုးကြီး၊ ဝက်လူး၊ ပြင်စည်နှင့် မြင်းခြံမြို့များတွင် မေ ၂၁ ရက်မှ နောက်ငါးရက်ခန့်အထိ ညနေပိုင်းတွင် လေပြင်းများ တိုက်ခတ်နိုင်ကြောင်းနှင့် အန္တရာယ်အစိုးရိမ်ရဆုံးအခြေအနေဖြစ်၍ သတိရှိဖို့လိုကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က အသိပေးခဲ့သည်။ ထိုသို့သတိပေးခဲ့သည့်အတိုင်း မေ ၂၁ ရက် ညနေပိုင်းမှာပင် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းများဖြစ်ပွားခဲ့သည်။ မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင်လည်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် လေပြင်းများအပြင် မိုးသီးများပါကြွေကျခဲ့၍ ကျောက်ဆည်တွင် လူခြောက်ဦးနှင့် တိရစ္ဆာန်များ သေဆုံးခြင်းတို့ မကြုံစဖူးကြုံခဲ့ကြရသည်။

မြို့နယ်တိုင်းရှိ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ခဲ့ကြရသည်။ မြန်မာနိုင်ငံတွင် ယခင်ကတည်းက အရေးပေါ်စီမံခန့်ခွဲရေးဗဟိုဌာန ရှိခဲ့သော်လည်း အရေးပေါ်အခြေအနေဖြစ်လာမှသာ အရေးပေါ်လုပ်ခဲ့ကြရသည်က များသည်။ အရေးပေါ်ဌာနတွင် ခေတ်မီနည်းစနစ်များနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် အစိုးရသစ်က စီစဉ်နေပြီ။ အရေးပေါ်ဖြစ်လာလျှင် ပြည်သူလူထုသည် အဓိကကျသည်။ အစိုးရက မဖြစ်မီက ကြိုတင်ပြင်ဆင်မှုများ စီမံဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဖြစ်ပေါ်လာလျှင်လည်း အလျင်အမြန်ချက်ချင်း အရေးပေါ်ကယ်ဆယ်နိုင်ရမည်။

ပြည်သူလူထုအား သဘာဝဘေးအသိနှင့် ကြိုတင်ပြင်ဆင်ရှောင်ရှားတတ်သည့်အလေ့အကျင့်ကို စွဲမြဲအောင် မွေးမြူပေးရဦးမည်ဖြစ်သည်။ သက်ဆိုင်ရာက ကြိုတင်အသိပေးထားသော်လည်း သဘာဝဘေးအသိနည်းနေသေး၍ လူ့အသက်နှင့် တိရစ္ဆာန်များစွာတို့၏အသက်များ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည်တို့ကို သင်ခန်းစာများယူကာ ပြည်သူလူထုထိခိုက်မှုနည်းအောင် ပိုမိုအားထုတ်ကြရမည်ဖြစ်သည်။ ။

# လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းများပျက်စီးမှု အမြန်ဆုံးပြီးစီးနိုင်ရေး ပြုပြင်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် မေ ၂၁ ရက်မှ ၂၂ ရက်ထိ မိုးသီးများကြွေခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများကြောင့် အုန်းတော-ညောင်ပင်ကြီး ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ်(၁၂၈)၊ ရဲရွာ-ဘဲလင်း ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ် (၇၉)၊ ကလော-ပင်းပက် ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ် (၈၃)နှင့် စစ်ကိုင်း၊ မြင်းမူ၊ ဆားတောင်၊ မုံရွာ၊ ဒီပဲယင်း၊ ရေဦး၊ ဇီးကုန်း၊ ခင်ဦး၊ ပြင်ဦးလွင်၊ မဘိမ်း၊ မိုးမိတ်မြို့များရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းများမှ ဓာတ်တိုင် ၈၂ တိုင်၊ ၁၁ ကေဗွီဓာတ်အားလိုင်းများမှ ဓာတ်တိုင် ၁၁၆ တိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများမှ ဓာတ်တိုင် ၂၆ တိုင်နှင့် မြို့များရှိ ထရန်စဖော်မာအချို့ ထိခိုက်ပျက်စီးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အုန်းတော-ညောင်ပင်ကြီး ဓာတ်အားလိုင်းမှ ဓာတ်အားပြတ်တောက်သွားသော ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီး၊ မုံရွာနှင့် ချောင်းကူးဒေသများအတွက် ချောက်-ကျွန်းချောင်း-ညောင်ပင်ကြီး ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းမှလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရဲရွာ-ဘဲလင်း ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းမှ ဓာတ်အားပြတ်တောက်သွားသော ကျောက်ဆည်ဒေသအတွက် ရဲရွာ-သပြေဝ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းမှ လည်းကောင်း ဓာတ်အားအစားထိုးပို့လွှတ်ထားပြီးဖြစ်သည်။

ပျက်စီးသွားသော မဟာဓာတ်အားလိုင်းများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် အုန်းတော/နမ့်စန်/ချောက် မဟာဓာတ်အားလိုင်းများမှ ဝန်ထမ်း ၁၀၀ ခန့်ဖြင့်လည်းကောင်း၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် မြို့များရှိ ထရန်စဖော်မာများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာများ ကြီးကြပ်မှုဖြင့်လည်းကောင်း ဓာတ်အားအမြန်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မဟာဓာတ်အားလိုင်းများအား ကွန်ရက်စနစ်ဖြင့် တည်ဆောက်ထားခြင်းကြောင့် တစ်ဖက်မှ ဓာတ်အားပြတ်တောက်သွားပါက အခြားတစ်ဖက်မှ ဓာတ်အားပြန်လည်ပို့လွှတ်ခြင်းဖြင့် အများပြည်သူဓာတ်အားပြတ်တောက်ချိန် ကြာမြင့်ခြင်းမရှိအောင် ဆောင်ရွက်ထားကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ စာကြည့်တိုက်လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်မည်

**နေပြည်တော် မေ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဖွင့်လှစ်ပြီးဖြစ်သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် Community Library များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်ရှိနေသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Community Library များ ဆက်လက်တည်ထောင်ဖွင့်လှစ်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာရေးထိုးပြီး လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ဆွေးနွေးခဲ့ကြသည်။

ထိုကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအား Community Libraryများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည့်လုပ်ငန်းများကို ယနေ့ နံနက် ၁၀နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်အား Community Library အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး နယ်လှည့်စာကြည့်တိုက်ယာဉ်များ (Mobile Library Vehicles)ဖြင့် ကျေးရွာများအထိ သွားရောက်ကာ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော်၊ ကလော၊ နတ်မောက်နှင့် မြောင်းမြမြို့နယ်များတွင်လည်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအစီအစဉ်ဖြင့် Community Library စာကြည့်တိုက်များ တည်ထောင်၍ ပြည်သူအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး စာကြည့်တိုက်များအဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ပြည်သူများအသိပညာမြင့်မားရေးလုပ်ငန်းများကို ၂၀၁၃ ခုနှစ်က စတင်ဆောင်ရွက်လျက်ရှိရာ Community Library ငါးခုကို ပထမအဆင့်အနေဖြင့်လည်းကောင်း၊ ကျန်ရှိနေသေးသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် Community Library များ ဆက်လက် အကောင်အထည်ဖော်နိုင်ရန် ဒုတိယအဆင့်အနေဖြင့် လည်းကောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် Community Center များ အကောင်အထည်ဖော်နိုင်ရန် တတိယအဆင့်အနေဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသော ကော့မှူးမြို့နယ် ရုံးစာကြည့်တိုက်တွင် ကွန်ပျူတာသင်တန်းများ လေ့ကျင့်သင်ကြားပေးနေစဉ်။ (သတင်းစဉ်)

---

❖ **ရှေ့ဖုံးမှ**

သောက်သုံးရေ အလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအစဉ်များအား မြို့နယ်အတွင်းဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ NGOs၊ စေတနာရှင်များနှင့် ကြိုတင်ညှိနှိုင်းခြင်းနှင့် ရေပြတ်လပ်လျှင် ဆောင်ရွက်မည့် အစီအမံများအား ဒေသတွင်းမီဒီယာများမှတစ်ဆင့် ရှင်းလင်းချပြ၍အသိပေးခြင်း၊ လက်ရှိရေအရင်းအမြစ်များမှ နေ့စဉ်ရေသုံးစွဲမှုအပေါ်မူတည်၍ ပူပြင်းရာသီအတွင်း ထပ်မံသုံးစွဲသွားနိုင်မည့် ခန့်မှန်းရက်နှင့် ရေစတင်ပံ့ပိုးဖြည့်ဆည်းပေးရမည့် ခန့်မှန်းရက်တို့အား ကြိုတင်တွက်ချက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စာရင်းကောက်ယူချက်များအရ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၇၆ မြို့နယ်၊ ကျေးရွာပေါင်း ၁၇၆၁ရွာတွင် ရေရှားပါးပြတ်လပ်နိုင်ခြေရှိကြောင်း ခန့်မှန်းသိရှိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယင်းကျေးရွာများအနက် ရေရှားပါးပြတ်လပ်သောကျေးရွာများအား သောက်သုံးရေဖြန့်ဝေပေးရန် ရေသယ်ယာဉ်များ၊ စက်သုံးဆီများ ကူညီပံ့ပိုးခြင်းနှင့် စက်ရေတွင်း၊ လက်တူးတွင်း၊ ရေကန်တူးဖော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အလှူရှင်တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းများ စုစည်း၍သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ရန်အတွက် သတင်း မီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ထားသည်။

အယ်နီညိုရာသီဥတုကြောင့် ရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး ဆောင်ရွက်မှုများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း၁၇၆မြို့နယ်၊ ကျေးရွာပေါင်း ၉၁၈ ရွာသို့ ရေဖြန့်ဝေပေးရန်အတွက် စက်သုံးဆီကုန်ကျစရိတ် ငွေကျပ် ၇၈ ဒသမ ၅သန်းခန့်၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် တစ်မြို့နယ်မှ ကျေးရွာ ငါးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း တစ်ခုနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် တစ်မြို့မှ ကျေးရွာ သုံးရွာတွင် တွင်းနက် တစ်တွင်း၊ လက်တူးတွင်း တစ်တွင်း၊ စိမ့်စမ်းရေသွယ်ခြင်း တစ်ခု တို့အတွက် ကုန်ကျငွေကျပ် ၃၆ ဒသမ ၅ သန်း ထောက်ပံ့ပေးခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေဖြင့် ကရင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀ မှ ကျေးရွာ ၂၂ ရွာတွင် တွင်းတိမ် နှစ်တွင်း၊ တွင်းနက် ခုနစ်တွင်း၊ လက်တူးတွင်း သုံးတွင်း၊ စိမ့်စမ်း တစ်ခု၊ အခြားရေပေးရေးလုပ်ငန်း ၁၀ခု စုစုပေါင်းကျေးလက်ရေပေးရေးလုပ်ငန်း ၂၂ခုအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၁၁ ဒသမ ၈၈ သန်းအား ထောက်ပံ့ပေးခဲ့သည်။

မေ ၂၁ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုရှိ မြို့နယ် ၉၉ မြို့နယ်မှ သောက်သုံးရေ လိုအပ်သည့် ကျေးရွာ ၄၃၃ရွာသို့ ရေဖြန့်ဝေပေးခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစီအစဉ်ဖြင့် ၄၀ရာခိုင်နှုန်း၊ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များမှ ၁၆ ရာခိုင်နှုန်း၊ စေတနာရှင်၊ အလှူရှင်နှင့် လူမှုရေးအဖွဲ့အစည်းများမှ ၄၄ ရာခိုင်နှုန်း ဖြန့်ဝေပေးနိုင်ခဲ့သည်။

ယူနီဆက်နှင့် ပူးပေါင်း၍လည်း နွေရာသီရေရှားပါးကျေးရွာများ သောက်သုံးရေ ဖူလုံရေးအတွက် သောက်သုံးရေကန်များ ရေချိုဖြည့်သွင်းပေးခြင်းကို ရခိုင်ပြည်နယ်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြားနှင့် ဘူးသီးတောင်မြို့နယ်များအတွင်းရှိ ကျေးရွာ ၉၀မှ သောက်သုံးရေကန် ၁၂၂ ကန်တွင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယင်းအတွက်လိုအပ်သည့် စက်သုံးဆီ ဂါလန် ၁၄၁၂၀အား ယူနီဆက်က ပံ့ပိုးပေးခဲ့ကာ ကျေးလက်ဦးစီးဌာနက ငွေကျပ် ၈ ဒသမ ၁၈ သန်း ထည့်ဝင်သုံးစွဲခဲ့သည်။ စစ်ကိုင်း၊ မကွေး၊ ရခိုင်နှင့် ချင်းပြည်နယ်အတွင်း အယ်နီညိုဖြစ်စဉ်ကြောင့် နွေရာသီရေရှားပါးကျေးရွာများသို့ငါးဂါလန်ဆံ့ပလတ်စတစ်ရေပုံး (တစ်အိမ်ထောင်တစ်လုံးနှုန်း) ဖြင့် ၂၆၁၀၆လုံး၊ သောက်သုံးရေဖြန့်ဝေရန် စက်သုံးဆီ ဂါလန် ၅၁၆၈၀၊ မိုးရေကာဖျင် တာပေါ်လင်စ အချပ် ၅၀၀၊ လီတာ ၁၀၀၀၀ဆံ့ မိုးကာဖျင်ရေကန် ၁၀လုံး၊ လီတာ ၁၅၀၀ဆံ့ မိုးကာဖျင်ရေကန် ငါးလုံး၊ ဂါလန် ၆၆၀၀ဆံ့ ရေကန် သုံးလုံးတို့ကိုလည်း ယူနီဆက်အဖွဲ့က ပံ့ပိုးပေးခဲ့သည်။

အယ်နီညိုရာသီဥတုကြောင့် နွေရာသီ သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် အယ်နီညိုရာသီဥတုဖြစ်စဉ် မဖြစ်ပေါ်မီကတည်းက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်၍ အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး နွေရာသီရေရှားပါးကျေးရွာများ မိုးမကျမီကာလအထိ ရေရရှိရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဦးစားပေးလုပ်ငန်းများအဖြစ် ရက် ၁၀၀ စီမံချက်အတွင်း ထည့်သွင်းရေးဆွဲထားပြီးဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးခုရှိ မြို့နယ် ၁၆၁မြို့နယ်မှ ကျေးရွာ ၅၇၉ ရွာတွင် ရေပေးရေးဆိုင်ရာ ပြင်/ထိန်း လုပ်ငန်းပေါင်း ၆၉၀ အား ခန့်မှန်းကုန်ကျငွေကျပ် ၁၅၇၅ ဒသမ ၅ သန်းခန့်ဖြင့် ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်သည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်မည့် ကျေးလက် ရေရရှိရေးလုပ်ငန်းများနှင့် ခန့်မှန်းကုန်ကျငွေ လျာထားချက်ဇယား**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ကျေးရွာပေါင်း | ဆောင်ရွက်မည့်နည်းလမ်း | | | | | | | ကုန်ကျငွေ (ကျပ်သန်း) | အိမ်ခြေ | လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | တွင်းတိမ် | တွင်းနက် | လက်တူးတွင်း | ရေကန် | စိမ့်စမ်း | အခြား | ပေါင်း | | | | |
| ၁ | ကချင် | ၅၁ | ၃ | ၆ | ၁၆ | ၁ | ၂၄ | ၂၁ | ၇၁ | ၇၅၄.၀၆ | ၁၂၄၀၅ | ၆၆၆၂၉ | |
| ၂ | ကယား | ၂၈ | | | ၃ | ၁ | ၅ | ၁၀ | ၁၉ | ၄၅၃.၇၆ | ၁၅၄၀ | ၇၇၅၉ | |
| ၃ | ကရင် | ၁၂၅ | ၃၂ | ၂၄ | ၅၁ | ၃ | ၁၅ | | ၁၂၅ | ၉၄၃.၅၂ | ၁၃၀၆၇ | ၇၆၉၉၈ | |
| ၄ | ချင်း | ၃၇ | | | | | ၂၇ | ၁၀ | ၃၇ | ၇၇၂.၁၉ | ၂၁၂၉ | ၁၁၈၀၀ | |
| ၅ | စစ်ကိုင်း | ၂၁၇ | ၉ | ၁၃၅ | ၁၇ | ၃၈ | ၁၈ | | ၂၁၇ | ၂၆၂၈.၀၅ | ၃၄၈၅၄ | ၁၇၇၉၀၆ | |
| ၆ | တနင်္သာရီ | ၇၄ | ၈ | ၈ | ၂၆ | | ၂၃ | ၁၁ | ၇၆ | ၇၆၈.၀၃ | ၁၄၁၉၃ | ၇၄၆၆၅ | |
| ၇ | ပဲခူး | ၂၇၂ | ၁၁၅ | ၁၁၀ | ၁၅ | ၃၂ | | | ၂၇၂ | ၂၂၂၄.၄၆ | ၄၃၂၀၃ | ၁၉၃၂၀၂ | |
| ၈ | မကွေး | ၁၅၅ | ၁၄ | ၈၀ | ၃၁ | ၁၈ | ၆ | ၇ | ၁၅၆ | ၁၉၉၀.၀၀ | ၂၁၁၂၁ | ၁၀၁၄၄၀ | |
| ၉ | မန္တလေး | ၁၆၁ | ၂ | ၁၀၀ | ၂၀ | ၂၉ | ၁၀ | | ၁၆၁ | ၂၁၈၇.၆၂ | ၃၂၀၆၈ | ၁၅၇၆၅၉ | |
| ၁၀ | မွန် | ၈၀ | ၁၂ | ၂၀ | ၁၇ | ၈ | ၁၃ | ၂၂ | ၉၂ | ၈၆၄.၁၂ | ၂၄၃၅၁ | ၁၃၆၂၁၉ | |
| ၁၁ | ရခိုင် | ၂၅၀ | | | ၁၁၇ | ၁၂၇ | ၁၅ | | ၂၅၉ | ၁၈၆၄.၉၄ | ၃၃၄၇၀ | ၁၆၈၀၄၅ | |
| ၁၂ | ရန်ကုန် | ၉၆ | ၁၀ | ၄၈ | ၄ | ၁၂ | | ၂၉ | ၁၀၃ | ၁၁၇၉.၅၃ | ၃၁၈၈၄ | ၁၃၉၅၀၉ | |
| ၁၃ | ရှမ်း | ၁၂၈ | ၃ | ၂၂ | ၂ | ၂ | ၉၉ | | ၁၂၈ | ၂၄၁၄.၇၃ | ၉၇၇၈ | ၅၃၃၉၁ | |
| ၁၄ | ဧရာဝတီ | ၂၃၄ | | ၁၂၈ | ၆၂ | ၄၄ | | | ၂၃၄ | ၃၂၁၃.၄၈ | ၃၂၃၁၀ | ၁၃၇၂၈၈ | |
| ၁၅ | ပအိုဝ်း | ၁၇ | ၂ | | | | ၁၁ | ၄ | ၁၇ | ၄၃၈.၉၀ | ၁၅၉၀ | ၇၄၅၁ | |
| ၁၆ | ပလောင် | ၁၄ | | | | | ၁၄ | | ၁၄ | ၂၅၈.၂၀ | ၂၂၄ | ၁၅၁၆ | |
| ၁၇ | ဓနု | ၂၀ | | ၃ | | ၉ | ၇ | ၁ | ၂၀ | ၃၀၆.၇၄ | ၂၅၇၃ | ၁၂၈၁၃ | |
| ၁၈ | ကိုးကန့် | ၁၄ | | | ၂ | | ၁၂ | | ၁၄ | ၂၉၁.၄၉ | ၉၇၃ | ၅၆၁၁ | |
| ၁၉ | "ဝ" | ၂၂ | | | | | ၂၂ | | ၂၂ | ၄၄၉.၀၆ | ၄၀၃ | ၁၈၁၉ | |
| ၂၀ | နာဂ | ၂၂ | | | ၂ | | ၂၀ | | ၂၂ | ၂၄၀.၆၆ | ၁၉၆၆ | ၁၂၄၁၅ | |
| ၂၁ | နေပြည်တော်ကောင်စီ | ၃၈ | ၆ | ၂၁ | ၁ | | ၉ | ၁ | ၃၈ | ၄၆၃.၇၀ | ၈၀၁၃ | ၃၄၅၇၁ | |
| | စုစုပေါင်း | ၂၀၅၅ | ၂၁၆ | ၇၀၅ | ၃၈၆ | ၃၂၄ | ၃၅၀ | ၁၁၆ | ၂၀၉၇ | ၂၄၇၂၇.၂၄ | ၃၂၂၂၂၅ | ၁၅၇၈၈၃၆ | |

အလားတူ နွေရာသီရေရှားပါးကျေးရွာများအတွက် ရေရှည်အစီအမံအဖြစ် တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးခုရှိ ကျေးရွာ ၅၈၄ရွာတွင် တွင်းတိမ် ၂၁၆ တွင်း၊ လက်တူးတွင်း ၃၈၆တွင်း စုစုပေါင်းရေပေးရေးလုပ်ငန်း ၆၀၂ ခုအား ခန့်မှန်းကုန်ကျငွေကျပ် ၂၆၄၈ ဒသမ ၇၇သန်းသုံးစွဲ၍ မေ၊ ဇွန်၊ ဇူလိုင်လများအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# အသက်(၉၀)အရွယ်ရှိ စပိန်သာသနာပြုဘုန်းတော်ကြီး အိန္ဒိယနိုင်ငံသား ခံယူခွင့်ရ



**နယူးဒေလီ မေ ၂၃**

အိန္ဒိယနိုင်ငံသားအဖြစ်ခံယူခွင့်ရရန် နှစ်ပေါင်း ၃၈ နှစ်ကြာမျှ ကြိုးစားနေခဲ့သော အသက်(၉၀)အရွယ်ရှိ စပိန်သာသနာပြုခရစ်ယာန်ဘုန်းတော်ကြီးအား အိန္ဒိယအစိုးရက နိုင်ငံသားခံယူခွင့်ပြုလိုက်ကြောင်း မေ ၂၃ ရက်ပါ သတင်းများ အရသိရသည်။

လွန်ခဲ့သော ၆၈ နှစ်ကတည်းက အိန္ဒိယတွင်အခြေချနေထိုင်ခဲ့သော ဖာသာ ဂူစီဖရက် ဒရစ်ဆိုပီနာအား ယင်း၏နိုင်ငံသားကတ်ပြားကို တာဝန်ရှိသူများက မွန်ဘိုင်းတွင် ပေးအပ်ခဲ့သည်။

"ကျွန်တော်အိန္ဒိယနိုင်ငံကို ချစ်တယ်။ ဒီနိုင်ငံမှာပဲ ခေါင်းချမှာပါ။ ဒီနိုင်ငံဟာ ကျွန်တော်အလုပ်လုပ်တဲ့ နိုင်ငံဖြစ်ပါတယ်" ဟု ၎င်းကပြောကြားသည်။

ဆိုပီနာသည် ၁၉၄၇ ခုနှစ် အိန္ဒိယနိုင်ငံကို ဗြိတိသျှတို့ လွတ်လပ်ရေးပေးခဲ့သည့်မှစတင်ပြီး အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေခဲ့သည်။ ၎င်းသည် ထိုအချိန်က အသက်(၂၂)နှစ် သာရှိသေးသည်။ ၎င်းသည် ၁၉၇၈ နှင့် ၁၉၈၈တို့တွင် အိန္ဒိယနိုင်ငံသားအဖြစ်ခံယူခွင့်ရရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

**အင်န်အိတ်ချ်ကေ။**

# ကရာချိမြို့တွင် ပိုလီယိုကာကွယ်ဆေးထိုးအဖွဲ့အား အစောင့်လိုက်ပါသည့် ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်ခုနစ်ဦး ပစ်ခတ်ခံရ၍သေဆုံး




**အစ္စလာမ္မာဘတ် မေ ၂၃**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ပိုလီယိုကာကွယ်ဆေးထိုးနှံသည့် အလုပ်သမားများအဖွဲ့အား အစောင့်အရှောက်အဖြစ်လိုက်ပါသည့် ရဲတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်မှု နှစ်ရပ် မေ ၂၀ ရက်နံနက်ပိုင်းက ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးစောင့်ရှောက်ပေးသည့် ပိုလီယိုကာကွယ်ဆေးထိုးအဖွဲ့အား မော်တော်ဆိုင်ကယ်လေးစီးတွင် စီးနင်းလိုက်ပါလာသည့် တိုက်ခိုက်ရေးသမားရှစ်ဦးက ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ကရာချိမြို့အနောက်ပိုင်း ဒုတိယရဲမင်းကြီးက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ လူဦးရေထူထပ်သော ကရာချိမြို့ ဒစ္စကိုမောဒေသတွင် ခြေကျင်သွားလာနေသည့် ပိုလီယိုကာကွယ်ဆေးထိုးအဖွဲ့အား အစောင့်လိုက်ပါလာသော ရဲတပ်ဖွဲ့ဝင်သုံးဦးမှာ ပထမဆုံးဖြစ်ပွားသော တိုက်ခိုက်မှုတွင် သေဆုံးသွားကြောင်း၊ ယင်းနောက်တွင် ဆုံလည်သေနတ်ကို ကိုင်ထားသော တိုက်ခိုက်ရေးသမားများက ဘင်ဂလာဘဇားအနီးတွင် ရပ်နားထားသော ရဲအစောင့်လိုက်ကားအတွင်း ထိုင်လျက်နားနေသော ရဲတပ်ဖွဲ့ဝင်များအနီးသို့ ဆိုင်ကယ်များကို မောင်းနှင်ကာ ပစ်ခတ်ခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ သေဆုံးသွားသည့် ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးစလုံးမှာ ပိုလီယိုကာကွယ်ဆေးထိုးအဖွဲ့များအား အစောင့်လိုက်ပါ တာဝန်ထမ်းဆောင်နေသူများဖြစ်ကြသည်။

**ကျိုဒိုနယူးစ်။**

# ကမ္ဘာ့အစားအစာလုံလောက်မှုရှိစေရေး ဂျီ-၇ လယ်/စိုက်ဝန်ကြီးများဆွေးနွေး

**ကျိုတို မေ ၂၃**

ဂျီ-၇ နိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးဝန်ကြီးများက ကမ္ဘာတစ်ဝန်း အစားအစာ လုံလောက်မှုရှိစေရန်နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရေရှည်တည်မြဲနိုင်ရေး နည်းလမ်းကောင်းများကို ဂျပန်နိုင်ငံ နီဂါတာမြို့တွင် ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းအဖြေရှာခဲ့ကြကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဂျပန်လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဟီရိုရှိ မိုရီရာမာက နှစ်ရက်ကြာ အစည်းအဝေးကို ဦးဆောင်ကျင်းပခဲ့သည်။

အစည်းအဝေးတက်ရောက်လာသူ လယ်/စိုက်ဝန်ကြီးများက စိုက်ပျိုးရေးကဏ္ဍ ရေရှည်ရပ်တည်နိုင်ရေးအတွက် စိုက်ပျိုးရေးလောကသို့ပါဝင်လာသူ အရေအတွက် အလွန်ပင်နည်းပါးလာမှုအပါအဝင် စိုက်ပျိုးထုတ်လုပ်သူများ အသက်အရွယ် ကြီးရင့်လာမှုများစသည့် သက်ဆိုင်ရာနိုင်ငံအလိုက် ရင်ဆိုင်ကြုံတွေ့ရသည့်အခက်အခဲများကို ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

ထို့ပြင် ကမ္ဘာ့လူဦးရေတိုးပွားလာမှုနှင့် ကမ္ဘာ့နိုင်ငံများက စီးပွားရေးအရ အစားအစာ ရွေးချယ်စိုက်ပျိုးထုတ်လုပ်မှုတို့ကြောင့် အနာဂတ်အစားအစာ လုံလောက်မှုမရှိမည်ကို ပူပန်သည့်အတွက် ယင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကိုလည်း ဝန်ကြီးများက ဆွေးနွေးခဲ့ကြသည်။ ငါးမွေးမြူရေးလုပ်ငန်းများကို ထိန်းချုပ်နိုင်မည့်နည်းလမ်းများနှင့် တရားမဝင် ငါးဖမ်းမှုများကို ကာကွယ်နိုင်သည့်နည်းလမ်းများကို ဆွေးနွေးကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**






# အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် မြေပြိုမှုများဖြစ်ပွား လူ ၁၈ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ မေ ၂၃**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာယူနာချယ်ပရာဒက်ချ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားကာ လူ ၁၈ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဒေသတွင်းရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

မြေပြိုမှုများသည် မေ ၂၀ ရက်တွင် ယင်းပြည်နယ်ရှိ တာဝမ်ခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြေပြိုမှုကြောင့် သေဆုံးသည့် လူ ၁၅ ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး အခြားလူနှစ်ဦး သို့မဟုတ် သုံးဦးခန့်မှာ အပျက်အစီးများအောက်တွင် ပိတ်မိနေဆဲဖြစ်ကြောင်း ယင်းခရိုင်မှ တာဝန်ရှိသူများက ပြောကြားသည်။

ကယ်ဆယ်ရေးသမားများသည် မြေပြိုမှုကြောင့် ဖြစ်ပွားသော အဆောက်အအုံအပျက်အစီးများကို ဖယ်ရှားကာ ရုပ်အလောင်းများအား ရှာဖွေနေဆဲဖြစ်သော်လည်း အဆက်မပြတ်မိုးသည်းထန်စွာ ရွာသွန်းနေခြင်းကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းမှာ နှောင့်နှေးနေရကြောင်း သတင်းတွင်ဖော်ပြသည်။

**ကျိုဒိုနယူးစ်။**

ကြေးမုံ





# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်






အမေရိကန်သမ္မတရွေးကောက်ပွဲတွေမှာ အပိုင်းနှစ်ပိုင်း ပါဝင်တယ်လို့ပြောနိုင်ပါတယ်။ ပထမပိုင်းက အမေရိကန်နိုင်ငံရဲ့ အဓိကနိုင်ငံရေးပါတီကြီးနှစ်ခုဖြစ်တဲ့ ရီပတ်ဘလီကန်ပါတီနဲ့ ဒီမိုကရက်တစ်ပါတီတို့ရဲ့ သမ္မတလောင်းရွေးချယ်တင်မြှောက်တဲ့အပိုင်းပါ။ တစ်သီးပုဂ္ဂလသမ္မတလောင်းတွေ ဝင်ရောက်ယှဉ်ပြိုင်တာရှိပေမယ့် ရွေးချယ်တင်မြှောက်ခံရတဲ့ထုံးစံမရှိပါဘူး။ ဒုတိယပိုင်းက ဒီမိုကရက်တစ်ပါတီရဲ့ သမ္မတလောင်းနဲ့ ရီပတ်ဘလီကန်ပါတီရဲ့ သမ္မတလောင်းတို့ အမေရိကန်နိုင်ငံရဲ့ သမ္မတသစ်အဖြစ် အရွေးချယ်ခံရအောင် သူနိုင်ကိုယ်နိုင်ယှဉ်ပြိုင်ကြတာပါ။ ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲရဲ့ လက်ရှိအခြေအနေကိုပြောရရင် ပထမပိုင်းမှာပဲရှိပါသေးတယ်။ ဧပြီ ၁၉ ရက်က နယူးယောက်ပြည်နယ်မှာ ပါတီကြီးနှစ်ခုစလုံးရဲ့ ပါတီတွင်းရွေးကောက်ပွဲတွေကို ကျင်းပခဲ့ပါတယ်။ နယူးယောက်ပြည်နယ် ဒီမိုကရက်တစ်ပါတီတွင်း ရွေးကောက်ပွဲမှာ ဟီလာရီကလင်တန်က အနိုင်ရရှိခဲ့ပြီး နယူးယောက်ပြည်နယ် ရီပတ်ဘလီကန်ပါတီတွင်း ရွေးကောက်ပွဲမှာ ဒေါ်နယ်ထရန့်က အနိုင်ရရှိခဲ့ပါတယ်။ ပါတီတွင်းရွေးကောက်ပွဲတွေရဲ့ သဘောက ဇူလိုင်လမှာ ကျင်းပမယ့် သက်ဆိုင်ရာပါတီရဲ့ နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံမှာ ပါတီကိုယ်စားပြု သမ္မတလောင်းရွေးချယ်ပေးမယ့် ပါတီကိုယ်စားလှယ်တွေကို ရွေးချယ်တင်မြှောက်ပေးရတာပါ။ အမေရိကန်နိုင်ငံရဲ့ ပြည်နယ် ၅၀ စလုံးမှာ ဒီလို ပါတီတွင်းရွေးကောက်ပွဲတွေ ကျင်းပရပါတယ်။

ဧပြီ ၁၉ ရက် နယူးယောက်ပြည်နယ်ပါတီတွင်း ရွေးကောက်ပွဲအပြီးအခြေအနေကို ကြည့်လိုက်ရင် ဒီမိုကရက်တစ်ပါတီမှာ ဟီလာရီကလင်တန်က ပါတီကိုယ်စားလှယ် ၁၈၉၃ ဦးရထားပြီး ဘာနီဆန်ဒါးစ် ကတော့ ပါတီကိုယ်စားလှယ် ၁၁၈၀ ရထားပါတယ်။ ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းဖြစ်ဖို့ ပါတီကိုယ်စားလှယ် ၂၃၈၃ ဦးရဲ့ ထောက်ခံမှုလိုအပ်ပါတယ်။ ရီပတ်ဘလီကန်ပါတီမှာတော့ ဒေါ်နယ်ထရန့်က ပါတီကိုယ်စားလှယ် ၈၄၅ ဦးရဲ့ ထောက်ခံမှုရရှိထားပြီး တက်ဒ်ခရုဇ်ကတော့ ပါတီကိုယ်စား လှယ် ၅၅၉ ဦးရဲ့ ထောက်ခံမှုရထားပါတယ်။ ရီပတ်ဘလီကန်ပါတီကိုယ်စားပြု သမ္မတလောင်းဖြစ်ဖို့ ပါတီကိုယ်စားလှယ် ၁၂၃၇ ဦးရဲ့ ထောက်ခံမှုလိုအပ်ပါတယ်။ ပြောရရင် နယူးယောက်ပြည်နယ် ပါတီတွင်းရွေးကောက်ပွဲတွေအပြီးမှာ ရှေ့တန်းကပြေးနေတဲ့ ဟီလာရီကလင်တန်နဲ့ ဒေါ်နယ်ထရန့်တို့ဟာ သူတို့ရဲ့ အသာစီးနဲ့ ဦးဆောင်နေတဲ့ အနေအထားကို ပိုခိုင်မာအောင်စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲရဲ့ ငပွကြီးလို့ပြောရမယ့် ဒေါ်နယ်ထရန့်အကြောင်းကို သတင်းမီဒီယာတွေမှာ ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုရေးသားနေကြတော့ ဒီတစ်ပတ်မှာတော့ ရီပတ်ဘလီကန်ပါတီတွင်း အနေအထားအကြောင်း အကျယ်တဝင့်မပြောတော့ပါဘူး။ ဒီမိုကရက်တစ်ပါတီအကြောင်းပဲတင်ပြပါမယ်။ ဘာလို့လဲဆိုတော့ ဒီမိုကရက်တစ်ပါတီမှာ ရှေ့ဆုံးကပြေးနေတဲ့ ဟီလာရီကလင်တန်ကို အကြိတ်အနယ်ယှဉ်ပြိုင်နေတဲ့ ဘာနီဆန်ဒါးစ်ဟာ အမေရိကန်လိုနိုင်ငံမျိုးမှာ "ဒီမိုကရက်တစ်ဆိုရှယ်လစ်"လို့ ကြွေးကြော်ပြီး အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နေလို့ပါ။

ပြောရရင် ဟီလာရီကလင်တန်ဟာ ဘာနီဆန်ဒါးစ်ထက် ခြောက်နှစ်ငယ်ပေမယ့် နိုင်ငံရေးနယ်ပယ်မှာတော့ ဟီလာရီကလင်တန်က ပိုပြီးသဘာရင့်ပါတယ်။ ဟီလာရီကလင်တန်ဟာ ပြည်နယ်အုပ်ချုပ်ရေးမှူးကတော် (၁၉၈၃-၉၂) အဖြစ် ဆောင်ရွက်ခဲ့သလို သမ္မတကတော် (၁၉၉၃-၂၀၀၁) အဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးပါတယ်။ အထက်လွှတ်တော်အမတ် (၂၀၀၁-၂၀၀၉)အဖြစ်ဆောင်ရွက်ခဲ့သလို နိုင်ငံခြားရေးဝန်ကြီး (၂၀၀၉-၂၀၁၃)အဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးပါတယ်။ ဘာနီဆန်ဒါးစ်က ဘာလင်တန်မြို့တော်ဝန် (၁၉၈၁-၈၉)အဖြစ် ဆောင်ရွက်ခဲ့ပြီး ဗားမောက်ပြည်နယ်ရဲ့ အောက်လွှတ်တော်အမတ် (၁၉၉၁-၂၀၀၇)အဖြစ် ဆောင်ရွက်ခဲ့သလို အထက်လွှတ်တော်အမတ် (၂၀၀၇-ယနေ့ထိ) အဖြစ်လည်းဆောင်ရွက်ခဲ့ပါတယ်။ တိတိကျကျပြောရရင် ဟီလာရီကလင်တန်ဟာ အမေရိကန်နိုင်ငံရေးစနစ်ရဲ့ ကိုယ်စားပြုသင်္ကေတပုဂ္ဂိုလ်ဖြစ်ပြီး ဘာနီဆန်ဒါးစ်ကတော့ လက်ရှိအမေရိကန်နိုင်ငံရေးစနစ်ကို အားမလိုအားမရဖြစ်ပြီး ဆန့်ကျင်ပြုပြင်လိုတဲ့ပုဂ္ဂိုလ်ပါ။ ဟီလာရီကလင်တန်နဲ့ ဘာနီဆန်ဒါးစ်တို့ ရရှိထားတဲ့ ပါတီကိုယ်စားလှယ်တွေရဲ့ ထောက်ခံမှုကို အသေးစိတ်ကြည့်လိုက်တဲ့အခါ ဒီအချက်က ပိုပေါ်လွင်လာပါတယ်။ ဟီလာရီကလင်တန်ကို ထောက်ခံထားတဲ့ ပါတီကိုယ်စားလှယ် ၁၈၉၃ ဦးထဲမှာ ၁၄၂၄ ဦးက ပြည်နယ်အလိုက် အောက်ခြေပါတီဝင်ထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပါတီကိုယ်စားလှယ်တွေပါ။ ဒီပါတီကိုယ်စားလှယ်တွေဟာ နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံမှာ သူတို့ပြည်နယ်က ရွေးချယ်ထားတဲ့ သမ္မတလောင်းကိုပဲ ဆန္ဒမဲပေးရပါတယ်။ သူတို့စိတ်ကြိုက် ဆန္ဒမဲပေးပိုင်ခွင့်မရှိပါဘူး။ ဟီလာရီကလင်တန်ကို ထောက်ခံတဲ့ကျန်ပါတီကိုယ်စားလှယ် ၄၆၉ ဦးကတော့ ပါတီခေါင်းဆောင်ပိုင်းကို ကိုယ်စားပြုတဲ့ ဝါရင့်ပါတီကိုယ်စားလှယ်တွေပါ။ ဝါရင့်ပါတီကိုယ်စားလှယ်တွေကတော့ နိုင်ငံလုံးဆိုင်ရာပါတီညီလာခံမှာ ပါတီကိုယ်စားပြုသမ္မတလောင်းကို သူတို့စိတ်ကြိုက် ဆန္ဒမဲပေးခွင့်ရှိပါတယ်။ ဝါရင့်ပါတီကိုယ်စားလှယ်အဖြစ် လွှတ်တော်အမတ်တွေ၊ အုပ်ချုပ်ရေးမှူးတွေ၊ ပါတီရဲ့ နိုင်ငံလုံးဆိုင်ရာ ကော်မတီအဖွဲ့ဝင်တွေနဲ့ အခြား ပါတီခေါင်းဆောင်တွေ ပါဝင်ပါတယ်။ ဘာနီဆန်ဒါးစ်ကို ထောက်ခံမှုပေးထားတဲ့ ဝါရင့်ပါတီကိုယ်စားလှယ်က ၃၁ ဦးပဲရှိပါတယ်။ ဟီလာရီကလင်တန်ကို ထောက်ခံမှုပေးထားတဲ့ ဝါရင့်ပါတီကိုယ်စားလှယ် ၄၆၉ ဦးနဲ့ယှဉ်ကြည့်လိုက်ရင် ဒီမိုကရက်တစ်ပါတီရဲ့ ဦးဆောင်မှုအပိုင်းဟာ ဟီလာရီကလင်တန်ကို ထောက်ခံမှုပေးတယ်ဆိုတာက ရှင်းရှင်းကြီး ပေါ်လွင်နေပါတယ်။

ဘာနီဆန်ဒါးစ်ရဲ့ဘဝဖြတ်သန်းမှုကို ကြည့်ရင်သာမန်ပြည်သူတစ်ဦးအနေနဲ့ ဖြတ်သန်းခဲ့တာပါ။ ဘာနီဆန်ဒါးစ်ရဲ့ မိခင်ဟာ အမေရိကန်ပြည်ဖွား ဂျူးလူမျိုးဖြစ်ပြီး ဖခင်ကတော့ ပိုလန်နိုင်ငံကနေ အမေရိကန်နိုင်ငံကို ရွှေ့ပြောင်းအခြေချလာတဲ့ ဂျူးလူမျိုးပါ။ ချီကာဂိုတက္ကသိုလ်မှာ ပညာသင်ကြားနေစဉ်မှာ ဘာနီဆန်ဒါးစ်ဟာ လူငယ်ဆိုရှယ်လစ်အဖွဲ့ချုပ်မှာ ဝင်ရောက်လှုပ်ရှားခဲ့သလို လူမျိုးရေးတန်းတူရည်တူကွန်ဂရက်မှာလည်း ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ချီကာဂိုသမိုင်းရဲ့ ပထမဆုံး ပြည်သူ့အခွင့်အရေးထိုင်သပိတ်မှာ ဘာနီဆန်ဒါးစ်ပါဝင်ခဲ့ပါတယ်။ အသားရောင်ခွဲခြားရေးမူဝါဒကြောင့် ချီကာဂိုတက္ကသိုလ်ဥက္ကဋ္ဌရုံးရှေ့ ပိတ်ဆို့ထိုင်ပြီး ဆန္ဒပြခဲ့ကြတာပါ။ ဘာလင်တန်မြို့တော်ဝန်ဘဝမှာလည်း ဘာနီဆန်ဒါးစ်ဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက မြို့ရဲ့ကျက်သရေဆောင် ရေကန်ဝန်းကျင်ကို အဆင့်မြင့်စီးပွားရေးဇုန်တစ်ခုဖြစ်အောင် ကြိုးပမ်းတာကို ရပ်တန့်ပြီး သာမန် ပြည်သူလူထုအတွက် ပန်းခြံဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ပြောရရင် ဘာနီဆန်ဒါးစ်ရဲ့ဘဝဖြတ်သန်းမှုကိုကြည့်တဲ့အခါ တော်လှန်ရေးအသွင်ဆောင်တဲ့ လက္ခဏာတွေကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီမိုကရက်တစ်ပါတီကို လိုလားထောက်ခံတဲ့လူငယ်ထုထဲမှာ ဟီလာရီကလင်တန်ထက် ဘာနီဆန်ဒါးစ်ကို ထောက်ခံတဲ့ လူငယ်ထုက ပိုများပါတယ်။ ရွေးကောက်ပွဲမဲဆွယ်စရိတ်စုစည်းကောက်ခံပုံကို ကြည့်လိုက်ရင်လည်း ဟီလာရီကလင်တန်နဲ့ ဘာနီဆန်ဒါးစ်တို့ကြား ကောက်ခံတဲ့လူတန်းစားမတူညီတာကိုတွေ့ရမှာပါ။ ကောက်ခံရရှိတဲ့ ရွေးကောက်ပွဲ မဲဆွယ်စရိတ်ရန်ပုံငွေပမာဏကိုကြည့်ရင် ဟီလာရီကလင်တန်နဲ့ ဘာနီဆန်ဒါးစ်တို့ သိပ်မကွာလှပါဘူး။ ဟီလာရီကလင်တန်က ဒေါ်လာ ၁၅၉ သန်းကျော်ရှိပြီး ဘာနီဆန်ဒါးစ်က ဒေါ်လာ ၁၃၉ သန်းကျော်ရှိပါတယ်။ ဒါပေမယ့် ဘာနီဆန်ဒါးစ်ကောက်ခံရရှိတဲ့ မဲဆွယ်စရိတ်လှူဒါန်းငွေရဲ့ လေးပုံသုံးပုံဟာ ဒေါ်လာ ၂၀၀ အောက်လှူဒါန်းတဲ့ တစ်ဦးချင်း အမေရိကန်ပြည်သူတွေရဲ့ လှူဒါန်းငွေပါ။ ဟီလာရီကလင်တန်ကောက်ခံရရှိခဲ့တဲ့ မဲဆွယ်စရိတ်လှူဒါန်းငွေတွေထဲမှာ ဒေါ်လာ ၂၀၀ အောက်လှူဒါန်းတဲ့ တစ်ဦးချင်းအမေရိကန်ပြည်သူတွေရဲ့ လှူဒါန်းငွေဟာ ၁၇ ရာခိုင်နှုန်းပဲရှိပါတယ်။

ဟီလာရီကလင်တန်နဲ့ ဘာနီဆန်ဒါးစ်တို့အကြား မတူညီတဲ့ မူဝါဒတချို့ကိုကြည့်ရအောင်ပါ။ ဟီလာရီကလင်တန်က အနိမ့်ဆုံးလုပ်ခလစာကို တစ်နာရီ ၁၂ ဒေါ်လာအထိ တိုးပေးလိုပေမယ့် ဘာနီဆန်ဒါးစ်ကတော့ ၁၅ ဒေါ်လာအထိ တိုးပေးလိုပါတယ်။ ပြည်သူ့ကျန်းမာရေးစနစ်နဲ့ပတ်သက်ရင် ဟီလာရီကလင်တန်က သမ္မတအိုဘားမား အကောင်အထည်ဖော်ထားတဲ့ လက်ရှိစနစ်ကိုပဲ အခြေခံပြီး ပြုပြင်ဆောင်ရွက်လိုပါတယ်။ ဘာနီဆန်ဒါးစ်ကတော့ ကနေဒါပုံစံစနစ်သစ်ကို လုံးဝအစားထိုးကျင့်သုံးလိုပါတယ်။ နိုင်ငံပိုင်ကောလိပ်တွေမှာ လူငယ်တွေပိုပြီး တက်ရောက်သင်ကြားနိုင်ဖို့ ဟီလာရီကလင်တန်က ပြည်နယ်အစိုးရတွေကို ဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံ ထောက်ပံ့ပေးလိုပါတယ်။ ဘာနီဆန်ဒါးစ်ကတော့ စတော့ရှယ်ယာအရောင်းအဝယ်လုပ်ငန်းတွေပေါ်ကနေ အခွန်ကောက်ပြီး နိုင်ငံပိုင်ကောလိပ်တွေမှာ အခမဲ့ကျူရှင်စနစ်ကို ကျင့်သုံးလိုပါတယ်။ နိုင်ငံခြားရေးမူဝါဒမှာ ဟီလာရီကလင်တန်က အိုင်အက်စ် (ISIS) တွေကို နှိမ်နင်းဖို့ အမေရိကန်နိုင်ငံအနေနဲ့ တက်တက်ကြွကြွပါဝင်ဆောင်ရွက်တာကို လိုလားပါတယ်။ ဘာနီဆန်ဒါးစ်ကတော့ ဒီတာဝန်ဟာဒေသတွင်းနိုင်ငံတွေရဲ့ တာဝန်လို့ယူဆပြီး သံတမန်ရေးအရ ဆောင်ရွက်တာကို ပိုလိုလားပါတယ်။ ဆီးရီးယားနိုင်ငံ ပြည်တွင်းစစ်ကိစ္စမှာလည်း ဟီလာရီကလင်တန်က သမ္မတအာဆတ်အပေါ် ဆန့်ကျင်တိုက်ခိုက်နေတဲ့ အလယ်အလတ်ဝါဒီ သူပုန်တိုက်ပွဲတွေကို စစ်ရေးအရ လေ့ကျင့်သင်တန်းပေးလိုပါတယ်။ ဘာနီဆန်ဒါးစ်ကတော့ ဒီလိုလေ့ကျင့်သင်တန်းပေးတာကို လက်မခံပါဘူး။ အာဖဂန်နစ္စတန်နိုင်ငံ ပြဿနာမှာလည်း ဟီလာရီကလင်တန်က လိုအပ်ခဲ့ရင် အမေရိကန်တပ်ဖွဲ့တွေကို ဆက်ထားလိုပေမယ့် ဘာနီဆန်ဒါးစ်ကတော့ အမေရိကန်တပ်ဖွဲ့တွေလုံးဝရုပ်သိမ်းတာကိုလိုလားပါတယ်။ အတိုချုပ်ပြောရရင်တော့ ဘာနီဆန်ဒါးစ်က ဟီလာရီကလင်တန်ဟာ စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ ဩဇာလွှမ်းမိုးခံနေရပြီး ပြည်သူလူထုအကျိုးကို ထိထိရောက်ရောက် မစွမ်းဆောင်နိုင်တဲ့ လက်ရှိနိုင်ငံရေးစနစ်ကို ကိုယ်စားပြုနေတယ်ဆိုပြီး ဝေဖန်တိုက်ခိုက်ပါတယ်။ ဟီလာရီကလင်တန်ကတော့ ဘာနီဆန်ဒါးစ်ဟာ ပြည်သူလူထုကို မဖြစ်နိုင်တဲ့ မျှော်လင့်ချက်တွေပေးနေတဲ့ စိတ်ကူးယဉ်တော်လှန်ရေးသမားလို့ ထိုးနှက်ပါတယ်။ ဘယ်လိုပဲ အပြန်အလှန်ထိုးနှက်မှုတွေလုပ်နေလုပ်နေ အပြီးသတ်ဆုံးဖြတ်ပေးမှာက ဇူလိုင်လမှာ ကျင်းပမယ့် နိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ်ပါတီညီလာခံပါ။ ဒီနိုင်ငံလုံးဆိုင်ရာ ညီလာခံမတိုင်ခင် ပါတီတွင်းရွေးကောက်ပွဲတွေကို ကိုးကြိမ်ပြုလုပ်ဖို့ ကျန်နေသေးပါတယ်။ အခြေအနေအားလုံးခြုံပြောရရင်တော့ ဟီလာရီကလင်တန်ပဲ ဒီမိုကရက်တစ်ပါတီရဲ့ သမ္မတလောင်းဖြစ်ဖို့များပါတယ်။ ဘာပဲဖြစ်ဖြစ် တိကျတဲ့အဖြေကို မဝေးလှတဲ့ ကာလအတွင်းမှာပဲ သိရတော့မှာပါ။ ။

## စစ်သွေးကြွများသိမ်းပိုက်ထားသည့် မြို့နှစ်မြို့ကို ဆီးရီးယားအစိုးရ ဗုံးကြဲတိုက်ခိုက်

**ဒမတ်စကတ် မေ ၂၃**

စစ်သွေးကြွများသိမ်းပိုက်ထားသည့် အလက်ပိုမြို့နှင့် ဒမတ်စကတ်မြို့အနီး ဒူးမားမြို့များအား ဆီးရီးယားတိုက်ခိုက်ရေးလေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ အနည်းဆုံး ၂၃ ဦးသေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဆိုသည်။

ဆီးရီးယားအစိုးရနှင့် စစ်သွေးကြွအဖွဲ့များအကြား ဂျီနီဗာငြိမ်းချမ်းရေး သဘောတူညီမှုကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် ဖျန်ဖြေပေးရေးအဖွဲ့များက ကြိုးစားညှိနှိုင်းပေးသော်လည်း အတားအဆီးအပိတ်အဆို့များစွာရှိနေသေးကြောင်းနှင့် ငြိမ်းချမ်းရေးသဘောတူညီမှု ပျက်ပြားခြင်းအတွက် တစ်ဖက်နှင့်တစ်ဖက် ပြစ်တင်ဝေဖန်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဂျီနီဗာငြိမ်းချမ်းရေးသဘောတူညီမှုစာချုပ်သည် လူပေါင်း ၂၅၀၀၀၀ အသက်ဆုံးရှုံးခဲ့ရုံမျှမက ကမ္ဘာ့အဆိုးရွားဆုံးသော စစ်ဘေးဒုက္ခသည်များကို ဖန်တီးပေးခဲ့သည့်အပြင် အိုင်အက်စ်စစ်သွေးကြွများ အင်အားကြီးထွားလာစေသည့် အဆိုပါငါးနှစ်ကြာစစ်ပွဲကို အဆုံးသတ်ရန်ရည်ရွယ်သည်။

ဧပြီ ၂၂ ရက်က ဆီးရီးယားတိုက်ခိုက်ရေးလေယာဉ်က ဒမတ်စကတ်မြို့ အရှေ့တောင်ဘက်ရှိ စစ်သွေးကြွများအား လေကြောင်းတိုက်ခိုက်ရေး ဆင်နွှဲခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွများ သေဆုံးခဲ့သော်လည်း စစ်သွေးကြွများက လေယာဉ်ကို မြေပြင်မှပစ်ချခဲ့ပြီး လေယာဉ်မှူးကို ဖမ်းဆီးထားကြောင်း သိရသည်။

ဧပြီ ၂၃ ရက်ထုတ်ပြန်ချက်အရ ရုရှားမောင်းသူမဲ့လေယာဉ်အပါအဝင် ယခုပစ်ချခြင်းခံရသည့်လေယာဉ်သည် နှစ်ပတ်အတွင်း စစ်သွေးကြွများပစ်ချသော လေယာဉ်များအနက် သုံးစင်းမြောက်ဖြစ်ကြောင်း သိရသည်။

စစ်သွေးကြွများဘက်မှ ငြိမ်းချမ်းရေးဆွေးနွေးမှုကို လိုလားခြင်းမရှိသော်လည်း ကုလသမဂ္ဂဆီးရီးယားအထူးသံတမန်က ငြိမ်းချမ်းရေးဆွေးနွေးမှုကို လာမည့်ရက်သတ္တပတ်အထိ ဆွေးနွေးသွားရန်ဆန္ဒရှိကြောင်း ၎င်းက ဆိုသည်။

**ရိုက်တာ။**

# ကလေးအလုပ်သမားတစ်သန်းခွဲကျော်ရှိသည့်တိုင်းပြည် ရယ်မှာလား၊ ငိုမှာလား

မောင်လွင်ပြင်

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဦးရေ အမှန်ပေါ် ထွက်လာခဲ့ပြီ။ ယခင်ကတော့ ကလေးအလုပ်သမား ဦးရေကို ခန့်မှန်း၍သာ ပြောခဲ့ကြရသည်။ လေးငါးခြောက် သိန်းတစ်သန်းစသည်ဖြင့်ရှိလိမ့်မည်ဟု ခန့်မှန်းခဲ့ကြသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ပြည်ထောင်စု အလုပ်အကိုင်နှင့် လုပ်ငန်းသန်းခေါင်စာရင်း အစီရင်ခံစာ(အတွဲ ၂-ခ)ကို မတ် ၂၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကြေညာ ချက်အရ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား (သန်းခေါင်စာရင်း အစီရင်ခံစာတွင် အလုပ်လုပ်နေရ သော ကလေးငယ်ဟုသုံးသည်။) စုစုပေါင်းတစ်သန်းငါး သိန်းလေးသောင်းကျော်ရှိကြောင်း သိရသည်။ နည်းနည်း နောနော မဟုတ်ချေ။ ထိုမျှများပြားနေမှန်း ယခုမှသိရ၍ အံ့သြမိ၏။

မြန်မာနိုင်ငံအစိုးရအဆက်ဆက်တို့သည် ကလေး အလုပ်သမားအရေးအတွက်ကို မဆိုထားနှင့် ကလေးအလုပ် သမားရှိနေပါသည်ကို တစ်ခါမျှဝန်ခံပြောကြားခြင်း မရှိခဲ့။ ယခုတော့ ၂၀၁၄ သန်းခေါင်စာရင်းအရ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ထုတ်ဖော်ပြောကြား ခဲ့ပေပြီ။ ယင်းသည်တိုင်းပြည်အတွက် ကောင်းသော လက္ခဏာဖြစ်သည်။ အရှိကို အရှိအတိုင်း တိုင်းပြည်ကိုချ ပြသွားနိုင်ခဲ့ခြင်းသည် ပွင့်လင်းမြင်သာသော သဘောကို ဆောင်၏။ ပွင့်လင်းမြင်သာရှိမှသာ မိမိတို့တိုင်းပြည်၏ အနေအထားကို သုံးသပ်နိုင်မည်။ ရှေ့ဘာဆက်လုပ် ရမည်ကို ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးအကြံဉာဏ်ရယူနိုင် ပါမည်။ သန်းခေါင်စာရင်းကောက်ရာတွင် လုပ်သား အင်အားစာရင်းကို နိုင်ငံတကာစံနှုန်းအရ အသက် (၁၅) နှစ်မှ စတင်ကောက်ယူသည်။ မြန်မာနိုင်ငံမှာတော့ အလုပ်စတင်လုပ်နိုင်သည့် အသက်အရွယ်ကို တရားဝင် ၁၈ နှစ်ဟု သတ်မှတ်သည်။ ယခု ကလေးအလုပ်သမား စာရင်းပြုစုရာတွင် အသက် ၁၀ နှစ်မှ ၁၇ နှစ်အတွင်း ကျောင်းနေရမည့်အရွယ်တွင် ကျောင်းမနေရဘဲ အလုပ် လုပ်ကိုင်နေကြရသည့် ကလေးများကို စာရင်းကောက်ယူ ထားခြင်းဖြစ်သည်ဟု ယင်းဦးစီးဌာနက ထုတ်ပြန်ပြော ကြားထားသည်။

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား တစ်သန်း ငါးသိန်းလေးသောင်းကျော်ရှိရာတွင် ယောကျ်ားလေး ဦးရေ ရှစ်သိန်းလေးသောင်းကျော်ရှိပြီး မိန်းကလေးဦးရေ ခုနစ်သိန်းကျော်ရှိနေသည်။ ယင်းအရေအတွက်တွင် အများစုသော ယောကျ်ားလေး၊ မိန်းကလေးတို့သည် လုပ်ခလစာဖြင့် လုပ်ကိုင်နေကြရပြီး ကျန်သည့်ငါးရာခိုင် နှုန်းလောက်သာ လုပ်ခလစာမရဘဲ မိသားစုအလုပ်တွင် ဝိုင်းကူလုပ်ပေးနေရသူများဖြစ်သည်။ လုပ်ကိုင်နေရသည့် အလုပ်ကဏ္ဍအလိုက် လေ့လာကြည့်မည်ဆိုပါက လယ်ယာကဏ္ဍတွင် ကလေးအလုပ်သမားပေါင်းရှစ်သိန်း ကျော် ဝင်ရောက်လုပ်ကိုင်နေကြသည်။ အသေးစား အလတ်စား ကုန်ထုတ်လုပ်ငန်းများတွင် တစ်သိန်းသုံး သောင်းခြောက်ထောင်ကျော်၊ အရောင်းအဝယ်ကဏ္ဍတွင် ရှစ်သောင်းကျော်၊ ဆောက်လုပ်ရေးကဏ္ဍတွင် ခုနစ် သောင်း လေးထောင်ကျော်၊ အခြားဝန်ဆောင်မှုလုပ်ငန်း များကဏ္ဍတွင် ခြောက်သောင်းကျော် လုပ်ကိုင်နေကြရ ကြောင်း အစီအရင်ခံစာတွင် ဖော်ပြထားသည်။ ဤသည် ကိုကြည့်လျှင် ကျေးလက်တောရွာတွင် ကလေးအလုပ် သမားများ အများအပြားရှိနေသည်ဟု မြင်သာပါသည်။

ကလေးအလုပ်သမားပြဿနာသည် ဆင်းရဲနွမ်းပါးမှု ပြဿနာနှင့် ဆက်စပ်နေသည်။ ယင်းကို အထွေအထူးရှင်း ပြစရာမလိုဟုမြင်၏။ တိုင်းပြည်ဆင်းရဲမှတော့ ပြည်သူ လူထုဆင်းရဲမည်ပင်။ ပြည်သူလူထုမိသားစုများ ဆင်းဆင်း ရဲရဲ ကြောင့်ကြောင့်ကြကြဖြစ်နေကြလျှင် မိသားစုဝင် အားလုံး ကလေးလူကြီးမကျန် အလုပ်ထွက်လုပ်ရပေတော့ မည်။ အလုပ်လုပ်မှ ထမင်းနပ်မှန်မည်။ နေ့စဉ်ဝင်ငွေရမှ ဘဝရပ်တည်ရှင်သန်နိုင်မည်။ စားဝတ်နေရေးအတွက် နေ့စဉ်ဝင်ငွေရရှိရေးကို ဦးစားပေးရသောအခါ ထို မိသားစုသည် ပညာရေးကိုလည်း ဘေးချိတ်ထားရသည်။ လူမှုရေး၊ ကျန်းမာရေးနှင့် သာရေးနာရေးများကိုလည်း ဘေးဖယ်ထားလိုက်ရ၏။ တိုင်းပြည်အတွက် အင်မတန်မှ နစ်နာရသည့် ကိစ္စကြီးဖြစ်သည်။ ကျောင်းနေရမည့်အရွယ် စာသင်ခန်းထဲတွင် ရှိရမည့်ကလေးများ ကာယအလုပ်ကြမ်း လုပ်ငန်းခွင်ထဲတွင် ရောက်နေရသည့်အဖြစ်သည် ထို တိုင်းပြည်အတွက် ရင်နာစရာလည်းကောင်း၏။ အနာဂတ် အတွက်လည်း ရင်လေးစရာကောင်း၏။ အရင်းစစ်လျှင် တိုင်းပြည်ဆင်းရဲခြင်းသည်သာ အပြစ်ပေါ်လာပါသည်။ သို့ဖြစ်ရာ တိုင်းပြည်ဆင်းရဲအောင်လုပ်သွားသည့် အစိုးရ အဆက်ဆက်သည် တိုင်းပြည်၏အနာဂတ်ကို ဖျက်ဆီး သွားကြသူတရားခံများဟု သမိုင်းမှတ်တမ်းတင်ရမည်။ ထို့ကြောင့် သမိုင်းတရားခံဖြစ်မည်စိုး၍ ကလေးအလုပ် သမားရှိပါလျက်နှင့် ဖုံးဖုံးဖိဖိလုပ်ထားကြခြင်းဖြစ်သည်။ သို့သော် အပုပ်တို့မည်သည် အချိန်တန်လျှင်ပေါ်ကို ပေါ်ပါသည်။

ယခုတော့ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား အမှန်တကယ်ရှိသည်။ ဦးရေအားဖြင့် တစ်သန်းငါးသိန်း လေးသောင်းကျော်ရှိနေပြီဟူသည်ကို သိရပြီဖြစ်သဖြင့် ယင်း ကိစ္စကို ဝိုင်းဝန်းကိုင်တွယ်ဖြေရှင်းရပါတော့မည်။ ဖြေရှင်း သည်ဆိုရာတွင် ကလေးစစ်သားလျှော့ချရေး၊ ကင်းစင်ရေး ကဲ့သို့ပြုလုပ်၍ ရမည်မဟုတ်ပေ။ ကလေးအလုပ်သမား မရှိစေရေး လုပ်ငန်းခွင်ထဲရှိကလေးများကို စစ်ဆေးရွေး ထုတ်၍ရမည်မဟုတ်။ ထိုသို့လုပ်လျှင် ၎င်းကလေးတို့၏ မိသားစုများ စားဝတ်နေရေးကျပ်တည်းသွားမည်၊ ဒုက္ခ ရောက်မည်။ ကလေးအလုပ်သမားပြဿနာဟူသည်မှာ နိုင်ငံတကာကလည်း လက်ခံထားသည်။ ဆင်းရဲနွမ်းပါး သော ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးတွင်လည်း ကလေးအလုပ် သမား ပြဿနာများရှိကြသည်။ ယင်းနိုင်ငံများ၏ ကောင်းနိုးရာရာသော ကလေးအလုပ်သမားဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရပါမည်။ ယင်းဥပဒေထဲတွင် ကလေးအလုပ် သမားများအား လူကြီးအလုပ်သမားများကဲ့သို့ အလုပ် သမားအခွင့်အရေးများ အပြည့်အဝခံစားခွင့်ပေးရေးပါဝင် ရမည်။ ကလေးအလုပ်သမားမို့လို့ အနည်းဆုံးအခ ကြေးငွေကျပ် ၃၆၀၀ ၏ တစ်ဝက်ခံစားခွင့်မရှိစေရ။ လုပ်ခလစာနှိမ်ထားခြင်း၊ အခွင့်အရေးများနှိမ်ထားခြင်း မရှိစေရ။ ကလေးအလုပ်သမားအဖြစ် လက်ခံမည့် အလုပ်ဌာနသည် ဆရာဝန်ဆေးစစ်ချက်ပြသနိုင်သည့် သူကိုသာ လက်ခံရမည်။ ကလေးအလုပ်သမားအဖြစ် အလုပ်လုပ်နိုင်သည့် ကျန်းမာရေးဖြင့် ညီညွတ်ရမည် စသည်ဖြင့် ကလေးအလုပ်သမား အခွင့်အရေးကာကွယ် ပေးသည့်အချက်များ ရေးဆွဲပြဋ္ဌာန်းသင့်သည်။

ထို့ပြင် ဥပဒေတွင် ပညာရေးကိုပစ်ပယ်ထားခဲ့ရသည်။ ကလေးအလုပ်သမားများအတွက် ကျောင်းပြင်ပ ပညာရေး စနစ်ဖြင့် ပညာဆက်လက်ဆည်းပူးနိုင်ရေးကို ဖန်တီးပေး သင့်သည်။ အချို့သော လက်ဖက်ရည်ဆိုင်၊ စားသောက် ဆိုင်များတွင် ကလေးအလုပ်သမားများအတွက် အားလပ် ချိန်တွင် ပညာသင်ကြားပေးခြင်း အစီအစဉ်များ ဆိုင်ပိုင် ရှင်တို့ လုပ်ကိုင်ပေးကြခြင်းကို တစ်ချက်တစ်ချက်ကြား မိသည်။ ယင်းသည် လုပ်ငန်းရှင်အချို့အတွက် ပညာဒါန မြောက်သည့် ကောင်းမွန်သောစေတနာဖြစ်သည်။ ယင်းကို ထပ်မံ၍ တိုးချဲ့ဆောက်ရွက်နိုင်ရေး ဥပဒေဖြင့် တွန်းအား ပေးသင့်သည်။ သက်ဆိုင်ရာအာဏာပိုင်များကလည်း ငွေအား၊ နည်းပညာအားဖြင့် ပံ့ပိုးပေးသင့်သည်။ ကလေး အလုပ်သမားများ လုပ်ငန်းခွင်ပညာသင်ကြားရေးသည် အခြေခံပညာအဆင့်တန်းကုန်သည့်အပြင် တက္ကသိုလ်၊ ကောလိပ်အဆင့်အထိပါ ဆက်လက်မြေတောင်မြှောက် ပေးသင့်ပါသေးသည်။ ကလေးအလုပ်သမားဟူသည် ရပ်နေသည့် ကိစ္စမဟုတ်။ တစ်နှစ်ပြီးတစ်နှစ် အသက် ကြီးလာမည်ဖြစ်၍ အချိန်တန်လျှင်လူကြီးအလုပ်သမား စာရင်းထဲဝင်လာပါမည်။ ထိုအခါ အတန်းပညာလည်း တတ်သည်။ လုပ်ငန်းခွင်တွင်လေ့ကျင့်သင်ကြားပေး ခြင်းကြောင့် လုပ်ငန်းကျွမ်းကျင်သူလည်းဖြစ်လာမည် ဆိုလျှင် အသုံးတည့်သော လူ့စွမ်းအားအရင်းအမြစ် တစ်ခုရလာပေမည်။

ထို့ကြောင့် ကလေးအလုပ်သမားအခွင့်အရေးထဲ တွင် ကျောင်းပြင်ပ ပညာရေးကိုလည်း မဖြစ်မနေစီစဉ်ပေး ရမည်။ လုပ်ငန်းကျွမ်းကျင်သူဖြစ်အောင်လည်း လေ့ကျင့်သင်တန်းများ ပေးရပါမည်ဟု မြင်မိသည်။ ယင်းသို့ ကလေးအလုပ်သမား အခွင့်အရေးကာကွယ် စောင့်ရှောက်ရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးပါက တစ်ဆင့်တက်လုပ်ဆောင်စေချင်သည်မှာ ကလေးအလုပ် သမားများအား ကောင်းမွန်သော အလုပ်ပတ်ဝန်းကျင် တွင် ရောက်ရှိနေစေရေးပင်။ ကလေးအလုပ်သမားများ အတွက် ကောင်းမွန်သော အလုပ်ပတ်ဝန်းကျင်ဟူသည်မှာ လူကုန်ကူးမှု ကင်းဝေးသော၊ လိင်စော်ကားခံရမှုမရှိသော၊ ကလေး၏ဂုဏ်သိက္ခာနှိမ့်ချခံရခြင်းမရှိသော၊ ကြီးနိုင်ငယ် ညှဉ်းဆက်ဆံရေးမရှိသော လုပ်ငန်းခွင်မျိုးကိုဆိုလို သည်။ ယင်းကိစ္စများအတွက် အလုပ်သမားသမဂ္ဂများနှင့် ချိတ်ဆက်ဆောင်ရွက်သင့်သည်ဟု ယူဆသည်။ လုပ်ငန်း ခွင်အသီးသီးတွင် အလုပ်သမားသမဂ္ဂများလည်း အားကောင်းဖို့လိုသည်။ အလုပ်သမားသမဂ္ဂများ အားကောင်းပြီး ဥပဒေကလည်းထိရောက်မှုရှိမည်ဆို လျှင် ကလေးအလုပ်သမားအခွင့်အရေးများကို အပြည့် အဝ ဖော်ဆောင်နိုင်မည်ဖြစ်သည်။ အဓိကမှာ လက်ရှိ အလုပ်သမားရေးရာ သက်ဆိုင်သူအာဏာပိုင်များသည် ကလေးများကို သနားမိဖို့ပင်ဖြစ်သည်။

ယခင်အစိုးရ၏ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသည် ကလေးအလုပ်သမားအရေအတွက်ကို ထုတ်ဖော်ပေး သွားခဲ့ပြီ။ ယခုအစိုးရအဖွဲ့က ကလေးအလုပ်သမား အရေးကို ကိုင်တွယ်ဆောင်ရွက်ရပါတော့မည်။ ဒီမိုကရေစီ နည်းကျ ဆောင်ရွက်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိ သည်။ ယခုတော့ပြည်တွင်းရှိ ကလေးအလုပ်သမား များသည် ကျွဲလို နွားလို ရုန်းကန်ရင်း မိသားစုဝမ်းရေးကို ကျောင်းပေးနေရပြီး လူစင်စစ်က လူစဉ်မမီသောဘဝ များဖြင့် အသက်ရှင်ရပ်တည်နေရပါကြောင်း လေ့လာ သုံးသပ်တင်ပြလိုက်ရပါသည်။ ။

**သမိုင်းတရားခံဖြစ်မည်စိုး၍ ကလေးအလုပ်သမားရှိပါလျက်နှင့် ဖုံးဖုံးဖိဖိ လုပ်ထားကြခြင်းဖြစ်သည်။ သို့သော် အပုပ်တို့မည်သည် အချိန်တန်လျှင်ပေါ်ကို ပေါ်ပါသည်။ မြန်မာနိုင်ငံတွင် ကလေး အလုပ်သမား အမှန်တကယ်ရှိသည်။ ဦးရေအားဖြင့် တစ်သန်းငါးသိန်း လေးသောင်းကျော်ရှိနေပြီဟူသည်ကို သိရပြီဖြစ်။**

## မိဋ္ဌာန်အောင်ကွင်းအရှေ့ဘက်တွင်ဥယျာဉ်တည်ဆောက်မှုလုပ်ငန်းစတင်

**မြဝတီ မေ ၂၃**

မြန်မာပြည်အရပ်ရပ်မှ ရပ်ဝေးရပ်နီး ဘုရားဖူးပြည်သူများနှင့် မြဝတီ မြို့မှဒေသခံပြည်သူများ အေးချမ်းစွာ အနားယူအပန်းဖြေရင်း ဘုရားဖူး မြော်နိုင်ရန်အတွက် မြဝတီမြို့ မြို့နယ်စည်ပင်ကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေဦးဆောင်၍ မြေတစ်ဧက နီးပါးရှိ မိဋ္ဌာန်အောင်ဘုရားကွင်း



အရှေ့ဘက်တွင် ဥယျာဉ်တစ်ခုအား မေ ၂၁ ရက်မှစတင်၍ အကောင် အထည်ဖော် ဆောင်ရွက်နေပြီဖြစ် ကြောင်း မြို့နယ်စည်ပင်ကော်မတီ ဥက္ကဋ္ဌထံမှ သိရသည်။

အဆိုပါဥယျာဉ်တည်ဆောက်ရန် မေ ၁၉ ရက်က မြို့နယ်စည်ပင် ကော်မတီ၊ မြို့ဖွံ့ထောက်ကော်မတီ၊ မိဋ္ဌာန်အောင် ဘုရားဂေါပကအဖွဲ့၊ မြို့နယ်စည်ပင်နှင့်တာဝန်ရှိသူများက အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး ယင်းနေ့တွင် စတင်အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဥယျာဉ်အတွင်း အရိပ်ရသစ်ပင်များ စိုက်ပျိုးပြီး အနား ယူစရာ ခုံတန်းများကိုလည်း ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မြစ်ဆုံကိစ္စ စာချုပ်နှင့် ကိုင်ပြသော်

## အောင်ချိန်ဘွား

ဧရာဝတီမြစ်ဆုံစီမံကိန်းလုပ်ငန်းသည် ခွဲစိတ်ကုသခြင်းမပြုဘဲ ချန်ထားခဲ့သော ကင်ဆာရောဂါကဲ့သို့မြုံနေသည့် အဖုအကျိတ်ကြီးတစ်ခုဖြစ်သည်။ ဤပြဿနာကြီးကို ဆိုးမွေအဖြစ်ထားရစ်ခဲ့သောကြောင့် အစိုးရဘက်က ဖြေဖွဲ့ ဦးခေါင်းကြီးကဲ့သို့ လက်ဆင့်ကမ်းရယူခဲ့ခြင်းဖြစ်ရာ ပြုတ်ကျပါက မီးဟုန်းဟုန်းတောက်လောင်ပေမည်။

ဖြစ်စဉ်ကိုပြန်တွေးကြည့်လျှင် ဧရာဝတီမြစ်ဆုံစီမံကိန်းကိစ္စ ပြဿနာဖြစ်ရပုံမှာ တက်သစ်စ၊ အာဏာရခါစ ပြည်ထောင်စုအဆင့်ရှိဝန်ကြီးတစ်ဦး၏ ဝစီကံစကားနှုတ်ကျံခဲ့ရာမှ ထိန်းမနိုင်သိမ်းမရအောင် ကြီးထွားလာခဲ့ခြင်းဖြစ်ကြောင်း မှတ်မိကြမည်ထင်သည်။

ပွင့်လင်းမြင်သာမှုမရှိသောအချိန်က ဩဇာအာဏာကြီးမားသော အိမ်နီးချင်းနိုင်ငံမှ SPIC (YN)ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရော ပုဂ္ဂလိကခရိုနီလုပ်ငန်းရှင်ပါ ပူးပေါင်းဖက်စပ်လုပ်ကိုင်ရန် စာချုပ်ချုပ်ဆိုခဲ့သည့် လူသိနည်းခဲ့သောစီမံကိန်းလုပ်ငန်းဖြစ်သည်။ လွန်ခဲ့သောသုံးနှစ်ကျော်က ပြည်သူ့လွှတ်တော်တွင် မေးမြန်းခံရသောအခါ ဝါမရင့်သေးသော ပြည်ထောင်စုဝန်ကြီးက ရခါစအာဏာဂုဏ်မောက်စွာဖြင့် မြစ်ဆုံစီမံကိန်းကို ဆက်လုပ်ရမှာဖြစ်ကြောင်း မောက်မာပြတ်သားစွာ ပြောဆိုခဲ့ရာမှ ကြားရသူများနားဝမှာပူသွား၍ ဤအပူက တစ်ပြည်လုံးသို့ပျံ့ကာ ဆူပွက်ခဲ့လေသည်။

အရေးကြီးသော ပြဿနာဟူသရွေ့သည် အာဏာမာန်တက်ကာ မောက်မာစွာ ဖြေရှင်း၍မရကြောင်း ဝါနုသော အာဏာရှိသူတို့ မသိခဲ့။ ထို့ထက်မြစ်ဆုံစီမံကိန်းပြဿနာ၏ အတိမ်အနက်ကို အလေးထားမတွေးတတ်ခဲ့။

ထိုသို့မောက်မာစွာဆိုစကားကြောင့် ပြဿနာက ပို၍ကြီးထွားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ တာဝန်ရှိလူကြီးက လုံးဝညှိနှိုင်းလိုစိတ်မရှိဘဲ ဆက်လုပ်ရမှာပဲဟု တစ်ဖက်သတ်ကြေညာလိုက်သောအခါ အင်အားကြီးမားသည့် တစ်ဖက်နိုင်ငံမှ ဖက်စပ်လုပ်ငန်းရှင်ကလည်း ဆက်လုပ်ရမည်ဟု ကြွေးကြော်ခဲ့သည်။ ဆက်၍လည်း လုပ်နေခဲ့သည်။

ဤတွင်မြန်မာပြည်သူတစ်ရပ်လုံးနီးပါးနှင့် အရပ်ဘက်အဖွဲ့အစည်းများက အရေးဆိုဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။

ဧရာဝတီမြစ်ဟူသည် မြန်မာနိုင်ငံတစ်ဦးတည်းပိုင်သော မိုင်ပေါင်း ၁၂၄၆ ဒသမ ၂ မိုင်ရှည်သည့်တစ်ပြည်လုံးမြောက်ဘက်မှ တောင်ဘက်သို့ဖြတ်စီးနေသောမြစ်ကြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျောရိုးမကြီးဖြစ်သည်။ မြစ်ရေဖမ်းနယ် (Catchment Area)၁၆၂၀၂၃ စတုရန်းမိုင် ကျယ်ဝန်းသည်။ ဧရာဝတီမြစ်ဦးခေါင်းပိုင်းတွင် တည်ဆောက်မည့်မြစ်ဆုံရေကာတာနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံဆောက်လုပ်ရေးကိစ္စသည် ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင်နေထိုင်သော ပြည်သူလူဦးရေ ခြောက်သန်းနှင့်သာ တိုက်ရိုက်သက်ဆိုင်ရုံမက ရေဖမ်းနယ်ကျယ်သစ်တွင်နေထိုင်သော လူဦးရေသန်း ၂၀ တို့နှင့်လည်း တိုက်ရိုက်ပတ်သက်သလို မြန်မာတစ်ပြည်လုံးရှိ ပြည်သူလူထုတို့၏ ဘဝတို့နှင့်လည်း သွယ်ဝိုက်စွာ ဆက်စပ်ယှက်နွယ်လျက်ရှိသည်။

ဧရာဝတီသည် မြန်မာ့အသက်သွေးကြော၊ မြန်မာ့လူမှုဘဝ၊ မြန်မာ့အသက်မွေးဝမ်းကျောင်းလောက၊ မြန်မာ့သမိုင်းအမွေအနှစ်ဖြစ်သောကြောင့် ဧရာဝတီ၏ပြဿနာသည် မြန်မာ့ပြဿနာပင်ဖြစ်သည်။

ထို့ကြောင့် ဧရာဝတီမြစ်ဆုံစီမံကိန်းလုပ်ငန်းအကြောင်းသုံးသပ်ရလျှင် ဘက်စုံ၊ ထောင့်စုံ၊ အကြောင်းစုံအောင် ပြော၍၊ ရေး၍ မကုန်နိုင်ပေမည်။ အယူအဆ၊ အတွေးအခေါ် မျိုးစုံလှစွာရှိလေသည်။

ဤအချက်များစွာထဲမှ အရေးကြီးသောအချက်တစ်ရပ်ကို မသိသူကျော်သွားမည်စိုးသည်။ သိသူဖော်စားရန် ရေးလိုခြင်းဖြစ်သည်။ အထူးသဖြင့် ဧရာဝတီမြစ်ဆုံကိစ္စကို ဝေဖန်ပိုင်းခြားဆုံးဖြတ်လိုသည့် ပြည်သူလူထုကြီးနှင့် အစိုးရသစ်ခေါင်းဆောင်ကြီးများအတွက် မေ့မကျန်သင့်သော ထည့်သွင်းစဉ်းစားရန်လိုအပ်သည့်အချက်ဖြစ်၍ အကြံပြုတင်ပြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်လွှတ်တော်အသစ်များ ပေါ်ပေါက်လာသည်နှင့် အိမ်နီးချင်း တရုတ်နိုင်ငံက အစိုးရသစ်ကို ကြိုဆိုကြောင်းသတင်းထုတ်ပြန်သည်။ မြန်မာနိုင်ငံရှိ တရုတ်သံအမတ်ကြီးက တရုတ်-မြန်မာ ချစ်ကြည်ရေး အခွန့်ရှည်စေရန်ဆက်လက်ကြိုးစားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပြည်သူလူထုစားဝတ်နေရေးအဆင့်အတန်းမြှင့်တင်ရန်၊ စီးပွားရေးတိုးတက်၍ ပြည်သူလူထု ဝင်ငွေတိုးလာပြီး အခြေခံအဆောက်အအုံပိုင်း မြင့်မားလာသောအခါ တရုတ်နိုင်ငံအတွက် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းပိုများလာမည်ဖြစ်ကြောင်း၊ တရုတ်ကုမ္ပဏီများက မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသောအခါ CSR (Corporate Social Responsibility)များ ကောင်းစွာအကောင်အထည်ဖော်စေမည်ဖြစ်ကြောင်း စသည်ဖြင့် သတင်းမီဒီယာများကို ရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

အိမ်နီးချင်းနှစ်နိုင်ငံ ရေရှည်အကျိုးဖြစ်ထွန်းရေးအတွက် မိတ်ဆွေကောင်းပီသစွာ ဆက်ဆံအားပေးလျှင် ကောင်းသောကျင့်စဉ်ပင်ဖြစ်ပါသည်။

ဧရာဝတီမြစ်ဆုံစီမံကိန်းကိုလုပ်ကိုင်ရန် စာချုပ်ချုပ်ဆိုခဲ့သော တရုတ်နိုင်ငံ ယူနန်ပြည်နယ်က State Power Investment Corporation မှ GM ဖြစ်သူ Mr.Liu Zhan ကလည်း မြစ်ဆုံစီမံကိန်းဆက်လက်လုပ်ဆောင်နိုင်ရန် မေလတွင်အစိုးရသစ်နှင့် တွေ့ဆုံညှိနှိုင်းမည်ဖြစ်ကြောင်း၊ အစိုးရသစ်မှဆက်လက်လုပ်ကိုင်ခွင့်မပေးပါက စာချုပ်ပါအချက်အလက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာသတင်းသမားများနှင့်တွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။

ဤတွင် လုပ်ကိုင်ရန်ချုပ်ဆိုထားသည့် စာချုပ်အကြောင်း ပြောကြားလာကြောင်း ကြားသိရသည်။ သို့ဆိုလျှင် ထိုစာချုပ်ကိုပွင့်လင်းမြင်သာအောင်ဖွင့်ပြရပေမည်။ တစ်ပြည်လုံးရှိပြည်သူလူထုတို့နှင့် သက်ဆိုင်ပတ်သက်လာသောကိစ္စဖြစ်၍ တစ်ပြည်လုံးသိအောင် Disclose ဖွင့်ချပြရမည်။ ပြီးခဲ့သောမေ ၅ ရက်က ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံပွဲတွင် နှစ်နိုင်ငံချစ်ကြည်ရေး၊ စီးပွားရေးများဆွေးနွေးပြီး မြစ်ဆုံစီမံကိန်းကိစ္စလည်းပါဝင်ကြောင်း သတင်းကြားသိရသည်။ ဆွေးနွေးပွဲအပြီးသတင်းစာရှင်းလင်းပွဲ၌ မစ္စတာဝမ်ယိက တရုတ်တို့သည် ဆွေမျိုးပေါက်ဖော်အဖြစ်ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းရန်နှင့် မြန်မာတို့ကို ကူညီမှုဆက်လက်ပေးရန် ဤချစ်ကြည်ရေးခရီးကို လာရောက်ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လာရောက်လုပ်ကိုင်သည့်အနက် တရုတ်တို့က အကြီးမားဆုံးဖြစ်ကြောင်း၊ ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်သွားရန်ရှိကြောင်း ပြောကြားခဲ့သည်။

မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍မူ ဒေါ်အောင်ဆန်းစုကြည်က စာချုပ်ကိုအသေးစိတ်မကြည့်ရသေးကြောင်းသာ စဉ်းစဉ်းစားစား ထိန်းထိန်းသိမ်းသိမ်းပြောခဲ့သည်။ ဤတွင်လည်းမြစ်ဆုံစီမံကိန်းပြဿနာကို ဖြေရှင်းရန်အတွက် နှစ်ဦးနှစ်ဖက်ချုပ်ဆိုခဲ့သောစာချုပ်နှင့် စာချုပ်ပါအချက်အလက်များက အရေးကြီးကြောင်း သတိပြုနိုင်သည်။ စာချုပ်ကိုကိုင်၍စကားပြောမည့် တရုတ်ကုမ္ပဏီဘက်နှင့် စာချုပ်ကိုသေချာလေ့လာပြီးမှ ညှိနှိုင်းဝေဖန်သုံးသပ်ဆုံးဖြတ်မည့် မြန်မာခေါင်းဆောင်တို့၏ အတွေးအမြင်အယူအဆသည် အရေးပါသော အဓိကကျသည့် အချက်ဖြစ်လေသည်။

စီးပွားရေးလုပ်ငန်းဟူသည် နှစ်ဦးနှစ်ဖက်သဘောတူချုပ်ဆိုသော ပဋိညာဉ်စာချုပ် (Agreement or Contract)ပါအချက်အလက်များ၊ Terms and Conditions နှင့် ပုဒ်မ၊ ပုဒ်မခွဲ (Clause and Subclause) များ၊ စကားရပ်များ (Wordings) သည် ထိုလုပ်ငန်း၊ ထိုစာချုပ်ကို တိကျစွာ ညွှန်းဆိုသည်။ အကယ်၍စာချုပ်ပါ စည်းကမ်းဖောက်ဖျက်ခြင်း (Breach of Contract) ပုဒ်မအရ စည်းကမ်းဖောက်ဖျက်ပါက ပထမအမှန်တကယ် ဖောက်ဖျက်မှု အကျုံးဝင်၊ မဝင်သေချာစိစစ်ရသည်။ ဖောက်ဖျက်သည်ရှိသော် မည်သို့အရေးယူရမည်ဟူသော ပုဒ်မပါရှိရသည်။

အငြင်းပွားမှု ခုံသမာဓိ ဖြေရှင်းခြင်းဟူသော ပုဒ်မ (Arbitration Clause)လည်း စာချုပ်တွင်အခိုင်မာပါရှိရမည်။ အငြင်းပွားမှု (Dispute) ကို အချင်းချင်းညှိနှိုင်းဖြေရှင်း၍မရပါက မြန်မာနိုင်ငံအနုညာတဥပဒေ ၁၉၄၄ နှင့် ၂၀၁၅ အရ ဖြေရှင်းရမည်။ ဤသို့ဖြေရှင်းရန်အတွက် စာချုပ်တွင် သက်ဆိုင်သည့် ဥပဒေ (Applicable Law) နှင့်လွှမ်းမိုးသည့် ဥပဒေ (Governing Law) ပုဒ်မများပါရှိရသည်။ သက်ဆိုင်သည့် ဥပဒေနှင့်လွှမ်းမိုးသည့် ဥပဒေဆိုရာ၌ မြန်မာနိုင်ငံနှင့် ဖက်စပ်လုပ်ကိုင်သူ၊ လာရောက်လုပ်ကိုင်သူ နိုင်ငံခြားကုမ္ပဏီများသည် စာချုပ်တွင် This Contract shall be read, construed, interpreted and governed by the laws of the Union of Myanmar ဤစာချုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဥပဒေအရဖတ်ကြား၊ အဓိပ္ပာယ်ဖွင့်၊ ဘာသာပြန်၍ လွှမ်းမိုးစေရမည်ဟု သက်ဆိုင်သည့် ဥပဒေ(ဝါ)လွှမ်းမိုးသည့် ဥပဒေပုဒ်မများတွင်ရေးသားရမည်။

မြန်မာနိုင်ငံ၏ ဥပဒေများမှာ ပဋိညာဉ်အက်ဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီအက်ဥပဒေ၊ မှတ်ပုံတင်အက်ဥပဒေ၊ အနုညာတဥပဒေ စသဖြင့် များစွာရှိသည်။

ထို့ကြောင့် မြစ်ဆုံစီမံကိန်းကိစ္စကို စာချုပ်ကိုင်၍ စကားပြောကြမည်ဆိုပါက ဥပဒေပညာရှင်များ (အထူးသဖြင့် စာချုပ်ဆိုင်ရာ ဥပဒေကျွမ်းကျင်ပညာရှင်များ)ကို စာချုပ်ပြသ၍ သေချာစိစစ်လေ့လာ ဆန်းစစ်စေပြီးမှ စကားပြောရန်ဖြစ်သည်။ ယခင်က မြန်မာနိုင်ငံကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ချုပ်ဆိုသည့် စီးပွားရေးဆိုင်ရာစာချုပ်များကိုစိစစ်သည့်ကော်မတီဟူ၍ ဖွဲ့စည်းခဲ့ဖူးသည်။ ထိုစဉ်က ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌ၊ ကုန်သွယ်မှုလုပ်ငန်းများဌာနမှ ညွှန်ကြားရေးမှူးက အတွင်းရေးမှူး၊ စာရေးသူက ရုံးအဖွဲ့မှူးအဖြစ် အစည်းအဝေးတွင် ဆွေးနွေးသမျှအချက်အားလုံး မှတ်တမ်းပြုစုထုတ်ပြန်ပေးသည့်တာဝန်ကို ယူခဲ့ရသည်။ အဖွဲ့ဝင်များထဲမှ ကျွမ်းကျင်ပညာရှင်များမှာ နဝတရုံးဒုတိယဝန်ကြီး ဦးဆက်မောင် (ယခု ဗဟိုဘဏ်ဒု-ဥက္ကဋ္ဌ ဦးဆက်အောင်၏ ဖခင်)၊ ရှေ့နေချုပ်ရုံးကိုယ်စားလှယ်ဒေါက်တာထွန်းရှင်၊ စာရင်းစစ်ချုပ်ရုံးကိုယ်စားလှယ်ညွှန်ချုပ် ဒေါ်ခင်သန်းနု စသည်တို့ပါဝင်သည်။ နဝတအဖွဲ့ အကြံပေးပုဂ္ဂိုလ်လည်းဖြစ်သော ဦးဆက်မောင်သည် စာချုပ်စည်းမျဉ်းစည်းကမ်းများကို စာလုံးဝေါဟာရမှစ၍ အလွတ်အာဂုံဆောင်ထားသော ကျွမ်းကျင်ပညာရှင်ဖြစ်၍ ၎င်းထံမှ ပညာများစွာရရှိသည်။

စီးပွားရေးစာချုပ်တိုင်းတွင် စာချုပ်ဥပဒေ၊ မြန်မာနိုင်ငံပဋိညာဉ်အက်ဥပဒေအရ ပါရှိရမည့် Terms and Conditions များ အင်္ဂါရပ်ပြည့်စုံစွာပါဝင်ရပါသည်။

အရေးကြီးသည်မှာ စာချုပ်တိုင်းတွင် စာချုပ်ရပ်စဲခြင်းပုဒ်မ(Termination Clause)ဟူ၍ ပါကိုပါရှိရသည်။ မပါဘဲ ထိမ်ချန်ထားလျှင် စာချုပ်အင်္ဂါရပ်မပြည့်စုံ၍ စာချုပ်ဥပဒေအရ စာချုပ်မမြောက်ဟု ဆိုနိုင်သည်။

စာချုပ်တိုင်းတွင် ရပ်စဲဖျက်သိမ်းနိုင်သည့်ပုဒ်မအောက်တွင် ပုဒ်မခွဲများပါဝင်သည်။

ထိုပုဒ်မခွဲများအနက် မလွဲမသွေ အသေအချာပါဝင်ရမည့် ပုဒ်မခွဲအဖြစ် Force Majeure မလွန်ဆန်နိုင်သောဖြစ်ရပ်များ ဟူသည့်ခေါင်းစဉ်နှင့်ဖော်ပြသည်။

**မလွန်ဆန်နိုင်သောဖြစ်ရပ်များ**

စာချုပ်ဝင်တစ်ဖက်ဖက်သည် မိမိ၏တာဝန်ဝတ္တရားများကိုဆောင်ရွက်ရာတွင် မလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် ပျက်ကွက်ခြင်း၊ နှောင့်နှေးခြင်းများရှိသဖြင့် အခြားစာချုပ်ဝင်တစ်ဖက်ဖက်တွင် နစ်နာမှုများပေါ်ပေါက်လျှင် ထိုသူသည် ထိုနစ်နာမှုများအတွက်တာဝန်မရှိစေရ။ "မလွန်ဆန်နိုင်သောဖြစ်ရပ်များ" ဆိုသည်မှာ အစိုးရကတားဆီးမှု၊ သပိတ်မှောက်မှု၊ စစ်ဖြစ်မှု၊ ပိတ်ဆို့တားဆီးမှု၊ သူပုန်ထမှု၊ အဓိကရုဏ်းဖြစ်မှု၊ ကူးစက်ရောဂါပြန့်ပွားမှု၊ ပေါက်ကွဲမှု၊ မီးလောင်မှု၊ ရေကြီးမှု၊ လေမုန်တိုင်းကျမှု စသော စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယရှိစေကာမူ မလွန်ဆန်နိုင်၊ မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်သည်။

စာချုပ်ဝင်များသည် ထိုကဲ့သို့မလွန်ဆန်နိုင်သောဖြစ်ရပ်များနှင့်ကြုံတွေ့ရလျှင် ကြုံတွေ့ရသူက အခြားစာချုပ်ဝင်အား ထိုအဖြစ်အပျက်ဖြစ်ပွားပြီး ခုနစ်ရက်အတွင်း ဖြစ်ပွားမှုအခြေအနေအသေးစိတ်ကို အကြောင်းကြားရန်နှင့် ထိုကာလအတွင်းဖြစ်ပေါ်မှုအခြေအနေ၊ မိမိကဆုံးဖြတ်ဆောင်ရွက်ရမည့်အခြေအနေနှင့် အရေးယူဆောင်ရွက်ခဲ့မှုအခြေအနေများကို အကြောင်းကြားရမည်။ ထိုလွန်ဆန်နိုင်သောအခြေအနေကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုရပ်ဆိုင်းစေရမည်။

အထက်ဖော်ပြပါ မလွန်ဆန်နိုင်သောဖြစ်ရပ်များမှာ ဧရာဝတီမြစ်ဆုံစီမံကိန်းတွင် အမှန်ပင် ကြီးမားစွာဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်သမ္မတကပင် လုပ်ငန်းဆောင်ရွက်မှုရပ်ဆိုင်းစေခဲ့သည်။ ရပ်ဆိုင်းမှုမှာ ငါးလထက်ကျော်လျှင် အလိုအလျောက် ပျက်ပြယ်သည့်သဘောရှိသည်။ ယခုသုံးနှစ်ကျော်ကြာခဲ့အောင် ရပ်ဆိုင်းထားခဲ့ပြီးဖြစ်၍ တစ်ဖက်စာချုပ်ဝင်၏ နစ်နာမှုအတွက် တာဝန်မရှိစေတော့ပါ။

ထို့ကြောင့် တစ်ဖက်က တောင်းခံသောကုန်ကျစရိတ်မည်ရွေ့မည်မျှရှိသည်၊ ပေးလျော်ရမည်ဆိုသည်မှာ ဤမလွန်ဆန်နိုင်သောဖြစ်ရပ်များပုဒ်မအရ ဘုရားသခင်၏ ပြုလုပ်ချက် Act of God ဖြစ်သည့်အတွက် မြန်မာနိုင်ငံဘက်က ပေးလျော်ရန် အကြောင်းမရှိတော့ပါ။ အကယ်၍ ဆက်လုပ်မည်၊ ပေးလျော်ရမည်ဟု အတင်းကာရောတောင်းဆိုနေပါက မြန်မာပြည်သူလူထုနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ သပိတ်မှောက်မှု၊ ဆန္ဒပြမှုများ ပြန်လည်ဖြစ်ပေါ်လာနိုင်သည်ကို မိတ်ဖက်နိုင်ငံအနေဖြင့် စဉ်းစားပေးရန်လိုသည်။

ချစ်ကြည်ရေးကို ဆက်လက်ထိန်းသိမ်းလိုပါက၊ နောင်ထပ်မံ ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများနှင့် လုပ်လက်စကျောက်ဖြူသဘာဝပိုက်လိုင်းကိစ္စများ အဆင်ပြေပြေဖြစ်မြောက်စေလိုပါက၊ စာချုပ်စည်းကမ်းနှင့်အညီ ဘုရားသခင်၏လုပ်ဆောင်ချက်ကြောင့် ပျက်ကွက်ခဲ့သော မြစ်ဆုံစီမံကိန်းကို ဇွတ်အတင်းဆက်လုပ်ရန် တောင်းဆိုမနေဘဲ သဘောပေါက်စွာ ပြေလည်အောင်ညှိနှိုင်း၍ ရပ်စဲခြင်းသည် နှစ်ဖက်စလုံးအတွက်၊ နိုင်ငံရေးအတွက်၊ စီးပွားရေးအတွက်၊ ချစ်ကြည်ရေးအတွက်၊ နောင်တာရှည်အကျိုးရှိ ကောင်းစားရေးများစွာ ဖြစ်နိုင်မည်ဟု ယုံကြည်မိပါသည်။ ။



TIME 100 LEADERS
Aung San Suu Kyi
By Barack Obama

April 21, 2016

A beacon of hope

Welcoming her into the Oval Office, I was struck immediately by Daw Aung San Suu Kyi's quiet dignity. She's soft-spoken, but is driven by a fierce determination—fortified by 15 years of house arrest—to bring democracy to her beloved Burma. Visiting her at her simple home in Rangoon two months later, I saw where The Lady had sustained herself by studying Buddhist teachings on love and compassion.

Today, having made the journey from prisoner to parliamentarian and party leader, Aung San Suu Kyi leads a party that won a landslide victory in last year's election. Daw Suu is now guiding the country's first civilian government in more than 50 years. Burma still faces huge challenges, and its success will depend on ending long-running conflicts and upholding the human rights of all ethnic groups and religions. But democracy is poised to deliver a future of greater promise and prosperity.

"We human beings," she has said, "are so riddled with imperfection." But, she adds, "in spite of the imperfections, democracy still remains a beacon of hope for all of us." Now more than ever, The Lady remains a beacon of hope for 50 million people reaching for justice, and for millions more around the world.

*Obama is the 44th President of the United States*

# သမ္မတအိုဘားမားက ဒေါ်အောင်ဆန်းစုကြည်အား တိုင်းမ်မဂ္ဂဇင်းတွင် ချီးကျူးရေးသား

**နေပြည်တော် မေ ၂၃**

ယခုနှစ်အတွက် တိုင်းမ်မဂ္ဂဇင်း၏ ကမ္ဘာ့သြဇာအကြီးမားဆုံးသော လူပုဂ္ဂိုလ် ၁၀၀ အနက် နံပါတ် ၃ နေရာရရှိခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်အား အမေရိကန်သမ္မတ အိုဘားမားက မေ ၂၁ ရက်စွဲပါ "A Beacon of hope" ဆိုသည့်ခေါင်းစဉ်ဖြင့် တိုင်းမ်မဂ္ဂဇင်းအင်တာနက် စာမျက်နှာတွင် ချီးကျူးထောမနာပြုရေးသားခဲ့ကြောင်း သိရသည်။

ယင်းစာထဲတွင် သမ္မတအိုဘားမားက ဒေါ်အောင်ဆန်းစုကြည်သည် အမူအရာ ပျော့ပျောင်းသိမ်မွေ့ပြီး ညင်သာစွာစကားဆိုတတ်သူတစ်ဦးဖြစ်သည်။ သူချစ်သည့်မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်လာရေးအတွက် နေအိမ်အကျယ်ချုပ် ၁၅ နှစ်ကြာ ပိတ်လှောင်ထားခြင်းခံခဲ့ရသော်လည်း ခိုင်မာသည့်စိတ်ဓာတ်များနှင့် ရှင်သန်နေသူတစ်ဦးဖြစ်နေဆဲဟု ရေးသားထားသည်။

ထို့ပြင် အကျဉ်းသားဘဝမှလွတ်မြောက်လာပြီး လွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းရွက်ခဲ့ပြီးနောက် ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် သူ့ပါတီကို တောင်ပြိုကမ်းပြိုအနိုင်ရရေးအတွက် ဦးဆောင်နိုင်ခဲ့သူလည်း ဖြစ်သည်။ ယခုအချိန်တွင် မြန်မာနိုင်ငံ၏နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပထမဆုံးသော အရပ်သားအစိုးရကို ပဲ့ထိန်းမောင်းနှင်နေပြီဟု သမ္မတအိုဘားမားက ရေးသားထားသည်။

မြန်မာနိုင်ငံသည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်။ နှစ်ပေါင်းရှည်ကြာ ဖြစ်ပွားနေသည့် ပဋိပက္ခများ အဆုံးသတ်နိုင်မှု၊ တိုင်းရင်းသားမျိုးနွယ်စုများအား ရင်ကြားစေ့ပေးနိုင်မှုအပြင် ဘာသာအားလုံးအတွက် လူ့အခွင့်အရေးများရရှိမှုများသည် မြန်မာနိုင်ငံ၏ အောင်မြင်မှုအထွတ်အထိပ်ပင်ဖြစ်သည်ဟု သမ္မတအိုဘားမားက ထောက်ပြရေးသားခဲ့သည်။ ဒီမိုကရေစီက အနာဂတ်အတွက် သာယာဝပြောမှုတွေကို မြန်မာနိုင်ငံအတွက် ဆောင်ကြဉ်းပေးနိုင်မည်ဟုလည်း ၎င်းက ရေးသားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် သန်း ၅၀ ကျော်ပြည်သူတွေအတွက်သာမက ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာအတွက်ပါ တရားမျှတမှုများဆောင်ကြဉ်းပေးမည့် မျှော်လင့်ခြင်းလမင်းလေးဖြစ်လာနေပြီဟု သမ္မတအိုဘားမားက ရေးသားထားသည်။

**ကြေးမုံ**

# နှစ်သစ်ကူးလက်ဆောင်ပါ ငွေကျပ်သိန်း ၅၀ ဖြင့် ကျေးရွာငါးရွာရှိ ရေကန်ဟောင်းငါးကန်အား သောက်သုံးရေရရှိအောင် တူးဖော်မှုစတင်လုပ်ဆောင်နေပြီ

နှစ်သစ်ကူးလက်ဆောင်ပါ ငွေကျပ်သိန်း ၅၀ အား နွေရာသီတွင် ရေရှားပါးသည့် သောက်သုံးရေရရှိရေးဆောင်ရွက်သည့် လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းခဲ့ရာ ယင်းငွေဖြင့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ ရေကန်ဟောင်းငါးကန်အား သောက်သုံးရေရရှိရန် ပြန်လည်တူးဖော်သည့်လုပ်ငန်း စတင်နေပြီဖြစ်ကြောင်း သိရသည်။



သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး

အဆိုပါ ရေကန်ဟောင်းများကို ပြန်လည်တူးဖော်ပြုပြင်မှုများမှာ သနပ်တန်း၊ နတ်ရေကန်၊ ကျီးပင်စု၊ အထက်ကျုံပါ၊ အပေါ်ကျူချောင်း ကျေးရွာများတွင်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီမြို့နယ်အတွင်းမှာက နွေရာသီမှာ သောက်သုံးရေရှားပါးမှုပြဿနာက နှစ်စဉ်ကြုံတွေ့ရတယ်။ ၂၀၀၉ ခုနှစ်ကတော့ ဆိုးဆိုးရွားရွားဖြစ်တယ်။ ဒီနှစ်က အယ်နီညိုကြောင့် ကျေးရွာ ၂၅ ရွာ ရေစတင်ပြတ်လပ်တယ်။ ယခုဆို ၃၀ ကျော်ပြီး သိပ်မကြာခင်မှာ ၄၀ ကျော်သွားလိမ့်မယ်။ ဒီတိုင်းဆို သောက်သုံးရေ ပြတ်လပ်မှုက ရက်ရှည်ဖြစ်သွားတဲ့ရွာများမယ်။ ဒါကြောင့် အစိုးရအဖွဲ့အကူအညီတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ကာ သောက်သုံးရေပြတ်လပ်မှုမရှိစေရအောင် စနစ်တကျကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။ ရေသယ်ယာဉ်တွေကို တစ်နေ့အနည်းဆုံး နှစ်စီးထွက်ပါတယ်။ ကျွန်တော်တို့ လူမှုအဖွဲ့အစည်းက ယာဉ်တွေလည်း ပါတယ်။ လူ/ကယ်/ပြန်က စီစဉ်ပေးတဲ့ ရေသယ်ယာဉ်တွေ၊ မီးသတ်က ရေသယ်ယာဉ်တွေပါတယ်။ အားလုံး ညှိနှိုင်းဆောင်ရွက် လုပ်ကိုင်ပေးလျက်ရှိပါတယ်"ဟု သနပ်ပင်မြို့အတွင်းရှိ သောက်သုံးရေ ပြတ်လပ်သည့် ကျေးရွာများသို့ ရေရရှိရန် ဦးဆောင်ပြုလုပ်ပေးလျက်ရှိသော ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက ပြောကြားသည်။

ဆက်လက်၍ ဦးမြင့်ဦးက "ကျွန်တော်ပထမပြောခဲ့တာက တစ်ပိုင်းပေါ့။ အခုဟာက နိုင်ငံတော်သမ္မတရုံးက ချပေးတဲ့ သိန်း ၅၀ ကို လူ/ကယ်/ပြန် ဝန်ကြီးဌာနကတစ်ဆင့်ကျွန်တော့်မြို့နယ်ကို ချပေးတယ်။ ချပေးပေးချင်း အခုချက်ချင်း လုပ်ငန်းကို အကောင်အထည်ဖော်ပေးတယ်။ အဓိက အလိုအပ်ဆုံးဖြစ်တဲ့ ကျေးရွာသောက်သုံးရေကန်တွေကိုဦးစားပေးလုပ်ပေးတယ်။ ရွာငါးရွာပေ့ါ။ တစ်ကန်ကို ၁၀ သိန်းနှုန်းနဲ့ ခွဲဝေပေးတယ်။ လုံလောက်မှုရှိလားဆိုတော့ ပြီးပြည့်စုံတဲ့ လုံလောက်မှုမရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အားလုံးနဲ့ ပူးပေါင်းပြီး အတတ်နိုင်ဆုံးအကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ရပါတယ်။ အချို့ရွာတွေက ကားသွားဖို့လမ်းပန်းဆက်သွယ်ရေးက ခက်ခဲတယ်။ အဲဒီရွာတွေအတွက် အဓိက လုပ်ဆောင်ပေးတယ်။ ကန်တွေပြင်တဲ့နေရာမှာလည်း ကန်ကိုတအားအနက်ကြီး မတူးဘူး။ အောက်က ရေငန်ပေါက်မှာစိုးလို့။ ရေချိုကို ထိန်းနိုင်ရုံလောက်သာ တူးမှာပြုပြင်ပေးမှာပါ"ဟု ပြောကြားသည်။

"နောက် အခု ကျွန်တော်ထပ်ပြောချင်တာက ကျွန်တော်တို့ ဒေသက ပင်လယ်ရေတက်ရင် ရေချိုတက်လာတယ်။ ပင်လယ်ရေကျရင် ရေချိုကျသွားတဲ့သဘောမျိုး ရှိတယ်။ ဒီလိုမဖြစ်အောင် ခေတ်မီနည်းပညာတွေလိုတယ်။ နည်းပညာ အကူအညီလိုအပ်တယ်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများလို့ထင်တယ်။ ဒါကြောင့် သောက်ရေကန်တွေမှာ သဘာဝနည်းပညာအရ ကြာပန်းတွေစိုက်မလားပေ့ါ။ ကန်ပတ်လည်မှာ သစ်ပင်တွေစိုက်ဖို့တွေလိုလာမယ်။ ကျွန်တော်သောက်သုံးရေလိုအပ်တဲ့နေရာတွေမှာကွင်းဆင်းလေ့လာရင် ကြုံရင်ကြုံသလို သစ်ပင်တွေစိုက်ဖို့တိုက်တွန်းမယ်။ နည်းပညာအကူအညီတွေ ရှာပေးမယ်။ ကျွန်တော်တို့ဒေသက ပြည်သူတွေနားလည်အောင် ရေချိုထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အတတ်နိုင်ဆုံး ဗဟုသုတများကို သိရသလောက် မျှဝေပေးပါ"ဟု ပြောကြားသည်။

သနပ်ပင်မြို့နယ်တွင် ကျေးလက်ဦးစီးဌာနက ရွာရှစ်ရွာရှိ သောက်ရေကန် ၁၆ ကန်ကို ပြန်လည်ပြုပြင်ပေးမည်ဖြစ်ပြီး ကသစ်ခုံ၊ ကျွဲတဲ၊ အလံပြု၊ လောင်မီး(ချောင်းဝ)၊ကမ်းပြို၊ကျုံပါလေး၊ ကပင်စသည့် ကျေးရွာများရှိ ကန်များကို ပြုပြင်ပေးသွားမည်ဟု သိရသည်။

သို့သော်လည်း ယင်း ၁၆ ကန်နှင့် နှစ်သစ်ကူးလက်ဆောင်ပါ ငွေကျပ်သိန်း ၅၀ ဖြင့် တူးဖော်သည့် ကန်ငါးကန် အပါအဝင်စုစုပေါင်း ၂၁ ကန်သာ ပြုပြင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ သနပ်ပင်မြို့နယ်တွင် သောက်သုံးရေအမှန်တကယ် လိုအပ်၍ ပြုပြင်ဆောင်ရွက်မှု စုစုပေါင်းကန် ၇၀ ကျော်ရှိပြီး ဆက်လက်၍ မတူးဖော်နိုင်သေးသည့်ကန်များကို ဆက်လက်တူးဖော်ရန် ကျန်ရှိနေသေးသောကြောင့် အများပြည်သူများအနေဖြင့် ရေကုသိုလ် လှူဒါန်းလိုပါက ဖုန်း- ၀၉-၄၂၈၀၄၈၅၅၅၊ ၀၉-၄၂၈၁၈၂၄၇၀၊ ၀၉-၅၃၀၁၄၉၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်း- ကိုသက်**
**ဓာတ်ပုံ- ဒွေးအောင်**



ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ၏ ယနေ့ကျင်းပသော မီတာ ၄×၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် မြန်မာအမျိုးသမီးပြေးခုန်ပစ်အဖွဲ့ကို တွေ့ရစဉ်။
(ဖိုးသော်ဇင်)

○ **မြန်မာ့လက်ရွေးစင်မှ**

ကျင်းပရန် စီစဉ်ထားသော်လည်း မြန်မာ့လက်ရွေးစင်အသင်းမှာ မေ ၂၉ ရက်မှ လူစုံလေ့ကျင့်နိုင်မည်ဖြစ်သောကြောင့် ခြေစမ်းပွဲကစားမည့်ရက်ကို တစ်ရက်နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့်ကစားမည့် MNL နိုင်ငံခြားသားများ ညွှန့်ပေါင်းအသင်းကို ဖွဲ့စည်းရခြင်းမရှိသေးသော်လည်း ပြည်တွင်းနည်းပြဖြင့် ဖွဲ့စည်းပြီး နိုင်ငံခြားသားကစားသမား ၂၀ ဖြင့် ဖွဲ့စည်းရန် စီစဉ်လျက်ရှိသည်။

ဆူဇူကီးဖလား ပြိုင်ပွဲဝင်မည့်မြန်မာ့လက်ရွေးစင်အသင်းကို အထောက်အကူပြုစေရန်အတွက် MNL နိုင်ငံခြားသားများ ညွှန့်ပေါင်းအသင်းကို အတောင့်တင်းဆုံးဖွဲ့စည်းကာကစားသမားများခြေစွမ်းအမှန်ဖြင့် ယှဉ်ပြိုင်ကစားရန် လိုအပ်နေသည်။ လက်ရှိ MNL တွင် ယှဉ်ပြိုင်ကစားနေသည့် နိုင်ငံခြားသားကစားသမားအများစုမှာ ခြေစွမ်းပိုင်း မြင့်မားသူများဖြစ်ရာ ခြေစွမ်းအမှန်ဖြင့်သာ ကစားပါက ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပြီး မြန်မာ့လက်ရွေးစင်အသင်းအတွက် များစွာအကျိုးရှိနိုင်ပေသည်။



# အစိုးရသစ်လက်ထက်တွင် ထုတ်ကုန်တင်ပို့မှုနှင့် စီးပွားရေးကဏ္ဍတိုးတက်လာစေရန် စီးပွား/ကူးသန်းဝန်ကြီးနှင့် လုပ်ငန်းရှင်များ ပထမဆုံးအကြိမ်တွေ့ဆုံ

**ရန်ကုန် မေ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာ့ စီးပွားရေးထုတ်ကုန်တင်ပို့မှုကဏ္ဍတွင် ကုန်သွယ်မှု ငါးနှစ် အတွင်း သုံးဆတိုးတက်အောင်ဆောင်ရွက်ရန် ဆန္ဒရှိ ကြောင်း မေ ၂၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ်၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အခြားစီးပွားရေး ဆိုင်ရာ ကုန်ပစ္စည်းအလိုက် ညီနောင်အသင်းများ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကုန်သည်စက်မှု အသင်းများ၊ နယ်စပ်ဒေသကုန်သွယ်ရေးအသင်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်စည်ဒိုင်များ အစရှိ သော အသင်းအသီးသီးမှ လုပ်ငန်းရှင်များအား မြန်မာ့ စီးပွားရေးကဏ္ဍ အလားအလာနှင့်ပတ်သက်၍ ပထမဆုံး အကြိမ်အဖြစ် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က "ကျွန်တော်တို့ အစိုးရအနေနဲ့ ရေကြီးမိုးခေါင်၊ စစ်ဘေး စစ်ရှောင် အရေးပေါ်ကိစ္စတွေ ပေါ်လာတဲ့အခါမှာ Emergency Response လုပ်နိုင်ဖို့ အစိုးရအနေနဲ့ စဉ်းစားထားတာ ရှိနေပါတယ်။ အဓိက က ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးတွေကို အရန်သင့်လုပ်နိုင်ဖို့အတွက်ပါ။ ဒါဟာ ပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူတွေရဲ့ အရေးကိစ္စဖြစ်တဲ့အတွက် လုပ်ငန်းရှင် တွေအနေနဲ့ တတ်နိုင်သမျှ လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ အရေးကြုံတဲ့အခါမှာ Response လုပ်နိုင်ဖို့ အသင်းအဖွဲ့ အလိုက် ကျွန်တော်တို့အစိုးရနဲ့ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်" ဟုပြောသည်။

ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးအောင်လုပ်ဆောင်ရာတွင် လယ်ယာကဏ္ဍသည် ပထမဦးစားပေး၊ SMEs ကဏ္ဍဖွံ့ဖြိုးစေရန် အသေးစား၊ အလတ်စားလုပ်ငန်းများသည် ဒုတိယဦးစားပေး၊ မြန်မာ နိုင်ငံ၏ သယံဇာတနှင့် သဘာဝအရင်းအမြစ်ကဏ္ဍအား တတိယဦးစားပေးအနေဖြင့် ဆောင်ရွက်၍ အဆိုပါကဏ္ဍရှိ ထုတ်ကုန်များ ကုန်ချောအနေဖြင့် ထုတ်လုပ်ကာ ပြည်ပသို့ တင်ပို့နိုင်မည့်နည်းလမ်းများ ရှာဖွေသွားမည်ဟု ပြော ကြားခဲ့သည်။

"ဘယ်လို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပြီး ပြည်ပတင်ပို့ မလဲ။ တရားမဝင်ကုန်သွယ်မှုတွေအတွက် စိုးရိမ်တယ်။ ဒီအခက်အခဲတွေကို ကျော်လွှားရမှာဖြစ်တဲ့အတွက် ဒီလို ဆွေးနွေးပွဲတွေကို အဆက်မပြတ်လုပ်ပေးပါမယ်။ မီဒီယာ ကတစ်ဆင့် အစိုးရကို ဝေဖန်ပါ။ အားနာစရာ မလိုပါဘူး။ ထောက်ပြပါ"ဟု ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စု ဝန်ကြီးက ပြောကြားသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီး အဆိုပြုသည့် ထုတ်ကုန်တင်ပို့မှုတန်ဖိုး သုံးဆ တိုးနိုင်ရေး၊ လာမည့်ငါးနှစ်အတွင်း ထုတ်ကုန်/ပို့ကုန် သုံးဆတိုးတက်နိုင်ရေးအတွက် အသေးစား၊ အလတ်စား လုပ်ငန်းများ တိုးတက်လာရေး၊ စိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းကဏ္ဍများနှင့် အစားအသောက် ထုတ်လုပ်မှုကဏ္ဍများအား အဓိကအားပေး၍ ထုတ်ကုန် သုံးဆ တိုးမြှင့်နိုင်ရေးတို့ကို လုပ်ငန်းရှင်များက လက်ခံ ဆွေးနွေးခဲ့ကြပြီး လုပ်ငန်းရှင်အသင်းများ၏ လိုလားချက် နှင့် အစိုးရ၏လိုအပ်ချက်များကို ထောက်ပြဆွေးနွေး ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံစီးပွားရေးကဏ္ဍတွင် ဖြစ်ပေါ်နေသည့် နယ်စပ်မှ တရားမဝင်ကုန်တင်သွင်းခြင်းလုပ်ငန်းများအား ကာကွယ်တားဆီးနိုင်မည့်နည်းလမ်းများကိုလည်း ဆွေးနွေး အဖြေရှာရာတွင် လုပ်ငန်းရှင်များက နယ်စပ်ဒေသမှ တင်သွင်းလာသည့် သွင်းကုန်များအား စားသုံးသူ ကာကွယ်ရေးအရ မည်သည့်ပစ္စည်းမဆို ကုန်ပစ္စည်းအညွှန်း တွင် မြန်မာစာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ရေးသား ရန်ကိစ္စများ ဆက်လက်ဆောင်ရွက်ပေးရန်၊ ပို့ကုန်/သွင်း ကုန် လိုင်စင်ကိစ္စရပ်များနှင့်ပတ်သက်ပြီးလည်း ဥပဒေ ဆိုင်ရာလိုအပ်ချက်များကို ညှိနှိုင်းအဖြေရှာရန် တောင်းဆို ခဲ့ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာ နိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ကုန်သည်/ စက်မှုအသင်းများ၊ ကုန်စည်ဒိုင်များ၊ အခြားကုန်သွယ်မှုနှင့် သက်ဆိုင်သည့် အသင်းအဖွဲ့များနှင့် မေ ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/ စက်မှုအသင်းချုပ်၌ ဆက်လက်တွေ့ဆုံဆွေးနွေးမည် ဖြစ်သည်။

**သတင်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ - ဖိုးထောင်**

✱ ကျောဖုံးမှ

လယ်မြေ ၄၄ ဧက ကို ၁၃၂ သိန်းနဲ့ ဝယ်ယူပေးပြီး ရွာသစ်တည်ပေးဖို့ တင်ပြတောင်းဆိုထားတယ်။ မတ်လ ကုန်ထိငွေမကျလာဘူး။ ငွေမကျတဲ့ အပြင် ကျွန်တော်တို့ တင်ပြတဲ့နေရာ က ကမ်းနဲ့ လေးဖာလုံလောက်ပဲ ဝေးတယ်။ အဲဒီဘက်ကမ်းစပ်မှာလည်း ရေတိုက်စားမှု စတင်ဖြစ်ပေါ်နေလို့ ဒီနေရာကလည်း စိတ်မချရဘူး။ ဒါကြောင့် ရွာသူရွာသားတွေတိုင်ပင်ပြီး ရွာသစ်တည်ပေးဖို့ တင်ပြမယ့်နေရာ ကိုရှာတွေ့တယ်။ ကမ်းပါးနဲ့ သုံးမိုင် လောက်ဝေးတဲ့ ကျွဲဖြူပိုင်းထဲက ခေါင်းကျောင်းနေရာကို တွေ့တယ်။ ဒီနေရာကို လက်ရှိအစိုးရသစ်ထံ အမြန်ဆုံးတင်ပြမယ်။ အစိုးရသစ် အနေနဲ့လည်း မိုးရာသီမတိုင်ခင် အမြန်ဆုံးရွာနေရာချပေးဖို့ တောင်းဆို လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ်းပါးက နေ့စဉ်နဲ့အမျှ နည်းနည်းပြို နေတာ ရွာသားတွေက ဆုတ်ခွာခွာ နေပြီး အဆင်ပြေသင့်လျော်တဲ့နေရာ မှာ ယာယီဆောက်လုပ်နေထိုင်နေရ တယ်။ အိမ်ပြောင်းဖို့ မြေမရှိဘူး။ ရွာအသစ် အတည်တကျသတ်မှတ် ပေးလိုက်ရင် ရွာသူရွာသားတွေက ကိုယ့်အိမ်ဆောက်မယ့် နေရာကို ရွှေ့ထားလို့ရတာပေါ့။ ခုလိုတစ်နေရာပြီး တစ်နေရာ ရွှေ့စရာမလိုတော့ပါဘူး။ နောက်ပြီး စာသင်ကျောင်းတို့၊ ဘုန်း ကြီးကျောင်းတို့လည်း ရွှေ့ပြောင်းထား လို့ရတယ်။ ကျွန်တော်တို့တင်ပြတဲ့ နေရာမှာ ရေကန်ကြီးတစ်ခုလည်း ရှိတယ်။ ပြုပြင်ထိန်းသိမ်းမှုလည်း ကြိတင်ပြုလုပ်လို့ရတာပေါ့။ ဘာဖြစ် လို့လဲဆိုတော့ ကျွန်တော်တို့ဒေသက ရေချိုရှားပါးတယ်။ သောက်ရေကန် တွေလုပ်ပြီး သုံးရတာ။ ပင်လယ်နဲ့ နီးလို့ ရေငန်တွေပဲ ထွက်တာ။ ဘယ်လောက်အနက်တူးတူး နွေရာသီ မှာဆိုရင် သောက်ရေကန်တွေက ခန်းခြောက်တယ်။ ဒီလိုအခက်အခဲ တွေရှိလို့ပါ။ အစိုးရသစ်တက်လာပြီး ငါတို့တော့ အခွင့်အရေးရပြီဆိုပြီး တောင်းဆိုတာမဟုတ်ပါဘူး။ အမှန် တကယ်အခက်အခဲရှိလို့ပါ။ မနက်ဖြန် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် လာမယ်လို့ကြားသိရတယ်။ အခက် အခဲတွေကို တင်ပြသွားမှာပါ"ဟု ပြောကြားသည်။



ဦးစိုးသိန်း



ဦးမောင်ထွန်း

ဆက်လက်၍ ဒေသခံ တစ်ဦးကလည်း "ကျွန်မတို့ရွာက အရင်တုန်းကဆို ငါးအလွန်ပေါတယ်။ ကမ်းပါးနှစ်စဉ်ပြိုတော့ တံငါလှေတွေ မကပ်ရဲတော့ဘူး။ သူတို့ မကပ်ရဲတော့ ငါးပါရှားလာတယ်။ မြို့က ရေခဲရိုက် ငါးတွေကို ဈေးကြီးပေးပြီး ပြန်ဝယ် စားရတယ်။ ရေတိုက်စားမှုကြောင့် လယ်မြေတွေ ပျက်စီးကုန်တယ်။ လယ်ယာမဲ့တွေဖြစ်ပြီး ကြုံသလို လုပ်ကိုင်စားသောက်ရတယ်။ နေ့စား အလုပ်တွေပါ။ နီးစပ်ရာနေရာတွေ မှာ ရှိတဲ့အလုပ်ကို လုပ်ကိုင်ရတာပါ" ဟု ပြောသည်။

၁၉၇၅ ခုနှစ်က ကမ်းပါးပြိုမှု ကြောင့် ပြောင်းရွှေ့လာသူ ဒေသခံ ဦးစိုးသိန်းကလည်း "ကျွန်တော်တို့ ၁၉၇၅ ခုနှစ်လောက်က ကမ်းပြိုလို့ ကသစ်ခုံရွာကုန်းကို ပြောင်းလာခဲ့တာ။ အဲဒီအချိန်တုန်းက ကသစ်ခုံရွာကုန်း က ရွာကြီး အိမ်ခြေ ၈၀၀ လောက်ရှိ တယ်။ ပြောင်းတော့ ရွာသစ်မှာ အိမ်ခြေ ၁၀၀ ကျော်လောက်ပါလာ တယ်။ တချို့တွေကတော့ နီးစပ်ရာကို ပြောင်းပေးတာပါ။ ၁၉၇၅ ခုနှစ် ကမ်းပါးပြိုတုန်းက လယ်မြေဧက ၁၀၀၀၀ ကျော်လောက်ပါသွားတယ်။ နောက် အဲဒီနေရာမှာ သောင်ပြန်ဖြစ် တော့ တဖြည်းဖြည်း အိမ်ခြေ ၃၀၀ ကျော် လောက်ပြန်ဖြစ်တယ်။ ခုတော့ ပြန်ဖြစ်တဲ့ရွာလုံးကျွတ် ပြန်ပြောင်း ပြေးရတော့မယ်။ ကမ်းပါးပြိုမှုက တစ်နေ့ထက်တစ်နေ့ ပိုပိုဆိုးလာ တယ်။ ကမ်းပါးပြိုရခြင်းကလည်း စစ်တောင်းမြစ်ကြောင်း ပြောင်းလဲ ခြင်းနဲ့ မုတ္တမပင်လယ်ကွေ့ဖြစ်တဲ့ အလျောက် ဒီရေတိုက်စားမှုဒဏ်ကို ခံရတာပါ။ ရေစီးကြောင်းမဖြောင့်ရင် အနောက်ဘက်ဆိုရင် ပဲခူးတိုင်းဒေသ ကြီး၊ အရှေ့ဘက်ဆိုရင် မွန်ပြည်နယ်ပါ။ မွန်ပြည်နယ်က ဂဝံမြေဖြစ်တဲ့အတွက် ကမ်းပါးပြိုမှုနည်းတယ်။ အောက်ဘက် ပိုင်းမှာဆိုရင် မြေနုကျွန်းတွေ ပြန်ပေါ်တယ်။ ဒီဘက်အခြမ်းက အဓိကခံရတာပါ"ဟု ပြောသည်။

ကမ်းပါးပြိုမှုနှင့် ပတ်သက်၍ လည်း ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးမြင့်ဦး(သနပ်ပင်မြို့နယ်)က "ကသစ်ခုံရွာကုန်းက ရွာလုံးကျွတ် နီးပါး ကမ်းပါးပြိုမှုဒဏ်ကို ခံစားရ ပါတယ်။ ကမ်းပါးပြိုမှုကြောင့် လယ် မြေတွေ ဆုံးရှုံးတယ်။ လယ်ယာမဲ့တွေ ဖြစ်ကုန်တယ်။ လက်ရှိစားဝတ်နေရေး မပြေလည်ဘူး။ သူတို့တွေအတွက် နေရာပြန်ချပေးဖို့တွေ စတဲ့အခက် အခဲတွေကို အမြန်ဆုံးထိရောက်တဲ့ ပံ့ပိုးမှုတွေပြုလုပ်နိုင်ဖို့ ကျွန်တော် လွှတ်တော်မှာ တင်ပြဆွေးနွေးပေး သွားမှာပါ။ သူတို့ဘဝတွေ ရပ်တည် နိုင်ရေးအတွက် ဘယ်လိုလုပ်ပေး ရမယ်ဆိုတာစဉ်းစားပြီး အမြန်ဆုံး ကူညီဆောင်ရွက်ပေးနိုင်ဖို့ ကြိုးစား သွားမှာပါ"ဟု ပြောကြားသည်။

သနပ်ပင်မြို့နယ် ကသစ်ခုံရွာ ကုန်းကျေးရွာသည် ၁၉၇၅ ခုနှစ်က ကမ်းပါးပြိုမှုအကြီးမားဆုံးဖြစ်ခဲ့ပြီး ယခုတစ်ကြိမ် ကမ်းပါးပြိုမှုမှာ ၂၀၁၀ ခုနှစ်မှ အနည်းငယ်ပြိုကျလာကာ ၂၀၁၅ ခုနှစ်တွင် အဆိုးရွားဆုံးဖြစ်ပြီး ရွာလုံးကျွတ်နီးပါး ပြောင်းရွှေ့နေရ သည်ဟု သိရသည်။



ကမ်းပါးပြိုမှုကြောင့် ကသစ်ခုံရွာကုန်း ရွာသားများ သင့်တော်ရာနေရာသို့ ရွှေ့ပြောင်းနေကြစဉ်။

# လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မွေ့တော်ကက္ကူစေတီတော် ထီးတော်များ မြေသို့ခ



**တောင်ကြီး မေ ၂၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်ရှိ ရှေးဟောင်းမွေ့တော်ကက္ကူစေတီတော်များသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည့် နေရာတစ်ခုဖြစ်ရာ မွေ့တော်ကက္ကူစေတီတော်များသည် မေ ၂၂ ရက် ည ၈ နာရီတွင် တစ်ကြိမ်၊ ည ၁၀ နာရီတွင် တစ်ကြိမ် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရှေးဟောင်းမွေ့တော်ကက္ကူစေတီတော် ထီးတော်များ မြေပေါ်သို့ကျရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရှေးဟောင်းမွေ့တော်ကက္ကူစေတီတော်ဘုရားသို့ ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စေတီတော်များ မြေကြီးပေါ်သို့ ကျရောက်နေမှုနှင့် ထီးတော်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မွေ့တော်ကက္ကူဘုရားဂေါပကအဖွဲ့နှင့်တွေ့ဆုံ၍ စေတီတော်ပတ်ဝန်းကျင်ကို ဂေါပကအဖွဲ့နှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ရန်နှင့် ပျက်စီးစာရင်းများ ပြုစုထားရန် ထိခိုက်မှုမရှိစေရန်၊ ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ မွေ့တော်ကက္ကူစေတီတော် ဓမ္မရုံတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတို့သည် တောင်ကြီးမြို့နယ် သံဃနာယက ဆရာတော်ထံ ဩဝါဒခံယူရာ ဆရာတော်ကြီးက စေတီတော်ပတ်ဝန်းကျင်အနီးရှိ သန့်ရှင်းရေးများကို အမြန်ဆုံးဆောင်ရွက်ရန် မိန့်မှာကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့် တာဝန်ရှိသူတို့က ဆွေးနွေးရာ မူလလျှုဒါန်းထားသော စေတီအလှူရှင်များကို ဦးစားပေးဆက်သွယ်ဆောင်ရွက်ရန် စေတီတော်ပတ်ဝန်းကျင် အဝင်ပေါက်များကို ခေတ္တပိတ်ထားပြီး ဘုရားဖူးဧည့်သည်များကို ပြင်ပမှ ဖူးမြော်ရန်၊ ရှေးဟောင်းသမိုင်းဝင်ပစ္စည်း ပျောက်ပျက်မှုမရှိစေရန်နှင့် တပ်မတော်အင်အား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသရှိ ပအိုဝ်းလူငယ်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကြသည်။

လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရှေးဟောင်းမွေ့တော်ကက္ကူစေတီတော် ၂၄၇၈ ဆူရှိရာ ၁၇၀၀ ဝန်းကျင်ခန့် ထီးတော်များ ပျက်စီးပြိုကျပြီး အာသောကဆုတောင်းပြည့်စေတီတော်မှာ ထက်ပိုင်းကျိုး၍ပျက်စီးခြင်း၊ ဖောင်တော်ဆိုက်စေတီတော်မှာ ငှက်မြတ်နားတော်၊ ထီးတော်ပြိုကျပျက်စီးခြင်း၊ မွေ့တော်ကက္ကူစေတီတော်ပတ်ဝန်းကျင်ရှိ အိမ်များပြိုခြင်း၊ အိမ်ခေါင်မိုးများ ပြုတ်ထွက် လန်သွားခြင်း၊ ဓာတ်မီးတိုင်များ လဲကျခြင်း၊ Transformer များပျက်စီးခြင်း၊ စာသင်ကျောင်း အမိုးများလန်ခြင်း၊ ဖုန်းကြိုးနှင့် သစ်ပင်များကျိုးကျခြင်း၊ ကက္ကူဘုရားအနောက်ဘက်ရှိ ခေတ္တနားနေဆောင် ပြိုကျခြင်း၊ စေတီရင်ပြင်မြောက်ဘက်ရှိ ဓမ္မာရုံအာရုံခံ အဆောက်အအုံများ ပျက်စီးပြိုကျခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ကလေးမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

**ကလေး မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကလေးမြို့နယ်တွင် မေ ၂၂ ရက် နံနက် ၆ နာရီခန့်က လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာ ဘုရားကျောင်းကန်၊ လူနေအိမ်၊ စာသင်ကျောင်းများ ပျက်စီးမှုရှိခဲ့ပြီး သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကလေးမြို့ ကြို့သုံးပင်ရပ်ကွက်တွင် လူနေအိမ်လေးလုံးနှင့် ကြက်ခြံတစ်ခြံတို့ ပြိုပျက်ကာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် လူနေအိမ် ၄၃ လုံးမှာ အမိုးလန်သွားပြီး လူဦးရေ ၁၈၈ ဦး လေဘေးသင့်ခဲ့ကြသည့်အပြင် ကလေးမြို့နယ် ရှားတောကျေးရွာတွင်လည်း လူနေအိမ် ၂၄ လုံးနှင့် စာသင်ကျောင်းတစ်ကျောင်းတို့မှာ အမိုးသွပ်များလန်ပြီး လူဦးရေ ၁၁၉ ဦး လေဘေးသင့်ခဲ့ကြရသည်။

ယင်းသို့ လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်ပြည်သူများအား ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လေဘေးသင့်အိမ်ထောင်စု ၇၂ စုမှ လူဦးရေ ၃၀၇ ဦးတို့အတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့မှုပေးနိုင်ရန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်ရိက္ခာများနှင့် လိုအပ်သောကူညီထောက်ပံ့မှုများ ပေးနိုင်ရန် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ချင်းတွင်းသား)**

# ပုပ္ပားတောင်မကြီး၌ လောင်ကျွမ်းသောတောမီး ထိန်းသိမ်းနိုင်သည့်အနေအထားတွင်ရှိ မီးကြွင်းမီးကျန်များမှလွဲ၍ အရှိန်အဟုန်ဖြင့် ဆက်လက်လောင်ကျွမ်းခြင်းမရှိ

**ကျောက်ပန်းတောင်း မေ ၂၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့၏တောင်ဘက် ၁၀ မိုင်အကွာရှိ ပုပ္ပားတောင်မကြီး၌ မေ ၂၀ ရက် ညနေ ၄ နာရီခွဲမှစတင်ကာ တောမီးများလောင်ကျွမ်းလျက်ရှိရာ ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပုပ္ပားတောင်မကြီးထိပ်ရှိ MRTV ရုပ်သံထပ်ဆင့်လွှင့်စက်ရုံအား မီးကူးဆက်လောင်ကျွမ်းခဲ့ပြီး အဆောက်အအုံတစ်လုံးနှင့် စက်ပစ္စည်းအချို့ တောမီးကူးစက်လောင်ကျွမ်းခံခဲ့ရကြောင်း သိရသည်။

တောမီးကူးစက် လောင်ကျွမ်းခံရသည့် စက်ရုံကို မြို့နယ်တာဝန်ရှိသူများ၊ ထပ်ဆင့်လွှင့်စက်ရုံဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ အမှတ်(၇၈) ခြေလျင်တပ်ရင်းမှတပ်ဖွဲ့ဝင်များ၊ပုပ္ပားဒေသခံများ၊ရဲတပ်ဖွဲ့ဝင်များနှင့်မြို့ပေါ်မှပရဟိတလူငယ်များ စုပေါင်းငြိမ်းသတ်ခဲ့ရာ အဆိုပါ ည ၈ နာရီခွဲခန့်တွင် စက်ရုံ၌လောင်ကျွမ်းနေသော မီးအားထိန်းသိမ်းနိုင်ခဲ့ပြီး တောမီးမှာအောက်ဘက် မြက်ရိုင်းခြောက်များ၊ သစ်ခြောက်များရှိရာအတိုင်း ဆက်လက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ယင်းတောမီးသည် မေ ၂၁ ရက်တွင် ရဟတ်ယာဉ်ကွင်း(ဦးနုတိုက်အဆောက်အအုံဟောင်း) အထက်ဘက် ဆေးမွန်တောင်ဝန်းကျင်သို့ ရောက်ရှိခဲ့ပြီး မြက်ခြောက်တောများနှင့် ယူကလစ်ပင်အိုများကို ဆက်လက်လောင်ကျွမ်းခဲ့ရာမှ ညပိုင်းတွင် မှန်ပြတောင်တစ်ဝိုက် ကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါတောမီးသည် မှန်ပြတောင်ဝန်းကျင်ရှိ မြက်ခြောက်များ၊ သစ်ဆွေးများအား လောင်ကျွမ်းကာ မှန်ပြတောင်စွယ်ကို ကျော်၍ ပုပ္ပားတောင်မကြီး၏မြောက်ဘက်တောင်ခြေရှိ ကျေးရွာများသို့ ကူးစက်ခြင်းမရှိစေရန် မေ ၂၂ ရက် နံနက်ပိုင်းမှစတင်၍ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ Popa Resort မှ ဝန်ထမ်းများက မီးသတ်ဆေးဘူးကြီး အလုံး ၁၀၀ ဖြင့် လောင်ကျွမ်းလျက်ရှိသည့်နေရာများနှင့် မီးကြွင်းမီးကျန်များအားလိုက်လံငြိမ်းသတ်ခြင်း၊ မီးတားလမ်းများ ဖောက်လုပ်ခြင်းတို့ကို လူစုခွဲ၊ နေရာခွဲ၍ ဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ကျောက်ပန်း တောင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပုပ္ပားတောင်ချစ်သူများ အဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် ပုပ္ပားတောင်မကြီး မြောက်ဘက်စောင်း၊ တောင်ပေါ်တောင်ကျေးရွာအထက်ဘက် နှစ်မိုင်ခန့်အကွာရှိ ချိုးမတွင်းရေထွက်သို့ သွားရောက် စောင့်ကြပ်ကြည့်ရှုခဲ့ကြပြီး မီးတားလမ်းများ ဖောက်လုပ်ခဲ့ကြသည်။

အဆိုပါ ချိုးမတွင်းရိုးအထက် မှန်ပြတောင် ကမ္ဘာ့ရံတွင် တောမီးအနည်းငယ် ကူးစက်လောင်ကျွမ်းလျက်ရှိပြီး အခြားနေရာများတွင် ထိန်းသိမ်းနိုင်ခဲ့သည့်အခြေအနေရှိ၍ ကြီးကြီးမားမားလောင်ကျွမ်းမှု မရှိတော့ကြောင်း သိရသည်။

အဆိုပါ ချိုးမတွင်းရိုးအထက်ဘက် ချိုးမတွင်း ရေထွက်အနီးဝန်းကျင်တွင် မေ ၂၂ ရက် နံနက်ပိုင်းက မြက်ခြောက်နှင့်ချုံနွယ်ပိတ်ပေါင်းများကို တောမီးအနည်းငယ် ကူးစက်လောင်ကျွမ်းခဲ့ပြီး ချိုးမတွင်းရေထွက်မှ တောင်ပေါ်တောင်ကျေးရွာသို့ ရေသွယ်ယူသည့် နှစ်လက်မပိုက်ပျော့ ၁၀ လုံး(ပေ ၂၀၀) ခန့်မီးသင့်လောင်ဆုံးရှုံးမှုရှိခဲ့ပြီး လူ၊ အိမ်မွေးတိရစ္ဆာန်နှင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မြင်းမူ၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များကျိုးကျ၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်

**မြင်းမူ မေ ၂၃**
မြင်းမူမြို့ပေါ်နှင့် မြို့နယ်တွင်း၌ မေ ၂၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ ကွမ်းသီးလုံးခန့် မိုးသီးများပါလာပြီး မုံရွာ-မြင်းမူ-မန္တလေးကားလမ်းပေါ်သို့ သစ်ပင်၊ သစ်ကိုင်းများ ကျိုးကျ၊ ပဲ့ကျခဲ့သဖြင့် အချိန်တစ်နာရီကျော်ကြာ ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကားလမ်းပေါ်သစ်ပင်ကျိုးကျသည်များအား ရပ်ကွက်ပြည်သူများ၊ မြတ်သုခကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းမှအသင်းဝင်များက ဝိုင်းဝန်းခုတ်ထွင်ရှင်းလင်းဖယ်ရှားခဲ့ကြကြောင်း သိရသည်။

**(၆၂၄)**



# ကျောက်ဆည်တွင် လေပြင်းတိုက်ခတ်

## လူခြောက်ဦးနှင့် နွားများ သေဆုံးပြီး နေအိမ်များ ပျက်စီးဆုံးရှုံး

**ကျောက်ဆည် ဧပြီ ၂၃**

ကျောက်ဆည်မြို့နယ်အတွင်း ဧပြီ ၂၂ ရက် ညနေ ၃ နာရီခန့်မှစတင်၍ မိုးများသည်းထန်စွာ ရွာသွန်းခြင်းနှင့် မိုးသီးများကျခြင်းတို့ကြောင့် ရေသရောက်ကျေးရွာတွင် နွားသိမ်းပြန်လာသော အသက်(၁၀)နှစ်ဝန်းကျင်ခန့်ကလေး နှစ်ဦး၊ အသက်(၂၂)နှစ်ခန့်၊ (၂၅)နှစ်ခန့်၊ (၃၈)နှစ်ခန့်ရှိ လူလတ်ပိုင်း သုံးဦး၊ အသက် (၇၀) ခန့်ရှိ လူကြီးတစ်ဦးနှင့် နွားများ တောင်ကျချောင်းရေနှင့်အတူ မျောပါပြီး အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ခြောက်ဦး သေဆုံးခဲ့ကာ နွားများသေဆုံးမှုကို စာရင်းအတိအကျမသိရသေးကြောင်း၊ မိုးသီးများကျခြင်းကြောင့် အဆိုပါကျေးရွာတွင် မူလတန်းကျောင်းဆောင် နှစ်ဆောင်၊ ဆရာမများနေအိမ်နှင့် အဆောက်အအုံ ၁၆၇ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကျခြင်းကြောင့် မြို့နယ်အတွင်းရှိ သင်္ဂတိုကျေးရွာတွင် လူနေအိမ် ၁၀၀ ကျော်၊ ရဲစုရပ်ကွက်တွင် အဆောက်အအုံ ငါးလုံးပျက်စီးဆုံးရှုံးခဲ့ကာ ချောင်းဆုံကျေးရွာတွင် နွား ၃၅ ကောင် သေဆုံးခဲ့ပြီး ဟံမြင့်မိုရ်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ သစ်ပင်များပြိုလဲခဲ့ကာ မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို တာဝန်ရှိသူများက ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ရေသရောက်ကျေးရွာသို့ ဧပြီ ၂၂ ရက် ညဦးပိုင်းမှစတင်ကာ နယ်မြေခံဌာနချုပ်မှ ဗိုလ်မှူးကြီးဆန်းဝင်းထွန်း ဦးဆောင်သော စစ်သည်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် အဖွဲ့များက အပျက်အစီးများအား ကူညီဖယ်ရှားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုသည် တစ်နာရီလျှင် လေတိုက်နှုန်း ၄၇ မိုင်မှ မိုင် ၅၀ အထိရှိကြောင်း ကျောက်ဆည်မြို့ မိုး/ဇလ၏ ထုတ်ပြန်ချက်အရ သိရသည်။

(ထွန်းထွန်းနိုင်- ကျောက်ဆည်)



# စဉ့်ကိုင်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးများကျခြင်းကြောင့် ကျေးရွာအချို့ နေအိမ်များပျက်စီးကာ မွေးမြူရေးတိရစ္ဆာန်များ သေဆုံး

**စဉ့်ကိုင် ဧပြီ ၂၃**

စဉ့်ကိုင်မြို့နယ်တွင် ဧပြီ ၂၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်မှ ၄ နာရီ ၄၅ မိနစ်ခန့်ထိ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ နေရာအများအပြားတွင် လေပြင်းများ တိုက်ခတ်ပြီး မိုးသီးများ သည်းထန်စွာကျဆင်းကာ ကျေးရွာအချို့တွင် နေအိမ်များ အမိုးပျက်စီးခြင်း၊ မွေးမြူရေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွား၊ ဆိတ်၊ ဝက်များ သေဆုံးခဲ့ခြင်းနှင့် လမ်းများပေါ်တွင် သစ်ပင်များပြိုလဲခြင်းကြောင့် ယာဉ်သွားလာမှုပိတ်ဆို့ခြင်းတို့ ဖြစ်ပေါ်ခဲ့ကာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာစိုးသန်း ဦးဆောင်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးသီးများကျခြင်းကြောင့် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ မင်းလှရွာအနီး၊ တောမရွာ (ကျောက်ဆည်တက္ကသိုလ်) အနီး သစ်ပင်များပြိုလဲကာ ယာဉ်သွားလာမှုပိတ်ဆို့ခဲ့ပြီး လူ၊ တိရစ္ဆာန်များပျက်စီးဆုံးရှုံးမှုဖြစ်ခြင်း မရှိခဲ့သော်လည်း မိုင်တိုင်အမှတ် (၄၁၂/၅-၆) ဇာမဏီစက်သုံးဆီဆိုင်အနီး ကုက္ကိုပင်ပြိုလဲပြီး ၁၈ ဘီးတွဲကား နောက်ပိုင်းပေါ်သို့ လဲကျခဲ့သဖြင့် အနည်းငယ်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကံကြီးကျေးရွာတွင် မိုးသီးများ သည်းထန်စွာကျခြင်းကြောင့် လူနေအိမ် ၃၂၂ လုံး အမိုးများပေါက်ပြဲပျက်စီးခြင်း၊ မူလတန်းကျောင်းဆောင် အမိုးများပျက်စီးခဲ့ခြင်း၊ လူသေဆုံးခြင်းမရှိဘဲ ဆိတ် ၅၂ ကောင်၊ ကျွဲတစ်ကောင်၊ နွားတစ်ကောင်၊ ဝက်တစ်ကောင် သေဆုံးခဲ့ခြင်း၊ ဖလံပင်ကုန်းကျေးရွာတွင် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှု မရှိသော်လည်း နွား ၁၀ ကောင်၊ ဆိတ် ၁၂ ကောင်၊ အုတ်ဖိုပြင်ကျေးရွာတွင် ဆိတ် ၃၇ ကောင် သေဆုံးခဲ့ခြင်း၊ တအုံ(အနောက်)ကျေးရွာတွင် လူနေအိမ် ၇၈ လုံး၊ တအုံ(အရှေ့)တွင် နေအိမ် ၂၂ လုံး၊ မြောက်တောကြီးကျေးရွာတွင် လူနေအိမ် ၂၅ လုံး၊ ဆောက်အင်းကျေးရွာတွင် နေအိမ် ၅၅လုံး၊ ပတ္တာကျေးရွာနှင့် ကြက်မျှားကျေးရွာတို့တွင် နေအိမ်လေးလုံးစီ၊ စွန်ရဲကျေးရွာ၊ ဝံပတော့မြောက်ကျေးရွာ၊ တပ်ကြီးကျေးရွာ၊ ရွာသစ်ကျေးရွာများတွင် နေအိမ်တစ်လုံးစီပျက်စီးခဲ့ပြီး တောမကျေးရွာတွင် နေအိမ်တစ်လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လူနေအိမ်၊ မွေးမြူရေးတိရစ္ဆာန်များ သေဆုံးပျက်စီးခြင်းနှင့်အတူ ကြက်မျှားကျေးရွာမြောက်ဘက်ရှိ ဉာဏ်တော် ပေ ၅၀ ရှိ ရွှေဘုံသာစေတီတော် ထီးတော်စောင်းကာ ဖောင်းရစ်တော်ပြုတ်ကျခြင်း၊ ကျောက်မိုင်းကျေးရွာတွင် ဉာဏ်တော် ၃၂ ပေရှိ အောင်ချမ်းသာစေတီတော် ဖောင်းရစ်တော်ပြုတ်ကျကာ ထီးတော်မြေခခြင်းနှင့် တောင်ဦးကျေးရွာတွင် ဉာဏ်တော် ၂၄ ပေရှိ ချမ်းသာကြီးစေတီတော် ဖောင်းရစ်တော်ပြုတ်ကျကာ ထီးတော်မြေခခဲ့ကြောင်း သိရသည်။

ကူညီကယ်ဆယ်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူစေရန်အတွက် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများမှ မိုးလင်းသည်နှင့် တစ်ပြိုင်နက် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ကာ အပျက်အစီးများခဲ့သည့် ကံကြီးကျေးရွာတွင် ရွာလယ်ဓမ္မာရုံ၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ကျန်းမာရေးဦးစီးဌာနမှ ဆေးကုသမှုများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ထွန်းထွန်းနိုင်)

■

# မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

**ညောင်ရွှေ ဧပြီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် လက်မောင်းကွေးကျေးရွာအုပ်စုတွင် ဧပြီ ၂၂ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် ကျောင်းနားကျေးရွာတွင် နေအိမ် ကိုးလုံး၊ ပန်းတင်ကျေးရွာတွင် နေအိမ် တစ်လုံး၊ သရက်ပင်ကျေးရွာတွင် နေအိမ်လေးလုံး စုစုပေါင်း နေအိမ် ၁၄ လုံး အမိုးများ ပြုတ်ထွက်ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

# တမူးတွင် မိုးသက်လေပြင်းကျ

**တမူး ဧပြီ ၂၃**

တမူးခရိုင် တမူးမြို့တွင် ဧပြီ ၂၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်က မိုးသက်လေပြင်းကျရောက်ခဲ့ရာ တမူးမြို့ ဈေးတန်းရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်ရှိ သစ်ပင်တချို့ လမ်းမပေါ်တွင် ကျိုးပြတ်လဲကျခဲ့သည်။

အဆိုပါ လမ်းပိတ်သည့် သစ်ပင်များကို မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက ချက်ချင်း ဖယ်ရှားရှင်းလင်းသဖြင့် ယာဉ်များ ပုံမှန်သွားလာလျက်ရှိသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် ၁၀ မိနစ်ခန့်မိုးရွာသွန်း၍ မိုးသီးများကြွေကျပြီး တမူးမြို့ပေါ်တွင် ထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

# ကလောမြို့နယ်၌ အချိန်အခါမဟုတ် မိုးသက်လေပြင်းတိုက်ခတ်

**ကလော ဧပြီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စု၊ ကျောက်ထပ်ကျေးရွာအုပ်စု၊ ဘော်နင်းကျေးရွာအုပ်စုများအတွင်း ဧပြီ ၂၂ ရက် ညနေ ၆ နာရီ ၅ မိနစ်တွင် အချိန်အခါမဟုတ် မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးများရွာချခြင်းတို့ကြောင့် ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စု ကျွဲတဲကျေးရွာတွင် အိမ်ခြေ လေးလုံး၊ ဘော်နင်းကျေးရွာအုပ်စု လက်မောင်းကွေးကျေးရွာတွင် အိမ်ခြေ ၄၄ လုံး၊ ဘုရားပြိုကျေးရွာတွင် အိမ်ခြေ တစ်လုံး၊ ညောင်ခါးရှည်ကျေးရွာတွင် အိမ်ခြေ ၁၃ လုံး၊ ပုန်းအင်းကျေးရွာတွင် အိမ်ခြေ ငါးလုံး၊ ကျောက်ထပ်ကျေးရွာအုပ်စု နောင်လွယ်ကျေးရွာတွင် အိမ်ခြေ တစ်လုံး၊ ဘောဆိုင်းကျေးရွာအုပ်စု သဲကုန်းကျေးရွာတွင် အိမ်ခြေ ၁၀ လုံး စုစုပေါင်းအပျက်အစီး ၇၈ လုံးတို့ အမိုး၊ အကာ၊ အခင်းနှင့် အခြားပြိုကျပျက်စီးခဲ့သည့် တန်ဖိုးခန့်မှန်းခြေ ကျပ် ၅၂၃၄၂၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လူ၊ တိရစ္ဆာန်များ ထိခိုက်သေကျေမှုမရှိကြောင်း သိရသည်။

(ဝ၉၁)



# လေပြင်းကြောင့် တံတားဦးမြို့နယ်မှ ညောင်ကုန်း၊ လိန်ကုန်း၊ ကျောင်းကုန်း၊ ထောင်ရှစ်ကုန်းရွာတွင် အိမ် ၂၃၄ လုံးပျက်စီး

**တံတားဦး ဧပြီ ၂၃**

ဧပြီ ၂၃ ရက် ညနေပိုင်းက တိုက်ခတ်ခဲ့သည့် လေပြင်းကြောင့် တံတားဦးမြို့နယ်မှ ညောင်ကုန်းရွာ၊ လိန်ကုန်းရွာ၊ ကျောင်းကုန်းရွာနှင့် ထောင်ရှစ်ကုန်းရွာတို့တွင် စာသင်ကျောင်းအပါအဝင် အိမ်ပေါင်း ၂၃၄ လုံးနှင့် လမ်းမီးတိုင်များ ပျက်စီးသွားကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ကုန်းရွာတွင် အိမ် ၄၁ လုံး၊ လိန်ကုန်းရွာတွင် အိမ် ၁၁၅ လုံး၊ ကျောင်းကုန်းရွာတွင် အိမ် ၃၈ လုံးနှင့် ထောင်ရှစ်ကုန်းရွာတွင် အိမ် ၄၀ စုစုပေါင်း အိမ် ၂၃၄ လုံး ပျက်စီးရပြီး ညောင်ကုန်းရွာတွင် အိမ် လေးလုံး၊ လိန်ကုန်းရွာတွင် အိမ် ငါးလုံး၊ ကျောင်းကုန်းရွာတွင် အမကကျောင်းနှင့် ထောင်ရှစ်ကုန်းရွာတွင် ဓမ္မာရုံရှေ့စောင်းတန်း ပြိုကျပျက်စီးသွားသည်။ ထို့အတူ လိန်ကုန်းရွာမှ ကျောင်းကုန်းရွာထိဆက်သွယ်ထားသောမီးကြိုးများမှ စက်တော်ရာကျောင်းဝိုင်းလမ်းမီးကြိုးပျက်စီးပြီး လျှပ်စစ်ဓာတ်တိုင် ၂၉ တိုင် ပျက်စီးခဲ့သည်။

အဆိုပါ တံတားဦးမြို့နယ်ရှိ ကျေးရွာများတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများရှိနေပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် လူမှုရေးအဖွဲ့အစည်းများမှ ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဝ၂)

ကြေးမုံ





# ကွာရှင်းပြတ်စဲခြင်းကို ဖျက်သိမ်းလိုက်တဲ့ မက်ဂန်ဖောက်စ်နဲ့ ဘရိုင်ယန်အော်စတင်ဂရင်း

"Transformers"ရုပ်ရှင်တွေနဲ့ နာမည်ကျော်လာခဲ့တဲ့ မင်းသမီး မက်ဂန်ဖောက်ဇ်နဲ့ ခင်ပွန်းဖြစ်သူ အသက်(၄၂)နှစ်အရွယ် ဟောလိဝုဒ်ကြယ်ပွင့် ဘရိုင်ယန်အော်စတင်ဂရင်းတို့နှစ်ဦးဟာ ကွာရှင်းပြတ်စဲဖို့ စီစဉ်ထားခဲ့ကြပါတယ်။ ဒါပေမယ့် မကြာသေးမီက မက်ဂန်ဖောက်ဇ်မှာ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း သိခဲ့ရတဲ့အတွက် ကွာရှင်းမယ့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း အေ့စ်ရှိုးဘေ့ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဟောလိဝုဒ်ကြယ်ပွင့်နှစ်ဦးဟာ သူတို့ရဲ့ တတိယမြောက် ရင်သွေးလေးကို ကြိုဆိုတဲ့အထိမ်းအမှတ်အနေနဲ့ ဟာဝိုင်အီကျွန်းကို အလည်အပတ်ထွက်ခဲ့ကြပြီး သူတို့ရဲ့ ကွာရှင်းပြတ်စဲမယ့် အစီအစဉ်ဟာလည်း ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သူတို့နှစ်ဦးနဲ့ ရင်းနှီးတဲ့မိတ်ဆွေတစ်ဦးက ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

သူတို့ရဲ့အနှစ်သက်ဆုံးအမှတ်တရနေရာတစ်ခုဖြစ်တဲ့ ဟာဝိုင်အီကျွန်းက ပြန်လည်ရောက်ရှိလာခဲ့တဲ့ ကြယ်ပွင့်စုံတွဲဟာ လတ်တလောမှာ အနုပညာလှုပ်ရှားမှုတွေကို ပြန်လည်ပြုလုပ်နေပြီဖြစ်ကာ အတူတကွပြန်လည်နေထိုင်လျက်ရှိပါတယ်။ ဒါပေမယ့် လတ်တလောအချိန်အထိ အသက်(၂၉)နှစ်အရွယ် မင်းသမီး မက်ဂန်ဖောက်ဇ်နဲ့ ဘရိုင်ယန်အော်စတင်ဂရင်းတို့ ကိုယ်တိုင်ကတော့ ကွာရှင်းမယ့်အစီအစဉ်ဖျက်သိမ်းတာနဲ့ပတ်သက်ပြီး တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ခြင်းမရှိသေးပါဘူး။

# ဂျပန်ရုပ်ရှင်သစ်တွင် ဆန်းရီ ပါဝင်သရုပ်ဆောင်မည်

တောင်ကိုရီးယားအမျိုးသားပေ့ါ်ပ်တေးဂီတအဖွဲ့တွေထဲက ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Big Bang"မှ အဖွဲ့ဝင် ဆန်းရီဟာ ဂီတလောကမှ ခြေဆန့်ကာ သရုပ်ဆောင်လောကသို့ ဝင်ရောက်လာခဲ့ပြီး လတ်တလောမှာ ဂျပန်ရုပ်ရှင်တစ်ကားမှာ ပါဝင်သရုပ်ဆောင်သွားဖို့ သဘောတူထားကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းဂျပန်ရုပ်ရှင်ဟာ ဆန်းရီအတွက် ပထမဦးဆုံးသော ဂျပန်ရုပ်ရှင်ဖြစ်လာမည်ဖြစ်ပြီး အဆိုပါရုပ်ရှင်ကို လာမယ့်ဇူလိုင်လအတွင်း ထုတ်လွှင့်ပြသသွားနိုင်ရန် စီစဉ်ထားကြောင်း ပြီးခဲ့တဲ့ မေ ၂၁ ရက်က တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

"HiGH & LOW THE MOVIE"လို့အမည်ရတဲ့ ယင်းဂျပန်ရုပ်ရှင်ဟာ ဂိုဏ်းစတားတွေရဲ့ တိုက်ခိုက်မှုတွေအကြားက သံယောဇဉ်နဲ့ တွယ်တာမှုတွေ ရောယှက်နေတဲ့ သူငယ်ချင်းဆက်ဆံရေးကို ပုံဖော်ရိုက်ကူးသွားမယ့်ရုပ်ရှင်ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်မှာ ဆန်းရီဟာ တောင်ကိုရီးယားသူဌေးကြီးတစ်ဦးရဲ့သားအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကာ ယင်းရုပ်ရှင်မှာ ဆန်းရီရဲ့ ဂျပန်စကားပြောစွမ်းရည်ကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

ယခုရိုက်ကူးသွားမယ့် ဂျပန်ရုပ်ရှင်မတိုင်မီ ဆန်းရီ နောက်ဆုံးရိုက်ကူးခဲ့တဲ့ရုပ်ရှင်ကတော့ ၂၀၀၉ ခုနှစ်က ထုတ်လွှင့်ခဲ့တဲ့ရုပ်ရှင် "19-Nineteen" ဖြစ်ပါတယ်။ နှစ်အတော်ကြာ ဆန်းရီရဲ့ရုပ်ရှင်တွေနဲ့ ဝေးကွာခဲ့ရတဲ့ ပရိသတ်ကလည်း အဆိုပါဂျပန်ရုပ်ရှင်ကို ရင်ခုန်မျှော်လင့်နေကြောင်း သိရပါတယ်။



အေးပြည့် ရေးသားသည်

# ဂျိန်းစ်ဘွန်းရုပ်ရှင်တွေရဲ့ ဒါရိုက်တာ ဂိုင်းဟမ်မီတန် ကွယ်လွန်



နာမည်ကျော်ဂျိန်းစ်ဘွန်းရုပ်ရှင်တွေအနက် ရုပ်ရှင်ကားလေးကားကို ရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာ ဂိုင်းဟမ်မီတန်ဟာ အသက်(၉၃)နှစ်အရွယ်မှာ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ မေ ၂၁ ရက်က ဘီဘီစီဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ဂိုင်းဟမ်မီတန်ဟာ ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့က စပိန်နိုင်ငံပိုင် မက်ဂျော်ကာကျွန်းပေါ်မှာရှိတဲ့ ဆေးရုံတစ်ရုံမှာ တက်ရောက်နေစဉ်ကွယ်လွန်သွားခဲ့တာဖြစ်ကြောင်း အဆိုပါဆေးရုံမှ တာဝန်ရှိသူများက ဘီဘီစီသတင်းဌာနကို အတည်ပြုပြောကြားခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဂိုင်းဟမ်မီတန်ကွယ်လွန်ခဲ့တာနဲ့ ပတ်သက်ပြီး ဟောလိဝုဒ်ကြယ်ပွင့်တွေက ဝမ်းနည်းကြောင်း သူတို့ရဲ့လူမှုကွန်ရက်မီဒီယာတွေကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ယင်းဝမ်းနည်းစကားဆိုခဲ့ကြတဲ့ အနုပညာရှင်တွေအနက် တစ်ဦးအပါအဝင်ဖြစ်တဲ့ ဂျိန်းစ်ဘွန်းမင်းသားတစ်ဦးဖြစ်တဲ့ ရော်ဂျာမိုးက “မယုံကြည်နိုင်လောက်အောင်ပါပဲ။ အံ့ဖွယ်ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ဂိုင်းဟမ်မီတန်ကွယ်လွန်သွားခဲ့တဲ့အတွက် အတိုင်းမသိဝမ်းနည်းရပါတယ်။ ၂၀၁၆ ခုနှစ်ကတော့ ထိတ်လန့်ဖွယ် နှစ်တစ်နှစ်ပါပဲ”လို့ သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ကွယ်လွန်သွားပြီဖြစ်တဲ့ ဒါရိုက်တာ ဂိုင်းဟမ်မီတန်ရဲ့အနုပညာလမ်းခရီးကို ပြန်ကြည့်မယ်ဆိုရင် သူအနုပညာလောကနဲ့စတင်ရင်းနှီးချိန်က အနုပညာရှင်တစ်ဦးအဖြစ်နဲ့ စတင်ခဲ့တာမဟုတ်ပါဘူး။ သူဟာ ရိုက်ကွင်းတွေမှာ လက်ဖက်ရည်လိုက်လံဝေငှပေးရတဲ့ လူငယ်လေးတစ်ဦးအဖြစ် စတင်ရင်းနှီးခဲ့ရတာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ဗြိတိန်ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ကာရိုးရိဒ်ရဲ့ လက်ထောက်အဖြစ် ငါးနှစ်ကြာလုပ်ကိုင်ခဲ့ပါတယ်။ နောက်ဆုံး စစ်ပွဲကြီးပြီးသွားချိန်မှ ဒါရိုက်တာတစ်ဦးအဖြစ် အနုပညာလောကကို စတင်ဝင်ရောက်လာခဲ့တာပါ။

ဂျိန်းစ်ဘွန်းရုပ်ရှင်တွေရဲ့ထုတ်လုပ်သူဟာ ဂိုင်းဟမ်မီတန်ရဲ့ မိတ်ဆွေဖြစ်တဲ့အတွက် သူဟာ ဂျိန်းစ်ဘွန်းရုပ်ရှင်တွေကို ရိုက်ကူးခွင့်ရခဲ့တာဖြစ်ပါတယ်။ အချို့သောလူတွေက ဂျိန်းစ်ဘွန်းရုပ်ရှင်တွေကို ရိုက်ကူးတဲ့ပုံသေနည်းရှိကြောင်း ဝေဖန်ပြောဆိုတဲ့အပေါ် ဂိုင်းဟမ်မီတန်က ယင်းဝေဖန်မှုဟာမမှန်ကြောင်း ပြန်လည်ငြင်းဆိုခဲ့ပါတယ်။ သူရိုက်ကူးခဲ့တဲ့ ဂျိန်းစ်ဘွန်းရုပ်ရှင်တွေရဲ့ အောင်မြင်မှုနဲ့ ပတ်သက်ပြီး အဓိကအချက်မှာ ဘွန်းရုပ်ရှင်မှာပါဝင်ကြတဲ့ အနုပညာလောကသားအားလုံး မည်သူမှ မပျင်းရိကြတဲ့အတွက်ဖြစ်ကြောင်း သူက ဆိုခဲ့ပါတယ်။ ဒါ့အပြင် သူက ယင်းရုပ်ရှင်တွေကိုရိုက်ကူးစဉ် သူကိုယ်တိုင် အပြင်းအထန်ကြိုးစားပမ်းစားလုပ်ခဲ့သလို အဖွဲ့သားတွေကိုလည်း အင်တိုက်အားတိုက်လုပ်စေခဲ့ကြောင်း ဝန်ခံပြောကြားခဲ့ဖူးပါတယ်။

ဂိုင်းဟမ်မီတန် ရိုက်ကူးခဲ့တဲ့ ဂျိန်းစ်ဘွန်းရုပ်ရှင်လေးကားကတော့ “Goldfinger”၊ “Diamonds Are Forever”၊ “Live and Let Die”နဲ့ “The Man with the Golden Gun”တို့ပဲဖြစ်ကြပါတယ်။

■

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၄ - ၄ -၂၀၁၆ (တနင်္ဂနွေနေ့)]

## MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၄၀ “မြတ်ဘုရားကို ချစ်ကြည်ညို” တရားတော် [ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညိဿရာဘိဝံသ(ဓမ္မဒူတ)]
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၄၁)
၈:၀၀ Cartoon Series (Go Go Giggles)
၉:၁၀ Weekly Sports Diary
၉:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၈၉)
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၀၀ Star တို့ရဲ့လက်ရာ
၁၁:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၆၇+၆၈)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏အကျိုး” [အကြွေး(အပိုင်း-၃)]
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရ ချစ်သူသည်သာ” (အပိုင်း-၄၁)
၃:၄၀ ရန်ကုန်မြင်ကွင်းကျယ် (၂၀၁၅-၂၀၁၆ အင်အား Media Group ၏ နှစ်ပတ်လည်မိတ်ဆုံစားပွဲ အခမ်းအနား)
၅:၀၀ လေးဆူဓာတ်ပုံမြတ်ရွှေတိဂုံမှ အံ့ဖွယ်ကိုးဖြာသောဗုဒ္ဓရုပ်ပွားတော်မြတ်များ
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၄၂)
၇:၁၀ Fashion Week
၇:၃၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏အကျိုး” [ရွှေပိုးဖြူ (အပိုင်း-၁)]
၈:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၉၀)
၉:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၆၉+၇၀)
၁၀:၃၅ World of Knowledge (Banged Up Abroad Mexico Money Machine Cover)
၁၁:၄၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (ချိုချဉ်ပုံစံပန်းအလှဆင်ဖန်တီးမှု)
၃:၂၅ ရေဆန်စီးတဲ့မြစ်
၄:၄၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ရွှေမြင်တင်စေတီတော်မြတ်ကြီး)

## MWD

၆:၀၃ တရားတော်
၆:၁၅ မေတ္တာပို့
၆:၂၅ ဓမ္မပူဇာတေး
၆:၃၀ ကိုယ်လက်လှုပ်ရှား အားကစား
၇:၂၀ သင့်အတွက်တစ်နေ့တာ
၈:၀၅ အမျိုးသားရေးတေးကဗျာ
၈:၁၅ စိုက်ပျိုးသုတ
၈:၂၅ DVD Hits
၈:၃၅ အင်္ဂလိပ်စာသုတ
၁၂:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိတ်ကူးထဲက အိပ်မက်လေး
၁:၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသချေ် အပိုင်း(၅၅)
၂:၃၀ အိမ်ရှင်မတို့ရဲ့ အချစ်ဆုံး
၄:၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅:၀၀ သာယသီကြွေးခေတ်ဆန်းတေး
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် အပိုင်း(၁၅)
၅:၄၅ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆:၁၀ ဘဝကြေးမုံ
၆:၃၅ လူစွန့်စားခရီးသွားနေသည်
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်သက်တံများ အပိုင်း(၅၁)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသ သတင်း -ပဟေဠိနန်းတော် -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်သက်သေတည် အပိုင်း(၁၇)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
၆:၂၀ အကပဒေသာ
၆:၄၀ မြန်မာဗီဒီယိုဇာတ်လမ်း “ဤမှန်သော သစ္စာတရားကြောင့်”
၈:၅၀ တေးဂီတအစီအစဉ်
၉:၁၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉:၂၀ တေးဂီတအစီအစဉ်
၉:၅၀ မြန်မာရုပ်ရှင် “ပန်းဒဏ္ဍာရီ”
၁၂:၀၀ အစီအစဉ်ပြီး၏။

**ည (၀၉:၄၅) - Live: English Premier League “Leicester City Vs Swansea City”**

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## mitv

| | |
|---|---|
| 07:26 | An Ardent Aficionado Of Traditional Design |
| 07:56 | Myanmar Street Foods |
| 08:26 | A Street Vendor "Spreading Knowledge" |
| 09:26 | Myanmar Traditional Thached Roofs: IN-LEAF |
| 09:43 | Egg Shell |
| 09:51 | Chaung Tha Souvenir Business |
| 10:26 | Reflected Glory |
| 10:48 | Myanmar Railways City Circular Train |

**Prime Time**

| | |
|---|---|
| 07:26 | "Mrauk U, Treasure Trove of Rakhine Culture |
| 07:44 | "Made in Myanmar "Mixxo" |
| 07:51 | "Today Myanmar: El Niño Impacts On Fish Breeding |
| 08:26 | "U Kyaw Thu: From Artist to Philanthropist (Part-II) |
| 08:45 | "Myanmar Masterclass: Artist Khin Zaw Latt |

# စီရိုနယ်လ်ဒို မပါဘဲ ခရီးဆက်ရမယ့် ရီးယဲလ်မက်ဒရစ်



ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ဗီလာရီးယဲလ်ကို ရင်ဆိုင်ခဲ့တဲ့ပွဲမှာရရှိခဲ့တဲ့ ပေါင်ဒဏ်ရာကြောင့် ဗက်လက်ကာနိုနဲ့ပွဲကို လွဲချော်မှာ သေချာနေပြီး မန်စီးတီးနဲ့ ကစားမယ့် ချန်ပီယံလိဂ် ပထမအကျော့ပွဲစဥ်ကို ဝင်ရောက်ကစားနိုင်ခြင်းရှိ၊ မရှိဆိုတာ အခုထိ အခြေအနေစောင့်ကြည့်ဆဲအဆင့်သာ ရှိသေးတယ်လို့ သိရပါတယ်။

စီရိုနယ်လ်ဒိုဟာ ညာခြေထောက် ပေါင်ကြွက်သားမှာ ဒဏ်ရာပြဿနာရှိနေပြီး သူ့ကို အလျင်စလို အသုံးပြုသွားမှာမဟုတ်ကြောင်း ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက ပြောကြားခဲ့ပါတယ်။ အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့စ်ကတော့ စီရိုနယ်လ်ဒိုကို ချန်ပီယံလိဂ် ပထမအကျော့မှာ ကတည်းက ထုတ်သုံးဖို့ ဇီဒန်းကို တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။ ဒါပေမယ့် ဇီဒန်းကတော့ ကာလကြာရှည် အသုံးပြုနိုင်မယ့် ကစားသမားတစ်ဦးကို မလိုအပ်ဘဲ စွန့်စားပြီး ဝင်ရောက်ကစားစေမှာ မဟုတ်ကြောင်းသာ တုံ့ပြန်ခဲ့ပါတယ်။

အခုလို အရေးကြီးလာတဲ့ အချိန်အခါရောက်မှ အဓိကတိုက်စစ်မှူး စီရိုနယ်လ်ဒို ဒဏ်ရာရရှိသွားမှုနဲ့အတူ ရီးယဲလ်အနေနဲ့ မနှစ်က ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲလို အခြေအနေမျိုး ထပ်ဖြစ်လာမလားဆိုတဲ့ စိုးရိမ်မှုတွေ မြင့်တက်လာခဲ့ပါတယ်။ စီရိုနယ်လ်ဒို ဒဏ်ရာရရှိသွားမှုဟာ ပြိုင်ဘက်အသင်းတွေအတွက် ဝမ်းသာစရာသတင်းဖြစ်ပေမယ့် ရီးယဲလ်အတွက်တော့ တကယ့်ကို အကြပ်ရိုက်သွားစေတဲ့ဖြစ်ရပ်ဖြစ်ခဲ့ပါတယ်။ စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်တို့နှစ်ဦးစလုံး ဒဏ်ရာရရှိနေတဲ့အတွက် ရီးယဲလ်မက်ဒရစ်တိုက်စစ်ပိုင်းမှာ ဂိုးရဖို့ ရုန်းကန်ရနိုင်ပါတယ်။ ဒါပေမယ့် တိုက်စစ်ကို ကောင်းကောင်းဦးဆောင်နိုင်မယ့် ဘင်ဇီမာ၊ ဂျက်စီ၊ ရိုဒရီဂွက်ဇ်၊ အစ္စကို၊ ကက်စ္စမီရိုတို့ရှိနေလို့ ရီးယဲလ်မက်ဒရစ်အနေနဲ့ သိပ်တော့ စိတ်ပူစရာမရှိပါဘူး။

စီရိုနယ်လ်ဒိုက ယခုနှစ်ဘောလုံးရာသီ စုစုပေါင်း ပွဲစဥ် ၄၄ ပွဲမှာ ၄၇ ဂိုးအထိသွင်းယူထားပြီး ဒီထဲမှာ ချန်ပီယံလိဂ်သွင်းဂိုး ၁၆ ဂိုးအထိ ပါဝင်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းက အစကတည်းက လာလီဂါရလဒ်ဆိုးတွေကြောင့် ချန်ပီယံလိဂ်ဖလားဆွတ်ခူးရေးသာ ကြိုးစားသွားမယ်ဆိုပြီး ပြောကြားထားတာကြောင့် ချန်ပီယံလိဂ်မှာ ဂိုးသွင်းခြေတွေ့နေတဲ့ စီရိုနယ်လ်ဒိုရဲ့ ဒဏ်ရာပြဿနာက ရီးယဲလ်ရဲ့ ဦးတည်ချက်ကို ထိခိုက်စေတာတော့ အမှန်ပဲဖြစ်ပါတယ်။

မန်စီးတီးနည်းပြ ပယ်လီဂရီနီကတော့ စီရိုနယ်လ်ဒိုဟာ ပရော်ဖက်ရှင်နယ် ပီသလွန်းတဲ့ ကစားသမားဖြစ်ပြီး အရာအားလုံးကို ပြောင်းလဲပေးနိုင်တဲ့ ကစားသမားလို့ ချီးကျူးခဲ့ပါတယ်။ ဒါကြောင့် စီရိုနယ်လ်ဒိုသာ ချန်ပီယံလိဂ် ပထမအကျော့မှာ ပါဝင်မကစားနိုင်ရင် တိုက်စစ်ပိုင်း အင်ပြည့်အားပြည့်ရှိနေတဲ့ မန်စီးတီးကို ရင်ဆိုင်ရမယ့် ရီးယဲလ်မက်ဒရစ်အနေနဲ့ ရုန်းကန်ရနိုင်ပါတယ်။

ဒါပေမယ့် ရီးယဲလ်မက်ဒရစ်က ကွာတားဖိုင်နယ်ပထမအကျော့မှာ ဝုဖ်ဘတ်ကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ဖူးတာကြောင့် မန်စီးတီးနဲ့ပွဲကို အသေချာ ဂရုတစိုက် ပြင်ဆင်သွားပါလိမ့်မယ်။ အထူးသဖြင့် နောက်တန်းမှာ အမှားများတတ်တဲ့ ဒန်နီလိုနေရာမှာ ကာဗာဂျယ်လ်ကို ပွဲထွက်ကစားခိုင်းသင့်ပြီး ကွင်းလယ်တိုက်စစ်အတွက်ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ အစ္စကို၊ ကက်စမီရိုတို့ကို တွဲသုံးရင် တိုက်စစ်ပိုင်း တက်လာပါလိမ့်မယ်။ စီရိုနယ်လ်ဒိုရဲ့ ကွက်လပ်နေရာကိုတော့ လူငယ်တိုက်စစ်မှူး ဘက်စကွက်စ်က အကောင်းဆုံးဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းက လာလီဂါမှာ အမှတ်ပေးဇယားထိပ်က အသင်းနှစ်သင်းနဲ့ ရမှတ်တစ်မှတ်သာ ကွာဟတော့တာကြောင့် လက်ရှိမှာ လာလီဂါဖလားကို စိန်ခေါ်နိုင်တဲ့အသင်းအဖြစ် ရပ်တည်နေသလို ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပွဲစဥ်မှာလည်း မန်စီးတီးနဲ့သာ တွေ့ဆုံနေလို့ ဗိုလ်လုပွဲရောက်ဖို့ အလားအလာကောင်းရှိနေတဲ့အသင်းအဖြစ် အားကစားကျွမ်းကျင်သူတွေက သုံးသပ်ထားကြပေမယ့် အရေးကြီးပွဲစဥ်ကစားရမယ့်အချိန်မှာ အဓိကတိုက်စစ်မှူး စီရိုနယ်လ်ဒို တိုက်တိုက်ဆိုင်ဆိုင် ဒဏ်ရာရရှိသွားတဲ့အတွက်. . .။

ရှိုင်ယန်ဟောဒင် ရေးသားသည်



# လာလီဂါချန်ပီယံအဖြစ် အက်သလက်တီကို အောင်ပွဲခံနိုင်ဟု အလွန်ဆို ယုံကြည်

ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား အလွန်ဆိုက ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့်တွင် တွေ့ဆုံနေသည့် အက်သလက်တီကိုမှာ အမှန်တကယ်အင်အားတောင့်တင်းလာသည့် ကလပ်အသင်းဖြစ်နေပြီး ရီးယဲလ်နှင့် ဘာစီလိုနာတို့ကိုပင် ကျော်လွန်ကာ လာလီဂါချန်ပီယံအဖြစ် အောင်ပွဲခံနိုင်သည့် အသင်းဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။ အလွန်ဆိုသည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ကာလကြာရှည် ကစားခဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

ဇယားထိပ်တွင် ရပ်တည်နေသော ဘာစီလိုနာနှင့် အက်သလက်တီကိုတို့မှာ ရမှတ်တူညီနေကြပြီး တတိယနေရာရှိ ရီးယဲလ်မက်ဒရစ်မှာလည်း အဆိုပါ အသင်းနှစ်သင်းနှင့် ရမှတ်တစ်မှတ်သာ ကွာဟရာ မည်သည့် အသင်းက ချန်ပီယံဖြစ်မည်ဆိုသည်ကို ခန့်မှန်းရန်ခက်ခဲသော အနေအထားပင်ဖြစ်သည်။

အက်သလက်တီကိုသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် လာလီဂါပြိုင်ဘက် ဘာစီလိုနာအား နောက်ကောက်ချကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာသော အသင်းဖြစ်ပြီး လာလီဂါတွင်လည်း ဘာစီလိုနာနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့်သာ အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။ အက်သလက်တီကိုအသင်းသည် ၂၀၁၄ ခုနှစ်ကလည်း လာလီဂါချန်ပီယံဖြစ်ခဲ့ပြီးနောက် ယခုနှစ်တွင်လည်း နောက်တစ်ကြိမ် ချန်ပီယံအဖြစ် အောင်ပွဲခံရန် အားကောင်းလာခဲ့သည်။

အလွန်ဆိုက ယခုရက်ပိုင်းအတွင်း ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးနှင့် စိတ်ဝင်စားဖွယ်အကောင်းဆုံးလိဂ်မှာ လာလီဂါဖြစ်နေပြီး စောင့်မျှော်ကြည့်ရှုရသည်မှာ ရင်ခုန်လှုပ်ရှားဖွယ်ကောင်းကြောင်း၊ ဇယားထိပ်ဆုံးရှိ အသင်းသုံးသင်းစလုံးမှာ အင်အားတောင့်တင်းသော်လည်း အက်သလက်တီကိုပင် ချန်ပီယံဖြစ်သွားနိုင်ကြောင်း၊ ချန်ပီယံလိဂ်တွင်လည်း ဘိုင်ယန်ကိုပင် ကျော်ဖြတ်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်သော အသင်းဖြစ်၍ ဘိုင်ယန်အသင်းဖော်များအနေဖြင့် အသေချာ အာရုံစိုက်ကစားသင့်ကြောင်း သတိပေးစကားဆိုခဲ့သည်။



# အာဆင်နယ်ကစားသမားအင်အားဖြည့်တင်းရန် ပျက်ကွက်ပါက အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့အား ဆက်ထိန်းရန်မလွယ်ကူ

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးအနေဖြင့် လာမည့်နွေတွင် ကစားသမားအင်အား ဖြည့်တင်းမှု ဆက်လက်လုပ်ဆောင်ရန်ပျက်ကွက်ပါက ကလပ်အသင်း၏ နာမည်ကျော် ကစားသမားနှစ်ဦး ဖြစ်သည့် အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့ကိုပင် ဆုံးရှုံးနိုင်ကြောင်း ယခင်အာဆင်နယ်နောက်ခံလူမာတင်ကီဝန်က သုံးသပ်လိုက်သည်။ အာဆင်နယ်အသင်းသည် ကလပ်အသင်းတွင် ပုံမှန်ခြေစွမ်းပြသနိုင်သည့် ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့အား စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရန် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားနှစ်ဦးက သဘောတူညီမှုမပြုသေးရာ အာဆင်နယ်၏ လက်ရှိအနေအထားအပေါ် စိတ်ပျက်နေကြခြင်းကြောင့်ဖြစ်ပြီး အသင်းပြောင်းရွှေ့ရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

အာဆင်နယ်အသင်းသည် ရာသီဝက်ခန့်တွင် အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကစားသမားအင်အားမပြည့်စုံမှုကြောင့် အမှတ်ပေးဇယားတတိယနေရာထိ ဆင်းပေးခဲ့ရသည်။ ပြီးခဲ့သည့် ဧပြီလ၌ အိုဇေးလ်က လာမည့်ရာသီ ပရီမီယာလိဂ်တွင် ဂွါဒီယိုလာကဲ့သို့ နာမည်ကျော်နည်းပြ ရောက်ရှိလာမှုနှင့်အတူ ပြိုင်ဆိုင်မှုလည်း ပိုမိုပြင်းထန်လာမည်ဖြစ်သောကြောင့် အာဆင်နယ်အနေဖြင့် ကစားသမားအင်အားဖြည့်တင်းမှုတွင် ပိုမိုရင်းနှီးမြှုပ်နှံသင့်ကြောင်း အကြံပြုခဲ့သေးသည်။ အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် နွေရာသီဈေးကွက်တွင် ဂိုးသမား ပီတာဆက်ချ်တစ်ဦးကိုသာခေါ်ယူခဲ့ပြီး လိုအပ်မှုများနေသည့် တိုက်စစ်အင်အားကို ဖြည့်တင်းရန် ပျက်ကွက်ခဲ့၍ အမာခံပရိသတ်များက ယင်းဆောင်ရွက်ချက်အပေါ် ဒေါသထွက်ခဲ့ကြသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် ဝင်းဂါးက အာဆင်နယ်အနေဖြင့် စိတ်ကြိုက်တိုက်စစ်ကစားသမားမရလျှင် လက်ရှိအင်အားဖြင့်ပင် ဆက်လက်ခရီးဆက်မည်ဟု အရိပ်အမြွက်ပြောကြားခဲ့ရာ ဝက်စ်ဘရွန်းနှင့်ပွဲတွင် ပရိသတ်များက ယင်းမှတ်ချက်အပေါ် ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ကြသည်။

# ဂျေမီဗာဒီ မပါဝင်နိုင်သော်လည်း လက်စတာ၏ ချန်ပီယံအိပ်မက်ခရီးဆက်နိုင်

လက်စတာအသင်းနည်းပြ ရာနီရေရီက လက်စတာအနေဖြင့် အဓိကတိုက်စစ်မှူး ဂျေမီဗာဒီ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည် မဟုတ်သော်လည်း ပရီမီယာလိဂ်ချန်ပီယံတိုက်ပွဲအတွက် ကောင်းစွာခရီးဆက်နိုင်ဆဲဖြစ်ကြောင်း သူ၏ ယုံကြည်ချက်ကို ဖွင့်ဟလိုက်သည်။ ဗာဒီသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်သွင်းဂိုး ၂၂ ဂိုးအထိသွင်းယူနိုင်သော ကစားသမားဖြစ်သော်လည်း ဝက်စ်ဟမ်းအား ရင်ဆိုင်ခဲ့သည့်ပွဲစဥ်တွင် ဒိုင်လူကြီးဖြစ်သူကို မချေမငံ တုံ့ပြန်ခဲ့ခြင်းကြောင့် နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။

ရာနီရေရီက လက်စတာအသင်းအနေဖြင့် ပရီမီယာလိဂ်ဖလားဆွတ်ခူးရန် ယုံကြည်မှုအပြည့်ရှိနေပြီး မည်သို့ပင်ဖြစ်စေ ချန်ပီယံလိဂ်ဝင်ခွင့်သေချာနေခြင်းကပင် ကလပ်အသင်းအတွက် ကြီးမားသည့် အောင်မြင်မှုဖြစ်ကြောင်း ဆိုခဲ့သည်။ ရာနီရေရီက “ဗာဒီက အသင်းရဲ့ အရေးပါတဲ့ကစားသမားပါ။ ဒါပေမယ့် ကျန်တဲ့ကစားသမားတွေအားလုံးဟာလည်း ဗာဒီလိုပဲ အရေးပါသူတွေပါ။ ဒါကြောင့် စပါးနည်းပြ ပိုချက်တီနိုကို ပြောချင်တာက ခေါင်းအေးအေးထားပါလို့” ဟု ဆိုလိုက်သည်။ လက်စတာအသင်းသည် ဧပြီ ၂၄ ရက်တွင် ဆွမ်ဆီးအသင်းအား ရင်ဆိုင်ရမည်ဖြစ်သောကြောင့် အနိုင်ရလဒ်အတွက်သာ မျှော်လင့်ထားကြောင်းလည်း ရာနီရေရီက ပြောကြားခဲ့သည်။

ပိုချက်တီနိုကမူ လက်စတာအနေဖြင့် ဗာဒီမပါဝင်နိုင်ခြင်းက ကြီးမားသည့်သက်ရောက်မှုကို ကြုံတွေ့ရမည်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

## လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျပိမိ၍ သေဆုံး၊ ဒဏ်ရာရ

**နေပြည်တော် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်တွင် သစ်ပင်လဲကျပိမိ၍ အမျိုးသမီးတစ်ဦး သေဆုံးကြောင်း သတင်းအရ မုံရွာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မေ ၂၁ ရက် ညနေ ၅ နာရီခန့်တွင် သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ အိုးဘိုတောင်ရပ်ကွက် ကမ်းနားလမ်းဘေးအနီးရှိ ဆောက်လက်စ အဆောက်အအုံ၌ အလုပ်လုပ်ကိုင်နေသည့် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာနေ မိုးကောင်း(၃၀)နှစ်နှင့် ဇနီးဖြစ်သူ မယဉ်ယဉ်ဝင်း(၃၀)နှစ်တို့သည် ယာယီမိုးကာတဲထိုး၍ တဲအတွင်း၌ ထိုင်နေစဉ် မိုးရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် အနီးရှိ ထန်းပင်လဲကျကာ ၎င်းတို့ထိုင်နေသည့် ယာယီမိုးကာတဲပေါ်သို့ ပိမိခဲ့သဖြင့် မယဉ်ယဉ်ဝင်းတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး မိုးကောင်းတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသဖြင့် မုံရွာမြို့ပြည်သူ့ဆေးကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး မုံရွာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**


ဇော်ဝင်းထွန်းနှင့် မောင်မောင်တို့နှစ်ဦးအား သိမ်းဆည်းရ[illegible] မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၃**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက်က နောင်ချိုမြို့အဝင် မူဆယ်-မန္တလေး ပြည်ထောင်စုကားလမ်းမ မိုင်တိုင်အမှတ်(၈၀/၄)တွင် ဇော်ဝင်းထွန်း မောင်းနှင်ပြီး မောင်မောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀ နှင့် ဘိန်းဖြူ သုည ဒသမ ၄ ဂရမ်တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ နှင်းဆီကုန်း(က)ရပ်ကွက် ဖေယျာသုခလမ်းရှိ စစ်ကိုင်းစာသင်တိုက်ရှေ့တွင် လမ်းလျှောက်လာသူ ထွန်းဇော်လင်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## သထုံမြို့မရဲစခန်းတွင် ဖြစ်ပွားခဲ့သည့် အချုပ်သားကို စစ်ဆေးစဉ် သေဆုံးခဲ့မှုအား မေ ၂၅ ရက်တွင် တရားလိုအား စတင်စစ်ဆေးမည်

**သထုံ မေ ၂၃**

မွန်ပြည်နယ် သထုံမြို့မရဲစခန်းတွင် မတ် ၂၁ ရက်က ဖြစ်ပွားခဲ့သည့် ချုပ်နှောင်ထားသော အချုပ်သားတစ်ဦးအား စစ်ဆေးစဉ် သေဆုံးခဲ့မှုနှင့် ပတ်သက်၍ မေ ၂၅ ရက်၌ တရားလိုအား စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သထုံခရိုင်တရားရုံးမှ သိရသည်။

မတ် ၂ ရက်က သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ ချမ်းမြေ့တည်းခိုခန်းတွင် ဖြစ်ပွားခဲ့သည့် ငွေကျပ် ၁၁၃၆၀၇၀၀ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ တည်းခိုခန်းမန်နေဂျာဖြစ်သူ ကိုကျော်သက်အောင်(၃၂)နှစ်မှာ သထုံမြို့မရဲစခန်းတွင် (ပ)၉၇/၂၀၁၆၊ ပြစ်မှုဆိုင်ရာပုဒ်မ-၃၈၀ ဖြင့် ချုပ်နှောင်ခံထားရပြီး ၎င်းအား စစ်ဆေးစဉ် မတ် ၂၁ ရက် နံနက် ၂ နာရီခန့်က သေဆုံးသွားခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းများအရသိရသည်။

ကိုကျော်သက်အောင် သေဆုံးမှုဖြစ်စဉ်တွင် သေဆုံးရသည့်အကြောင်းအရင်းမှာ အသည်းပေါက်ပြဲဒဏ်ရာကြောင့် ဝမ်းဗိုက်အတွင်း သွေးယိုစိမ့်ကာ သွေးထွက်လွန်ပြီး သေဆုံးရခြင်းဖြစ်ကြောင်း၊ ရရှိသောဒဏ်ရာမှာ ပြင်းထန်ဒဏ်ရာ(တုံးသောအရာဝတ္ထုများ)ကြောင့်ဟု သထုံခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးစာ ပြန်ကြားချက်များအရ ယင်းအမှုအား စစ်ဆေးသည့်အဖွဲ့မှ ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးအား သထုံမြို့မရဲစခန်းမှ ဒု-ရဲမှူးထွန်းသိန်းက တရားလိုပြုလုပ်ကာ သထုံမြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးခဲ့ပြီး ယင်းအမှုအား သထုံခရိုင်တရားရုံးတွင် အမှုကြီး အမှတ်စဉ် (၁၆/၂၀၁၆) ဖြင့် မေ ၂၅ ရက်တွင် တရားလိုဖြစ်သူ သထုံမြို့မရဲစခန်းမှူး ဒု-ရဲမှူးထွန်းသိန်းအား စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**


# ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်
# စီးပွားရေးလုပ်ရန် နေရာကောင်း

လေးလမ်းသွားလမ်းမကြီးဘေး၊ မျက်နှာစာနှစ်ဖက်ပါ တက္ကသိုလ်ရိပ်မွန်အရှေ့၊ စက်မှုဇုန်အနီး၊ကျန်စစ်သားလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ ကျန်စစ်သားလမ်းမကြီးပေါ် မျက်နှာစာ 110'၊ sqft 6324 ခြံစည်းရိုးခတ်ပြီး ဘဏ်ဖွင့်လိုသူများ၊ Super Market၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ ဆီဆိုင်၊ အဆောင်ဖွင့်လိုသူများနှင့် လက်ဖက်ရည်ဆိုင်ကြီးများ ဖွင့်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း။

ကျပ်သိန်း (၃၅၀၀)

ဆက်သွယ်ရန်ဖုန်း - 09-5178979၊ 09-420301091၊ 09-43022828


## မီးလန့်မှုဖြစ်ပွား

**ရန်ကုန် မေ ၂၃**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၀)ရပ်ကွက် ပတ္တမြားလမ်းနှင့် ဗိုလ်စောနောင်လမ်းထောင့်ရှိ ထရန်စဖော်မာအနီး ဓာတ်ကြိုးမှ မီးပွားများ မြက်ခြောက်များအပေါ် ကျရောက်ပြီး မေ ၂၂ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် မီးလောင်မှုဖြစ်ပွားရာ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

**(၁၉၃)**

## မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ် ၁၈ လုံးမီးလောင်

**နွားထိုးကြီး မေ ၂၃**

နွားထိုးကြီးမြို့နယ် မြို့မရဲစခန်းအပိုင် ရွာသစ်ရွာတွင် မေ ၂၃ ရက် ညနေ ၃ နာရီက မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၃ နာရီတွင် ရွာသစ်ရွာရှိ ဦးမောင်အေး(၅၂)နှစ်၏ ထွန်းကုန်မျိုးစုံရောင်းဝယ်ရေးဆိုင် မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းရာ နေအိမ် ၁၈ လုံးမီးထဲပါပြီး ၃ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

မီးလောင်ရာသို့ နွားထိုးကြီးမီးသတ်စခန်းမှူး ဦးကျော်ဇင်လင်း၊ မြင်းခြံ မီးသတ်စခန်းမှူး ဦးအောင်နိုင်နှင့်အဖွဲ့တို့က  းသတ်ကားများဖြင့် လာရောက် မီးငြိမ်းသတ်ကြသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးမောင်အေးအား နွားထိုးကြီး မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**


### ဆောက်လုပ်ရေးဝန်ကြီးဌာန
### လမ်းဦးစီးဌာန
### ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၁/၂၀၁၆-၂၀၁၇)

၁။ ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်လက်အောက်ရှိ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲမြို့နယ်တို့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ရရှိသော ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား သက်ဆိုင်ရာ လမ်းပိုင်းအတွင်းရှိ ဆိပ်ကမ်းအလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မြောင်းမြခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂-၅-၂၀၁၆ရက်မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

တင်ဒါပိတ်မည့်နေ့ရက်၊ အချိန် - ၂၄-၅-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ(၃)နာရီ
တင်ဒါဖွင့်မည့်နေရာ - မြောင်းမြခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မြောင်းမြကြီးတံတားအောက်၊ မြောင်းမြမြို့။
တင်ဒါဖွင့်မည့်နေ့ရက်၊ အချိန် - ၂၅-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက်(၁၀)နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၂-၅-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန
ဖုန်း-၀၄၂-၇၀၁၅၃



### ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)
### ၁၉၈၃-၈၄ခုနှစ်
### ဓာတုဗေဒကျောင်းသား/ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲ

ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ) ၁၉၈၃-၈၄ခုနှစ်၊ ဓာတုဗေဒ ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် မိတ်ဆုံစားပွဲကို ၂၀၁၆ခုနှစ်၊ မေလ ၁ ရက်(တနင်္ဂနွေနေ့)၊ ညနေ ၆နာရီတွင် တာမွေမြို့နယ်၊ လေးဒေါင့်ကန်လမ်း၊ အမှတ်(၃၄)ရှိ Color Stones Restaurant (ကျိုက္ကဆံ Super One အနီး)၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား/ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် မိတ်ဆုံစားပွဲနှင့်ပတ်သက်၍ သိရှိလိုပါက အောက်ဖော်ပြပါ ကျောင်းသား/ကျောင်းသူဟောင်းများထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ကျော်ဦးမော် | 09-5007621 | ရွှေသန်း | 09-73104769 |
| အောင်မြင် | 09-5118945 | သဇင်မော် | 09-796116812 |
| ဝင်းအောင် | 09-73084518 | လွင်လွင်ဦး | 09-5060503 |
| မျိုးသန်း | 09-49234750 | ဖြူဖြူအေး | 09-788393008 |

(မှတ်ချက်။ ။ ဖိတ်စာမပို့ပါ။)



အခြေခံပိုင် သင်နိုင်နိုင်
ဦးမောင်မောင်အေး(ဓါတုဗေဒ)
(ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ရ)
ဓါတုဗေဒဂုဏ်ထူးရ သင်တန်းများ
(အိမ်ပိုင်းများလက်ခံသည်။)
Ph: 09-421049054, 09-795256078



### ဝိပဿနာပညာ မိတ်ဆက်သင်တန်း ဖွင့်လှစ်ခြင်း

တရားရိပ်သာဝင်ရောက်နေသူများ၊ ဝင်ရောက်ခြင်းမပြုနိုင်သေးသူများနှင့် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ မိမိမိသားစုတာဝန်ထမ်းဆောင်ရင်း မိမိတို့အိမ်၌ တရားအားထုတ်နိုင်ရန် ရုပ်၊ နာမ်၊ ကံ ဝဋ်သုံးပါး၊ သတိပဋ္ဌာန်လေးပါး၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးများကို အသိကြွယ်ဝစေရန် ဝိပဿနာပညာမိတ်ဆက်သင်တန်းအား ဆရာကြီး ဦးမျိုးမြင့်ထွန်းမှ ဓမ္မဒါန(၁၀)ရက်စခန်း ပို့ချသင်ကြားပေးမည်ဖြစ်ပါ၍ မည်သူမဆို တက်ရောက်သင်ယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဖွင့်လှစ်မည့်နေ့ရက် - ၂၄-၄-၂၀၁၆ ရက်မှ ၃-၅-၂၀၁၆ရက်ထိ
ဖွင့်လှစ်မည့်အချိန် - ညစဉ် ၆ နာရီမှ ၈ နာရီအထိ
ဖွင့်လှစ်မည့်နေရာ - ကန်တော်ကလေး၊ ထီးတန်းဓမ္မာရုံ၊ ဓမ္မာရုံလမ်း၊ ကန်တော်ကလေးတောင်ပိုင်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

တစ်နှစ်လျှင် တစ်ကြိမ်တည်းသာ ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။



### ကားငှားရန်ရှိသည်

Probox CNG TAXI အိမ်ပေးငှားရန်ရှိသည်။ သာကေတနီးသူဦးစားပေးမည်။

Ph:09-260091313



စာအုပ်စာပေလူ့မိတ်ဆွေ



SH မြင့်သူထက် YU
အာဆီယံပညာသင်ဆုအထောက်အကူပြု
အင်္ဂလိပ်စာ ➤ SH.Myint Thu Htet.YU
သင်္ချာ ➤ ဦးတိုးအောင် ပါမောက္ခ(ငြိမ်း)
သိပ္ပံ ➤ ဒေါ်စန်းစန်းမြင့် တွဲ/ပါမောက္ခ(ငြိမ်း)
၂၉.၄.၂၀၁၆ စမည် လက်ခံပြီ
ရန်ကုန်။

## ပြည်သူများစာပေဖတ်ရှုနိုင်စေရန် စာကြည့်တိုက်ဖွင့်လှစ်

**ဒလ ဧပြီ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အုံ့ကြီးအနောက်ရပ်ကွက်၌ ပညာတန်ဆောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပညာတန်ဆောင် စာကြည့်တိုက်ဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးမင်းစိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှနွယ်က ပညာတန်ဆောင်စာကြည့်တိုက် ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတမြင့်မားပြီး လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်ပေးလျက်ရှိရာ စာကြည့်တိုက်များအား ရေရှည်တည်တံ့ဖွံ့ဖြိုးခိုင်မာစေရန် ဆောင်ရွက်သင့်ကြောင်း၊ စာကြည့်တိုက် ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ် (၅) ရပ် နှင့်ပတ်သက်၍ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိလာအောင် စည်းရုံးဆောင်ရွက်သင့်ကြောင်း၊ စာအုပ်၊ စာစောင်များကို မပျောက်ပျက်အောင် ထိန်းသိမ်းရန်နှင့် စေတနာရှင်များထံမှ အလှူငွေများရှာဖွေ၍ စာအုပ်၊ စာစောင်အသစ်များ တိုးပွားလာအောင် ဆောင်ရွက်ခြင်း၊ စာကြည့်တိုက်များတွင် ပရိဘောဂများ သင့်တင့်စွာရှိခြင်း၊ ကျွမ်းကျင်သော စာကြည့်တိုက်မှူးများရရှိလာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်တို့ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ စာကြည့်တိုက်များတွင် ကလေး၊ လူငယ်လူရွယ်များအတွက် စိတ်ဝင်စားအောင် စာဖတ်ဝိုင်းများ၊ ပန်းချီပြပွဲ၊ ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသမှုများဖြင့် စာဖတ်သူပရိသတ်အား ဆွဲဆောင်သင့်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပညာတန်ဆောင်စာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ်ဖြင့် စာပေဟောပြောပွဲကို ၂၂ ရက် ည ၇ နာရီတွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဗေလုဝ၊ စာရေးဆရာမောင်ညိုမှိုင်း(သန်လျင်)၊ ဆရာအသံတုဝိဇ္ဇာရဲမြင့်လေးတို့မှ စာပေဗဟုသုတ၊ ဖျော်ဖြေရေးဟာသပျက်လုံးများ၊ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဒလမြို့နယ် အုံ့ကြီးအနောက်ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးအနီးရှိ အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း အုံ့ကြီးအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှမြင့်က ပြောကြားခဲ့သည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

## မကွေးမြို့အပါအဝင် မြို့ကြီးရှစ်မြို့၌ ရှေ့ပြေးတရားရုံး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်



**မကွေး ဧပြီ ၂၃**

ပြည်ထောင်စုတရားလွှတ်တော်နှင့် PROMOTING THE RULE OF LAW PROJECT တရားဥပဒေ စိုးမိုးမှုမြှင့်တင်ရေးစီမံကိန်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မကွေးမြို့အပါအဝင် မြို့ကြီးရှစ်မြို့၌ ရှေ့ပြေးတရားရုံးလုပ်ငန်းများအတွက် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း စီမံကိန်းတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"အခုရှေ့ပြေးတရားရုံးတွေဆိုတဲ့အခါမှာ ကျွန်မတို့ ဘယ်လုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်လဲဆိုရင် အမှုသည်တွေအနေနဲ့ တရားရုံးကိုလာတဲ့အခါမှာ သူတို့လိုချင်တဲ့ သတင်းအချက်အလက်တွေကို လွယ်လွယ်ကူကူနဲ့ရရှိအောင်၊ ပြီးတော့ တရားသူကြီးတွေအနေနဲ့ အမှုတစ်ခုချင်းစီကို စီမံဆောင်ရွက်တဲ့အခါမှာ မြန်မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန်နဲ့ ပြီးစီးဆောင်ရွက်နိုင်အောင်ဆိုတဲ့ အနေအထားလေးကို ပံ့ပိုးပြီးမှ ကူညီဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု စီမံကိန်း Justice Systems Specialist ဒေါ်ယိမ်းမျှော်က ပြောသည်။

၂၀၁၄ ခုနှစ်ကစတင်ခဲ့သည့် အဆိုပါစီမံကိန်းသည် ၂၀၁၅ ခုနှစ်တွင် လှိုင်သာယာမြို့နယ် တရားရုံး၊ ဘားအံမြို့နယ်တရားရုံး၊ တောင်ငူခရိုင်တရားရုံးတို့၌ ကနဦးရှေ့ပြေး တရားရုံးစီမံခန့်ခွဲမှုများ စတင်စမ်းသပ်ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများရရှိသဖြင့် ၂၀၁၆ ခုနှစ်တွင် မကွေးမြို့နယ်တရားရုံး၊ မန္တလေး (ချမ်းအေးသာဇံမြို့နယ်)တရားရုံး၊ ပုသိမ်မြို့နယ်တရားရုံး ၊ မုံရွာခရိုင်တရားရုံး ၊ မော်လမြိုင်ခရိုင်တရားရုံးတို့၌လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းမှ ဆက်လက်ပြောကြားသည်။

ဧပြီ ၂၀ ရက် နံနက်ပိုင်းက စီမံကိန်းတာဝန်ရှိသူများသည် မကွေးမြို့နယ် တရားရုံးသို့ လာရောက်ခဲ့ပြီး ယင်းလာရောက်မှုအပေါ် မကွေးမြို့နယ် တွဲဖက်တရားသူကြီး ဦးကျော်သူခိုင်က US AID အဖွဲ့က ရှေ့ပြေးတရားရုံးစီမံခန့်ခွဲတာနဲ့ ပတ်သက်ပြီးတော့ မကွေးမြို့နယ်တရားရုံးရဲ့ မြေပြင်အခြေအနေကို လာရောက်ကြည့်ရှုပြီးတော့ သူတို့အနေနဲ့ ဘယ်လိုစီမံဆောင်ရွက်ပေးရမလဲ၊ ဘယ်လိုပံ့ပိုးပေးရမလဲဆိုတာကို လာရောက်လေ့လာပြီး သူတို့ရဲ့ လုပ်ငန်းအစီအစဉ်တွေကို ချပြရှင်းလင်းဆွေးနွေးသွားတာဖြစ်ပါတယ်။ လာရောက်ဆွေးနွေးတာ အောင်မြင်တယ်လို့ပဲပြောရပါမယ်" ဟု ပြောသည်။

အမေရိကန်အစိုးရ၏ ငွေကြေးထောက်ပံ့မှု အစီအစဉ်ဖြင့် ဆောင်ရွက်သည့် တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်းသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရှေ့နေချုပ်ရုံးတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လတ်တလောတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ရှေ့ပြေး တရားရုံးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## သူငယ်တန်း (KG) ကို သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပေးနိုင်ရေး မိတ္ထီလာတွင် ဆရာ၊ ဆရာမ ၅၅၆ ဦးအား ဆင့်ပွားသင်တန်း ပြန်လည်ဖွင့်လှစ်ပို့ချမည်



**မိတ္ထီလာ ဧပြီ ၂၃**

လာမည့်ပညာသင်နှစ် ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည့် သူငယ်တန်း + ၁၂ တန်း (KG +၁၂) ပညာရေးစနစ်တွင် သူငယ်တန်း (KG) ကို သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပေးနိုင်ရေး မိတ္ထီလာတွင် အခြေခံပညာမူလတန်းအဆင့် ဆရာ၊ ဆရာမ ၅၅၆ ဦးအား ဆင့်ပွားသင်တန်း ပြန်လည် ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးအောင်မောင်းထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးမှာ ဖွင့်လှစ်တဲ့ သူငယ်တန်း (KG) သင်ရိုးညွှန်းတမ်းသစ် သင်ကြားရေး သင်တန်းကို မိတ္ထီလာခရိုင်ပညာရေးမှူးရုံးနဲ့ မြို့နယ်ပညာရေးမှူးရုံးက စုစုပေါင်း သင်တန်းသား ၂၀ တက်ရောက်သင်ယူခဲ့ပါတယ်။ အခု တစ်ခါ သူတို့က ပြန်လည်ပြီးတော့ ဆင့်ပွားပို့ချတဲ့အနေနဲ့ မိတ္ထီလာမြို့နယ်အတွင်းက အခြေခံပညာမူလတန်းအဆင့် ဆရာ၊ ဆရာမ ၅၅၆ ဦးကို ပို့ချသင်ကြားပေးမှာပါ။ သင်တန်းကာလက ဧပြီ ၂၅ ရက်ကနေ မေ ၁၀ ရက်အထိ ဖြစ်ပြီး အ-ထ-က(၂) မှာ ဖွင့်လှစ်သင်ကြားပို့ချမှာ ဖြစ်ပါတယ်။ သူငယ်တန်း(KG) တက်ရောက်နိုင်မယ့်ကလေးငယ်က အသက် ၅ နှစ်အရွယ်ဖြစ်ပြီး သူတို့ကို ကဗျာ၊ သီချင်းစတာတွေနဲ့ ပညာပေး လေ့ကျင့်သင်ကြားပေးမှာရမှာပါ။ စာသင်ကြားပေးမှာ မဟုတ်ပါဘူး။ ပုံပြင်တွေ၊ တေးကဗျာတွေအပါအဝင် လေ့ကျင့်ခန်းများကို ပုံစက္ကူကတ်ပြားများ၊ လက်ထိုးရုပ်များပါဝင်သည့် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်း (KG Kit) များဖြင့် ကလေးဗဟိုပြုသင်ကြားပေးသွားနိုင်ဖို့အတွက် အခုသင်တန်းတက်မယ့် ဆရာ၊ ဆရာမတွေကိုဆင့်ပွားပြန်လည် ပို့ချပေးမှာဖြစ်ပါတယ်" ဟု မြို့နယ်ပညာရေးမှူးဦးအောင်မောင်းက ပြောသည်။

သူငယ်တန်း(KG) သင်ရိုးညွှန်းတမ်းသစ်အား ကလေးငယ်များ မိမိကိုယ်ကိုမိမိ ယုံကြည်အားကိုးတတ်သူများဖြစ်လာရန်၊ အာဟာရပြည့်ဝ၍ ကျန်းမာပျော်ရွှင်သူများ ဖြစ်လာရန်၊ စာရေးဖတ်ခြင်းနှင့် သင်္ချာအပါအဝင် အသိပညာများကို စိတ်အားထက်သန်စွာ လေ့လာသင်ယူသူများဖြစ်လာရန်၊ မိမိပတ်ဝန်းကျင်အကျိုးဆောင်ရွက်တတ်သူများ ဖြစ်လာရန် ရည်မှန်းချက်များဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ကော့သောင်းမြို့တွင် သောက်သုံးရေအခက်တွေ့လျက်ရှိသည့် ရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**ကော့သောင်း ဧပြီ ၂၃**

ကော့သောင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းကာ ဧပြီ ၂၀ ရက်က မြို့နယ်အတွင်း သောက်သုံးရေအခက်တွေ့လျက်ရှိသည့် ရပ်ကွက်ပြည်သူများသို့ သောက်သုံးရေများ လိုက်လံဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် နိုင်ငံနှင့်အဝှမ်း မြို့ပြနှင့် ကျေးလက်ဒေသပြည်သူများ သောက်သုံးရေအခက်တွေ့လျက်ရှိရာ ပင်လယ်ဝန်းရံလျက်ရှိသည့် ကော့သောင်းမြို့သည်လည်း အပါအဝင်ဖြစ်၍ သောက်သုံးရေအခက်တွေ့လျက်ရှိသည့် ရွှေပြည်သာရပ်ကွက် အကွက်(၇) ကံပွင့်လမ်း၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်အောင်ကျော်လမ်းများမှ ရပ်ကွက်ပြည်သူများသို့ ရေဂါလန်ပေါင်း ၈၂၀၀ အားလိုက်လံပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ယင်းရပ်ကွက်တွင် ထမင်းချက်ရန် ဆန်ကို ပင်လယ်ရေငန်နှင့်ဆေးပြီး ရေချိုဖြင့် ရေခမ်းချက်စားရကြောင်း၊ အဝတ်လျှော်ရာတွင် အကုန်လုံးကို ရေဇလားထဲထည့်၍ ဆပ်ပြာတိုက်လျှော်ဖွတ်ပြီး ရေတစ်ခါသာဆေး၍ လျှော်ရကြောင်း၊ သုံးရက်တွင် တစ်ခါသာရေချိုးရကြောင်း ရပ်ကွက်နေ ပြည်သူများက ပြောသည်။

**ကျော်စိုး(ကော့သောင်း ပြန်/ဆက်)**

## လမ်းအလယ်ထိရပ်ထားသော ကိုယ်ပိုင်ယာဉ်များကြောင့် လမ်းကြောပိတ်ဆို့မှုဖြစ်

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် ငုဝါလမ်း အလယ်ကြော ဆင်မင်းလမ်းနှင့် အလုံလမ်းကြားတွင် မော်တော်ကားများသွားရာကတ္တရာလမ်းတစ်ဝက်ထိ ကိုယ်ပိုင်ယာဉ်အမှတ် 2D---- မှာ အချိန်ကြာမြင့်စွာရပ်ထားခြင်းကြောင့် ယာဉ်သွားလမ်းပေါ်မှ မော်တော်ကား၊ အငှားယာဉ်၊ စက်ဘီး စသည်တို့မှာ ယာဉ်လမ်းကြောင်းကျပ်တည်း ပိတ်ဆို့မှုများ ကြုံတွေ့ရကြောင်း ဧပြီ ၂၂ ရက် မွန်းတည့် ၁၂ နာရီခန့်က ဆိုက်ကားဆရာများနှင့် TAXI အငှားယာဉ်မောင်းများထံမှ ကြားသိခဲ့ရသည်။

ယာဉ်များကို စနစ်တကျ စည်းကမ်းရှိစွာရပ်နားထားဖို့ ယာဉ်ထိန်းရဲများမှ ကြပ်မတ်ပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူများက ပြောသည်။

**ရွှေတိုင်လွင်**



ဆောင်းပါး



# ဆေးလိပ်မပြတ်ရခြင်းအကြောင်းရင်း

**à ကြည်လွင်မြင့်(မုဒြာ)**

ရောဂါတစ်ခုကို အမြစ်ပြတ်ကုသလိုပါက အကြောင်းရင်းကိုရှာဖွေပြီးကုသနိုင်မှသာ အမြစ်ပြတ်စေနိုင်သည်။ သို့သော် ယခုတင်ပြလိုသည့်အကြောင်းအရာမှာ ဆေးလိပ်မပြတ်ရခြင်း အကြောင်းအရင်းဖြစ်သည်။ ဆေးလိပ်စွဲခြင်းသည်လည်း ရောဂါတစ်မျိုးဖြစ်သည်။ အမြစ်ပြတ်ရန် အလွန်ခက်သည့် ရောဂါတစ်မျိုးဖြစ်သည်။ ရောဂါ၏ဇာစ်မြစ်အကြောင်းရင်းကို ရှာဖွေသကဲ့သို့ ဆေးလိပ်စွဲလမ်းရခြင်း၏ ဇာစ်မြစ်ကို ရှာဖွေနိုင်မှသာ ဆေးလိပ်ပြတ်ရန် နည်းလမ်းကောင်းကို ပေးနိုင်မည်ဖြစ်သည်။

ရောဂါမူလံ အဇီနကံဟုဆိုသည်။ ရောဂါဟူသမျှ အစာမကြေခြင်းမှစသည်ဟု ဆေးပညာဥပဒေသက ဆိုသည်။

ဆေးလိပ်သောက်ခြင်း၏အစမှာ ဘယ်ကနည်း။ ဆေးလိပ်သောက်ခြင်း၏အစသည် ပျင်းရိခြင်းကဟု ဆိုသူရှိသည်။ မှန်သည်-မမှန်သည်ကို ဆန်းစစ်ကြည့်ရန်လိုသည်။

ဆေးလိပ်သောက်သူမှန်သမျှကို လေ့လာဆန်းစစ်ကြည့်သောအခါ မည်သူကမျှ ဆေးဖြစ်၊ ဝါးဖြစ် သောက်သူမရှိ။ အပျင်းပြေ စမ်းသပ်ဖွာကြည့်ရာမှ စတင်ခဲ့သူချည်းဖြစ်သည်။ ဆေးလိပ်အစ တစ်ဖွာကဟုဆိုသည်။

မွေးကတည်းက ဆေးလိပ်သောက်သူဟု မည်သူမျှမရှိပေ။ အသက် ၁၅ နှစ်အရွယ်ထိလည်း ဆေးလိပ်သောက်သူ မရှိသလောက်ရှားပါသည်။ အသက် ၁၆ နှစ်အရွယ် ရှေးလူကြီးသူမစကားအရ သစ်ရွက်ကြွေသည်ကိုပင် ငိုချင်သည့်အရွယ်၊ လောကကြီးကို စူးစမ်းသည့်အရွယ်၊ ထိုအရွယ်သည် အသက် ၁၈ နှစ်၊ အသက် ၁၉ နှစ်ထိဖြစ်သည်။ Under ၂၀ (အသက်နှစ်ဆယ်အောက်အရွယ်) သည် အစူးစမ်းဆုံးအရွယ်ဖြစ်သည်။ ထိုအရွယ်တွင် ဆေးလိပ်ကို စတင်သောက်မိသူများသည်။ ပုံသေနည်းတော့ မဟုတ်ပါ။

စာရေးသူ အသက် ၁၉ နှစ်သားအရွယ်တွင် ဆေးလိပ်ကို စသောက်ခဲ့သည်။ မည်ကဲ့သို့ စတင်သောက်မိသည်ကို သေချာမမှတ်မိပေ။ မှတ်မိသည်မှာ သူငယ်ချင်းအပေါင်းအသင်းများနှင့် ညဘက်ထွက်လည်ရာမှ စသည်။ အပေါင်းအသင်းများထဲတွင် ဆေးလိပ်သောက်တတ်သူပါသဖြင့် ကူးစက်သွားခြင်းဖြစ်သည်။

ဆောင်းတွင်းညများတွင် ကွင်းပြင်၌ ကပြသော အငြိမ့်ပွဲကြည့်ရင်း ချမ်း၍ခိုက်ခိုက်တုန်နေသောအခါ အဖော်သူငယ်ချင်းက ဆေးလိပ်လေးဖွာကြည့်ပါလား၊ အချမ်းသက်သာလိမ့်မည်ဟု တိုက်တွန်းရာမှ စခဲ့သည်ဟုထင်သည်။

ဆေးလိပ်သောက်ခြင်းသည် အသိပညာနှင့်လည်း မဆိုင်ပေ။ အကျင့်တစ်ခုသာဖြစ်သည်။ ထိုအကျင့်သည် တစ်ခါတစ်ရံ အသိပညာကို ကျော်နိုင်သည်။ ပညာရှိသတိဖြစ်ခဲ ဆိုသောစကားနှင့်အညီ ဖြစ်သည်။

စာရေးသူ၏သူငယ်ချင်း ဆရာကြီးတစ်ဦးသည် တက္ကသိုလ်ကြီးတွင် ဆေးပညာဌာန၏ ပါမောက္ခ၊ ဌာနမှူးဖြစ်နေပြီ။ သူသည် ယနေ့ထိ ဆေးလိပ်မပြတ်သေးပေ။ အမှန်တော့ ထိုသူငယ်ချင်းသည် ကျောင်းသားဘဝ စာရေးသူနှင့် တွေ့စဉ်အခါက ဆေးလိပ်မသောက်တတ်ပေ။ ဆေးလိပ်၏အနံ့ပင် မခံနိုင်။ စာရေးသူထံမှ အကျင့် ကူးစက်သွားခြင်းဖြစ်သည်။ ပြောရလျှင် ရယ်စရာကောင်းသည်။ လူငယ်သဘာဝ ရည်းစားနှင့် အဆင်မပြေဖြစ်ရာမှ သူသည် စာရေးသူ၏စားပွဲပေါ်မှ စီးကရက်တစ်လိပ်ကို ယူသောက်ရာမှ စတင်ခဲ့သည်။ နှစ်ပေါင်း ၃၀ ကျော်ကြာခဲ့ပြီ။ ယနေ့ စာရေးသူက ဆေးလိပ်ပြတ်နေချိန်တွင် ထိုသူငယ်ချင်းမှာ ဆေးလိပ်မပြတ်နိုင်သေးပေ။ ထို့ကြောင့် ဆေးလိပ်မပြတ်ရခြင်းသည် အသိပညာနှင့်မဆိုင်သော အကျင့်တစ်ခုသာဖြစ်သည်ဟု ဆိုရခြင်းဖြစ်သည်။

စာရေးသူသည် ရန်ကုန် (ဝိဇ္ဇာ/သိပ္ပံ)တက္ကသိုလ်ကျောင်းသားဘဝက ကဗျာရေးခဲ့သည်။ တက္ကသိုလ်မှ ကဗျာဆရာ၊ စာရေးဆရာအတော်များများသည် ဆေးလိပ်သောက်ကြသည်ကို တွေ့ရသည်။ ဦးချစ်လက်ဖက်ရည်ဆိုင်သည် ထိုသူတို့ ဆုံနေကြနေရာဖြစ်သည်။ ထိုဆရာများကို ကြည့်ပြီး ဆေးလိပ်သောက်ခြင်းသည် အတွေးအခေါ်ကောင်းများကို ထွက်စေနိုင်သည်ဟု စာရေးသူငယ်စဉ်က ထင်ခဲ့မိသည်။

**အဆိပ်ဆိုသည်မှာ ချက်ချင်းသေသွားမှ အဆိပ်ဟု သတ်မှတ်သည် မဟုတ်ပါ။ တဖြည်းဖြည်းနှင့် သေစေသောအဆိပ်၊ ဝမ်းမီးကိုပျက်စေသောအဆိပ်နှင့် ကိုယ်ခန္ဓာ၏ တစ်စိတ်တစ်ပိုင်းကိုသာ သေစေသော အဆိပ်ဟူ၍ အမိပ္ပာယ်ဖွင့်ဆိုချက် များစွာရှိသည် . . . . . . . . . . .**

ဆေးလိပ်၏အကောင်းအဆိုးကို မသိ၍ မဟုတ်ကြ။ ထို့အတူ ကွမ်းစားခြင်း၏ ဆိုးကျိုးကိုလည်း မသိ၍မဟုတ်ကြ။ လမ်းဘေး လက်လုပ်လက်စား၊ စာရေး၊ ကျောင်းသား၊ ကျောင်းဆရာမှသည် ပါမောက္ခဆရာကြီးထိ သူ့အတိုင်းအတာနှင့်သူ သူ့အသိပညာနှင့်သူ ဆေးလိပ်ဆိုးကျိုးကို သိသူချည်းသာဖြစ်သည်။ သို့သော် စွဲလမ်းမှုနှင့် နေ့စဉ်ပြုနေကျအကျင့်တစ်ခုမှာ ဖျောက်ဖျက်ရန် မလွယ်ကူသောကြောင့်သာ ဖြစ်သည်။

ဆေးလိပ်အငွေ့သည် အဆိပ်ဟုသိကြသည်။ သို့သော် ထိုအဆိပ်သည် ချက်ချင်းလက်ငင်း တုံးခနဲသေစေနိုင်သော အဆိပ်မဟုတ်သဖြင့် ဂရုမစိုက်ကြခြင်းဖြစ်သည်။

စာရေးသူသည် လွန်ခဲ့သော နှစ်အနည်းငယ်က 'ရေနွေးညသိပ် အဆိပ်ထက်ပြင်း' ဟူ၍ စာအုပ်တစ်အုပ် ရေးဖူးသည်။ ထိုစဉ်က စာရေးသူထက် အသက်နှင့်ဝါကြီးသော ဆရာကြီးတစ်ဦးက 'အဆိပ်ထက်ပြင်းမှတော့ သေပြီပေါ့ကွ။ ငါတို့ ညကတည်ပြီး လက်ဖက်ခြောက်ခပ်ထားတဲ့ရေနွေးကို မနက်တိုင်းသောက်နေတာ ကြာပေါ့'ဟု ပြောသည်။ အဆိပ်ဆိုသည်မှာ ချက်ချင်းသေသွားမှ အဆိပ်ဟု သတ်မှတ်သည် မဟုတ်ပါ။ တဖြည်းဖြည်းနှင့်သေစေသော အဆိပ်၊ ဝမ်းမီးကိုပျက်စေသော အဆိပ်နှင့် ကိုယ်ခန္ဓာ၏ တစ်စိတ်တစ်ပိုင်းကိုသာ သေစေသောအဆိပ်ဟူ၍ အမိပ္ပာယ်ဖွင့်ဆိုချက်များ စွာရှိသည်။ ထိုဆရာကြီးသည်လည်း လည်ချောင်းကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ တိုက်ဆိုင်မှုလည်း ဖြစ်နိုင်သည်။

ဆေးလိပ်အငွေ့သည် အဆိပ်ငွေ့ဖြစ်သည် မှန်ပါသလော။ အထက်က ဆရာကြီးပြောသကဲ့သို့ 'ငါတို့ နှစ်ပေါင်းများစွာ ဆယ်စုနှစ်ချီပြီးသောက်လာတာ ဘာမျှမဖြစ်ပါဘူး' ဟု ပြောမည့်သူလည်း ရှိလာနိုင်သည်။

အနောက်တိုင်းဆေးပညာက 'နီကိုတင်းဓာတ်' ၏ ဆိုးကျိုးနှင့် စွဲလမ်းစေမှုအကြောင်း အကျယ်တဝင့်ပြောသည်။ ကတ္တရာနှင့် အလားသဏ္ဍာန်တူစွာ အဆုတ်တွင် သွားရောက်ကပ်ငြိခြင်းကိုလည်း ပုံများနှင့်တကွ ပြသည်။ ဆေးလိပ်(စီးကရက်)တစ်လိပ်သောက်ရုံဖြင့် ခန္ဓာကိုယ်ရှိသွေးကြောများ ဆန့်လျှင် မိုင်တစ်ထောင်ခန့်သည် ကျဉ်းသွားရသည်ဟု ဆရာကြီး သိပ္ပံမျိုးတင် ဟောပြောသည်ကိုလည်း ကြားသိရဖူးသည်။

နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားသူများလာရခြင်းမှာလည်း ကမ္ဘာပေါ်တွင် စက်မှုတိုးတက်လာခြင်းကြောင့် စက်ရုံနှင့်မော်တော်ယာဉ်များမှထွက်သည့် မီးခိုးငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်အငွေ့များကို ရှူရှိုက်ရခြင်း၊ ဆေးလိပ်သောက်သူများနှင့် ဆေးလိပ်မသောက်သော်လည်း နေအိမ်တွင်း၊ အလုပ်တွင် ဆေးလိပ်သောက်သုံးသူများရှိနေသဖြင့် တစ်ဆင့်ခံ အငွေ့ရှူရှိုက်ရသူများတွင် ဖြစ်ပွားခံစားရကြောင်း ပညာရှင်များက ထောက်ပြလာကြသည်။

မွေးရာပါ နှလုံးသွေးကြောကျဉ်းရောဂါ ပါလာသူကလေးများကို သုတေသနပြုကြည့်ရာ မိခင် (သို့မဟုတ်) ဖခင်က ဆေးလိပ်သောက်သုံးသူဖြစ်ခြင်းက အကြောင်းအရင်းတစ်ရပ် အဖြစ်ပါဝင်ကြောင်း တွေ့ရသည်ဟုဆိုသည်။ နှလုံးသွေးကြောကျဉ်းရောဂါသည် နာတာရှည်ရောဂါတွင် ငွေကုန်ကြေးကျ အများဆုံးရောဂါဖြစ်သည်။ အစားအသောက်ကြောင့်ချည်းမဟုတ်။ ဆေးလိပ်ကြောင့်လည်း ဖြစ်နိုင်သည်ကို သတိပြုရန်လိုသည်။

တိုင်းရင်းဆေးပညာရှုထောင့်မှတင်ပြရလျှင် ဆေးလိပ်သည် 'အညော်' တစ်မျိုးဖြစ်သည်။ အညော်သည် မန်းတက်စေသောအရာဖြစ်သည်။ အနာရှိလျှင် ညော်ရှောင်ကြဟု ရှေးလူကြီးများ ပြောကြသည်။ လွန်ခဲ့သောနှစ်ကပင် ကျန်းမာရေးဂျာနယ်တစ်စောင်တွင် ဆောင်းပါးရှင်ဆရာဝန်တစ်ဦးက အနောက်တိုင်းဆေးပညာတွင် ညော်ရှောင်သည့်အယူအဆမရှိဟုရေးမိသဖြင့် တိုင်းရင်းဆေးဆရာအသင်းနှင့် အတိုက်အခံဖြစ်ကြသည်ကို သတိရမိသည်။ မြန်မာနိုင်ငံသည် အနောက်တိုင်းမဟုတ်။ သူ့လူမျိုးနှင့် သူ့ရိုးရာဆေးပညာ ဓလေ့ထုံးတမ်းစဉ်လာများရှိသည်ကို သတိပြုရန်လိုသည်။

တိုင်းရင်းဆေးပညာအသင်း ဥက္ကဋ္ဌဆရာကြီး ဦးသန်းညွန့်ကို စာရေးသူက ညော်နှင့်ပတ်သက်၍ မြန်မာ့ဆေးကျမ်းများတွင် ဖော်ပြမှုရှိပါသလားဟု မေးကြည့်ရာ ဆရာကြီးက ရောဂါကုထုံးများတွင် ဂန္ဓာရုံကုထုံးဟူ၍ရှိကြောင်း၊ ကောင်းသော မွှေးသော ကြာပန်း၏ ရနံ့ဖြင့် ဆရာကြီးဇီဝက ကုထုံးရှိကြောင်းနှင့် မကောင်းသော ရနံ့ဆိုးသော ဂန္ဓာရုံဖြစ်သဖြင့် ရောဂါကို အပြစ်ပြုစေနိုင်သည်ဟုဆိုသည်။

စာရေးသူတွေးတောမိသည်မှာ ဆေးလိပ်သည် ညော်နံ့နှင့်တူသည်။ မကောင်းသော ဂန္ဓာရုံဖြစ်သည်။ ရောဂါရစေနိုင်သည်။

သို့သော် ထိုမကောင်းသော ညော်နံ့၊ ဂန္ဓာရုံဆိုးတွင် စွဲလမ်းနေခြင်းမှာ အဘယ်ကြောင့်နည်းဟု အဖြေမထွက်ပါ။ ပိုးဖလံမျိုး မီးကိုတိုး၊ ကိုယ်ကျိုးနည်းလှပြီဟူသော ထွင့်ခေါင်ဆရာတော်ကြီးဆုံးမစာကိုပင် သွား၍သတိရမိသည်။

စာရေးသူကိုယ်တိုင်ပင် ဆေးလိပ်ကို အကြိမ်ကြိမ်ဖြတ်ခဲ့ရပြီး၊ အသက် ၁၉ နှစ်အရွယ်မှ စခဲ့သည်မှာ အသက် ၅၅ နှစ်ရောက်မှ ပြတ်ခဲ့ရသည်။ အလွန်ခက်ခဲစွာဖြတ်ခဲ့ရသည်။ စိတ်သာအဓိက ဟုဆိုသော်လည်း ထိုစိတ်ဆိုသည့်အရာမှာ အရသာနောက်သို့ အလွန်လိုက်သဖြင့် ဖြတ်ရခက်ခြင်းဖြစ်သည်။ ဆေးလိပ်ဖြတ်ခြင်းသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ခြင်းကဲ့သို့ပင် ခက်ခဲပြီး အောင်မြင်ပြီးသောအခါတွင်လည်း အလွန်ပျော်ရွှင်ဖွယ်ကောင်းသောအရာဖြစ်သည်။

ဆေးလိပ်ဖြတ်လိုသူများအတွက် အကြံပြုလိုသည်မှာ -

(၁) ဆေးလိပ်ဖြတ်မည်ဟု စိတ်ကူးစ၍ရှိသည်နှင့် ခြေတစ်လှမ်းစမိပြီဖြစ်သည်။ ဆက်၍လှမ်းပါ။

(၂) မိမိ ဆေးလိပ်ဖြတ်မည့်အကြောင်းကို ပတ်ဝန်းကျင်တွင် လျှောက်ပြောပါ။ ဖြစ်နိုင်လျှင် မည်သည့်နေ့တွင်ဖြတ်မည်ဟု ရက်သတ်မှတ်ပြီး ကြေညာပါ။

(၃) ဆေးလိပ်ဝယ်ယူရရှိနိုင်သည့် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

(၄) သကြားလုံး၊ ပီကေ၊ ရှောက်သီးဆေးပြား စသည့်ခံတွင်းအချဉ်ပြေစေနိုင်သည့်အစာများကို အမြဲဆောင်ထားပြီး စားသုံးပေးပါ။

(၅) ဆေးလိပ်ဖြတ်ခြင်းကို အစားထိုးသည့်အနေဖြင့် ကွမ်းစားခြင်းကို လုံးဝမပြုလုပ်ပါနှင့်။ ကွမ်းယာသည် ဆေးလိပ်ထက်ပို၍ဆိုးသည်။

(၆) မိမိကျန်းမာရေးသာမက မိသားစု၏ရှေ့ရေးအတွက် ရည်ရွယ်၍ ဆေးလိပ်ဖြတ်သည်ဟု စိတ်တွင် စွဲမြဲခံယူထားပါ။

(၇) အကောင်းဆုံးဆေးလိပ်ဖြတ်နည်းမှာ မသောက်ဘဲနေခြင်းဖြစ်ပင်ဖြစ်သည်။ အမှန်ကန်ဆုံးနိယာမ ဖြစ်သည်။

ဆေးလိပ်ပြတ်နိုင်ကြပါစေ။ ။



# အကျင့်သီလ မဲ့တုံက ကုလ မျိုးဖျက်ရာ



ဓာတ်ပုံ- ကုလသမဂ္ဂ

**ခဲ ကိုရင်ညြ**

ကုလသမဂ္ဂ၏ နှစ် ၇၀ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် အမည်စာရင်းတင်သွင်းခံရသူများအား ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအားလုံးက မေးမြန်းရန်အခွင့်အရေးရရှိမည်ဖြစ်ရာ အစဉ်အလာအရ လျှို့ဝှက်မှုရှိသော ရွေးချယ်ရေးလုပ်ငန်းစဉ်မှာ ပိုမို၍ ပွင့်လင်းမြင်သာမှုရှိလာပြီဖြစ်သည်။

လက်ရှိအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဟောင်းဖြစ်ပြီး ကုလသမဂ္ဂအကြီးအကဲ ရာထူး၌ ငါးနှစ်သက်တမ်း နှစ်ဆက်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ယခုနှစ်နှစ်ကုန်တွင် တာဝန်ပြီးဆုံးတော့မည်ဖြစ်သည်။

ကုလသမဂ္ဂ အကြီးအကဲရာထူးတွင် ပထမဆုံးအကြိမ် အမျိုးသမီးတစ်ဦးကို တာဝန်ပေးအပ်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအရေအတွက်၏ လေးပုံတစ်ပုံကျော်က ဆန္ဒပြုခဲ့ကြလေသည်။

အဖွဲ့ဝင် ၁၅ နိုင်ငံရှိ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အတွင်းရေးမှူးချုပ်အလောင်းအလျာတစ်ဦးကို အဖွဲ့ဝင် ၁၉၃ နိုင်ငံပါဝင်သော အထွေထွေညီလာခံသို့ တရားဝင် အမည်စာရင်းတင်သွင်းရမည်ဖြစ်သည်။ အထွေထွေညီလာခံသည် အမည်စာရင်း တင်သွင်းခံရသူကို လုပ်ရိုးလုပ်စဉ်အတည်ပြုပေးလေ့ရှိသည်။

ဗီတိုအာဏာရှိသော အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ တရုတ်နှင့် ပြင်သစ်နိုင်ငံတို့သည် အတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် အပြီးသတ် အမည်စာရင်းတင်သွင်းခံရသူအား ထောက်ခံပေးရန် လိုအပ်သည်။

လွန်ခဲ့သည့်နှစ်က ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုပေးခဲ့သော ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီအတွက် အမည်စာရင်းတင်သွင်းလွှာများ၊ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းတင်ကာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးကြားသိစေရမည်ဖြစ်သည်။

အတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် ရွေးချယ်ရာတွင် ဗီတိုအာဏာရှိသော နိုင်ငံငါးနိုင်ငံတို့က လျှို့ဝှက်စွာဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို အဆုံးသတ်ကာ ဒီမိုကရေစီ နည်းလမ်းနှင့်အညီ ပွင့်ပွင့် လင်းလင်း ထင်သာမြင်သာ ပြုလုပ်တော့မည်ဖြစ်သည်။

ကုလသမဂ္ဂ အကြီးအကဲရာထူးကို ရွေးချယ်ရာတွင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆန္ဒမဟုတ်ဟူ၍ လုံခြုံရေးကောင်စီတစ်ခုတည်း၏ ဆန္ဒဖြင့် သိုသိုသိပ်သိပ် ရွေးချယ်ခဲ့ပုံကိုသာ ကုလသမဂ္ဂ၏ နှစ် ၇၀ သက်တမ်းတွင် တွေ့မြင်ခဲ့ကြရသည်။

ကမ္ဘာ့ဒေသများအလိုက် အလှည့်ကျစနစ်ဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးနေရာကို ရွေးချယ်သည့် အစဉ်အလာတစ်ရပ်ရှိနေပေရာ ယခုတစ်ကြိမ်တွင် အရှေ့ဥရောပဒေသမှ ပုဂ္ဂိုလ်တစ်ဦးဦး ကုလသမဂ္ဂ အကြီးအကဲဖြစ်လာဖွယ်ရှိကြောင်း သံတမန်များက ပြောကြားသည်။

လုံခြုံရေးကောင်စီသည် အတွင်းရေးမှူးချုပ်သစ် ရွေးချယ်နိုင်ရန် ဇူလိုင်လတွင် တံခါးပိတ် အစည်းအဝေးကျင်းပကာ ဆွေးနွေးမည်ဖြစ်ပြီး စက်တင်ဘာလထက် နောက်မကျဘဲ ဆုံးဖြတ်ချက် ချမှတ်ပေးရမည်ဖြစ်သည်။ သို့မှသာ အထွေထွေညီလာခံက အောက်တိုဘာလတွင် ကုလသမဂ္ဂအကြီးအကဲသစ်ကို ရွေးချယ်တင်မြှောက်နိုင်မည်ဖြစ်သည်။

ကိုလံဘီယာနိုင်ငံက ဦးဆောင်လျက် ၅၆ နိုင်ငံပါဝင်သော အုပ်စုတစ်ခုနှင့် အရပ်ဘက်အဖွဲ့အစည်းများက ကုလသမဂ္ဂ၏ သမိုင်းတွင် ပထမဆုံးအကြိမ် အမျိုးသမီး အတွင်းရေးမှူးချုပ်ကို ရွေးချယ်တင်မြှောက်ရန် လိုလားကြသည်။

ယခုအချိန်အထိ အမည်စာရင်းတင်သွင်းခံရသူများအနက် ထက်ဝက်မှာ အမျိုးသမီးများဖြစ်ကြသည်။ ဘူဂေးရီးယားနိုင်ငံမှ ယူနက်စကို ညွှန်ကြားရေးမှူးချုပ် အာရီနာဘိုကိုဗာ၊ ခရိုအေးရှားနိုင်ငံခြားရေးဝန်ကြီးဟောင်း ဗက်စနာပူစစ်၊ မော်လ်ဒိုဗာ နိုင်ငံခြားရေးဝန်ကြီးဟောင်း နာတာလီနာဂါမန်း၊ နယူးဇီလန် ဝန်ကြီးချုပ်ဟောင်း ဟယ်လင်ကလပ် (ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်အကြီးအကဲ) တို့မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် အမည်စာရင်းတင်သွင်းခံထားရသော အမျိုးသမီးများဖြစ်ကြသည်။

ကုလသမဂ္ဂ အကြီးအကဲရာထူးနေရာအတွက် ယှဉ်ပြိုင်ပွဲတွင် ပါဝင်ကြမည့် အခြားပုဂ္ဂိုလ်များမှာ မက်ဆီဒိုးနီးယားနိုင်ငံခြားရေးဝန်ကြီးဟောင်း ဆာဂျန်ကာရင်၊ မွန်တီနီဂရိုး နိုင်ငံခြားရေးဝန်ကြီး အီဂေါလူဆစ်၊ ဆလိုဗေးနီးယားသမ္မတဟောင်း ဒါနီလိုတာ့၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးဟောင်း အန်တိုနီယိုဂူတာရက် (ပေါ်တူဂီ ဝန်ကြီးချုပ်ဟောင်း) တို့ဖြစ်ကြသည်။

### ကုလသမဂ္ဂ ဟူသည်ကား

အမေရိကန်ပြည်ထောင်စု၌ ကျင်းပလတ္တံ့သော သမ္မတ ရွေးကောက်ပွဲအပေါ် အာရုံစိုက်နေကြစဉ်မှာပင် ကမ္ဘာ့မိသားစုအဖွဲ့ကြီးဖြစ်သော ကုလသမဂ္ဂအဖွဲ့ကြီး၏ ခေါင်းဆောင်သစ်ကို ရွေးချယ်တင်မြှောက်နိုင်ရန် ကမ္ဘာ့နိုင်ငံများက ရှေးရှုလျက်ရှိကြလေကုန်၏။

လူသားတို့၏ ဘဝနေထိုင်မှုဆိုင်ရာ ပြဿနာအပေါင်းကို အာရုံစိုက်ကာ ဖြေရှင်းနိုင်ရန် 'မန်းဒိတ်' (ခေါ်) ကမ္ဘာ့ပြည်သူတို့က အပ်နှင်းသော အခွင့်အာဏာရရှိထားသည့် ကမ္ဘာ့အဖွဲ့အစည်းကြီးသည်ကား ကုလသမဂ္ဂတည်း။

နိုင်ငံတကာတွင် ငြိမ်းချမ်းစေဖို့ လုံခြုံစေဖို့၊ နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးစေဖို့၊ ကမ္ဘာ့နိုင်ငံများ၏ ကြီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူ့သဘာဝတ္ထုပြဿနာရပ်များကို ဖြေရှင်းနိုင်စေဖို့ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ မြှင့်တင်နိုင်စေဖို့ ကတိကဝတ်ပြုမှုများနှင့်အတူ နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်နိုင်စေဖို့ ရည်မှန်းထားသည်ကား ကုလသမဂ္ဂ (ဝါ) နိုင်ငံပေါင်းစုံ အစည်းအရုံးကြီးဖြစ်၏တည်း။

ဤတွင်ရွေ့ကား 'ကုလသမဂ္ဂ' ဟူသော နိုင်ငံစုံသမဂ္ဂကြီး၏ ဝေါဟာရ အတိမ်အနက်ကို ကျွန်ုပ်စေ့ငုမိလေသည်။

'ကုလ' ဟူသည်ကား 'အမျိုးအနွယ်' ကို ဆိုလိုပေသည်။ ဤနေရာတွင် "အကျင့်သီလ၊ မဲ့တုံက၊ ကုလ မျိုးဖျက်ရာ" ဟူသော စာဏကျ နီတိလာ အဆုံးအမတစ်ရပ်ကို ကျွန်ုပ်ပြန်ပြောင်း သတိရမိလေသည်။ ကိုယ်ကျင့်တရား ပျက်ပြားချေသော် မိမိ၏ အမျိုးအနွယ်ကို ဖျက်ဆီးရာရောက်သည်ဟု နီတိက လမ်းညွှန်လျက်ရှိလေသည်။

ကမ္ဘာ့လူမျိုးပေါင်းစုံတို့ကို အစည်းအရုံးတစ်ခုအဖြစ် ကွန်ရက်ဖွဲ့ထားသော ကုလသမဂ္ဂအဖွဲ့ကြီးသည် ယနေ့ကာလတွင် အသက် ၇၁ နှစ်သားအရွယ်သို့ ဝင်ရောက်လာခဲ့ချေပြီ။

နှစ်ပရိစ္ဆေဒ ရင့်သန်လာသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို လူပုဂ္ဂိုလ်သဖွယ် ရှုမြင်လျှင်မူကား တတိယအရွယ် နှောင်းပိုင်းသို့ ရောက်ရှိနေသော ရင့်ကျက်သည့် ပုဂ္ဂိုလ်အဖြစ် ရှုမြင်ရ၏။

ဤနေရာတွင် ကုလသမဂ္ဂအဖွဲ့ကြီး အသက်ရာကျော်ရှည်စေကြောင်း ကမ္ဘာ့နိုင်ငံအပေါင်းက ဝိုင်းဝန်းပံ့ပိုးပေးကြရန် လိုအပ်ပေလိမ့်မည်။

အိုမင်းရင့်ရော်လာချိန်တွင် 'ဇရာဒုဗ္ဗလ' (အိုမင်းအားနည်းခြင်း) ဘေးမသင့်စေဖို့ ကမ္ဘာ့နိုင်ငံများအားလုံးက အထောက်အကန် ပြုကြဖို့ ဤနေရာမှ ကျွန်ုပ် တိုက်တွန်းလိုက်၏။

ဗုဒ္ဓဘုရားရှင်လက်ထက်တော်အခါက အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ ကျောင်းအမကြီး ဝိသာခါတို့သည် အသက် ၁၂၀ ရှည်ကြကုန်၏။ အရှင်ဗာကုလသည် အသက် ၁၆၀ ရှည်၏။

အသက်ရှည်ရာ အနာမဲ့ကြောင်း ဂုဏ်သတ္တိအပေါင်းဖြင့် ပြည့်စုံစေခြင်းငှာ ကြိုးပမ်းမည်ဆိုသော် (ဝါ) ကမ္ဘာ့နိုင်ငံအသီးသီး၏ ကောင်းမြတ်သော မနသီစိတ်ထားဖြင့် ကောင်းကျိုးပွားအောင် စွမ်းဆောင်ကြမည်ဆိုသော် ကမ္ဘာ့လူသားမျိုးနွယ်ကို စောင့်ရှောက်သော ကုလသမဂ္ဂအဖွဲ့ကြီးသည် အသက်ကြီးသော်လည်း မပျက်စီးသော အစည်းအရုံးကြီးအဖြစ် သက်တမ်းအကန့်အသတ်မရှိ ရပ်တည်နိုင်ပေလိမ့်မည်ဟု ကျွန်ုပ် တွေးတောမိလေသည်။

'ဗလဝ' (အားကြီးသော) ကုလသမဂ္ဂဖြစ်တည်ရေးအတွက် ဗလငါးတန် ပြည့်ဝစေရန် စိတ်ရည်သန်ကြရမည်မှာ ကျွန်ုပ်တို့၏ ကျင့်ဝတ်ဖြစ်သင့်ပေသည်။

ဗလငါးတန်ဟူသည်ကား ခွန်အား (ကာယဗလ)၊ ဉာဏ်အား (ဉာဏဗလ)၊ ပစ္စည်းအား (ဘောဂဗလ)၊ မိတ်ဆွေအား (မိတ္တဗလ)နှင့် ကိုယ်ကျင့်အား (စာရိတ္တဗလ)တို့ဖြစ်သည် မဟုတ်ပါလော။

ဗလငါးတန်ဟူသည် ပုဂ္ဂိုလ်တစ်ဦးချင်းမှ အစပြု၍ ပြည်သူပြည်သားအားလုံး ထာဝစဉ် ဖြည့်ဆည်းအပ်သောအရာပေတည်း။

ပြည့်ခွန်အားသည် ပြည်တွင်း၌သာရှိ၏။ ပြည်သူ့အားသည် ပြည့်ခွန်အားဖြစ်၏။ တိုင်းပြည်သာယာအောင် ပြည်သူတို့ စည်းလုံးညီညာကြရလိမ့်မည်။

ပြည့်ဉာဏ်အားမှာမူ ပြည်သူတို့၏ လူ့စွမ်းအားအရင်းအမြစ် တောင့်တင်းခိုင်မာမှုကို ရည်ညွှန်းနိုင်သည်။ ရုပ်ပိုင်းအရ တည်ရှိနေသော သဘာဝသယံဇာတတို့သည် နှစ်ပရိစ္ဆေဒ အကန့်အသတ်ဖြင့်သာလျှင် တည်ရှိနိုင်ပေရာ လူ့စွမ်းအားအရင်းအမြစ်က သာလွန်အရေးကြီးလှပေသည်။ ဉာဏ်ပညာထက်သန်သော ပြည်သူတို့သည် လောကီအရေးတွင်သာမက သံသရာအရေးတွင်ပါ စွမ်းဆောင်ရှင်များ ဖြစ်ကြလိမ့်မည်။ နိုင်ငံကြီးပွားရေးတွင် ဉာဏ်ပညာရှိပါမှ ဝီရိယအကျိုးနားလည်၍ လုံ့လစိုက်ကာ သာသာယာယာရှိစေနိုင်သည်။ ပရိသတ်ဗိုလ်ပုံတို့၏ အလယ်မှာလည်း "ပညာရဲရင့်သူတို့သာ ပွဲလယ်တင့်" နိုင်ကြသည်။ ဘူးလုံး နားမထွင်း အဖျင်းအအ ပညာအောက်တန်းကျနေသူတို့မှာ စည်းစိမ်ရှင်ပင်ဖြစ်လင့်ကစား အထက်တန်းသို့ မတက်လှမ်းနိုင်ချေ။

ကမ္ဘာကို လွှမ်းမိုး၍ အုပ်စိုးနိုင်သူတို့မှာ ပညာအရည်အချင်း မြင့်မားသူများသာ ဖြစ်ကြသည်။ နေရှင်တို့မှာ ပညာရှင်တို့ကို ကူညီသဖြင့် ကြီးပွားရေး၌ ဝေစုရသူများသာလျှင်ဖြစ်ကြသည်။

အသေးအဖွဲ ရန်ပွဲကလေးမှစ၍ တိုင်းနိုင်ငံအချင်းချင်း စစ်ခင်းသည်အထိ ပညာရှိတို့ဘက်က အောင်ပွဲရစမြဲဖြစ်လေသည်။ စတုဓမ္မ ဇာတ်တော်၌ ဂင်္ဂါမြစ်အတွင်း သူ့နယ်ဖြစ်သော စစ်တလင်းမှာပင် အလောင်းတော်မျောက်မင်းက မိကျောင်းကို ပညာဖြင့် အနိုင်ရခဲ့ဖူးလေသည်။

မဟောသဓာ ဇာတ်တော်၌လည်း မရေမတွက်နိုင်အောင် များမြောင်လှသော စစ်တပ်တို့ဖြင့် ချဉ်းကပ်လာသော ကေဝဋ္ဋပုဏ္ဏားနှင့် စူဠနီမင်းကို အလောင်းတော်၏ ပညာအစွမ်းဖြင့် ကျီးခြောက်သလို ခြောက်လှန့်၍ ခံ့ခံ့ကြီးအောင်ပွဲဆင်ခဲ့ပေသည်။

နိုင်ငံတစ်နိုင်ငံ ဘောဂဗလ တောင့်တင်းခိုင်မာမှသာ ကြီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆပွားတိုး ပြုလုပ်နိုင်ပေမည်။ မိတ်ဆွေအား (မိတ္တဗလ)သည် ပေါင်းသင်းဆက်ဆံတတ်မှု၏ အင်အားဖြစ်ပြီး ကိုယ်ကျင့်တရားအား (စာရိတ္တဗလ)မှာမူ စာရိတ္တမဏ္ဍိုင်ခိုင်မြဲရေးအတွက် အထူးအရေးကြီးလှသည်။ စာရိတ္တသီလ(ကျင့်အပ်သောအကျင့်) နှင့် ဝါရိတ္တသီလ(ရှောင်ကြဉ်အပ်သော အကျင့်) တို့ကို နိုင်ငံသားတို့ ဖြည့်ဆည်းကြခြင်းဖြင့် အကျင့်သီလကောင်းမွန်သော နိုင်ငံအဖြစ် ရပ်တည်နိုင်ပေမည်။

### မျိုးနွယ်စောင့် ပုဂ္ဂိုလ်ကြီး

ကုလသမဂ္ဂသမိုင်းကို ကြည့်လျှင် မြန်မာတစ်ဦး ရေးဖွဲ့ခဲ့သည့် လှပသော စာမျက်နှာများကို တွေ့ရလိမ့်မည်။ ထိုမြန်မာသည်ကား ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာမဟာသရေစည်သူ ဦးသန့်ဖြစ်သည်။ မြန်မာသာမက ကမ္ဘာ့ဂုဏ်ဆောင် ဦးသန့်သည် ကုလသမဂ္ဂအကြီးအကဲအဖြစ် ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးသန့်၏ ကိုယ်ကျင့် သီလအပေါ် အခြေခံသော ဆောင်ရွက် ချက်များသည် မြန်မာမျိုးနွယ်တစ်ရပ်လုံးအတွက် ဂုဏ်ယူမဆုံး ဖြစ်ခဲ့ရ၏။ ဦးသန့်၏ ကိုယ်ကျင့်သိက္ခာ (သီလ၊ သမာဓိ၊ ပညာ)သည် ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် စံပြုစရာဖြစ်ခဲ့ရသည်။ ကိုယ်ကျင့် သိက္ခာပြည့်ဝသော လူသားအဖြစ် မျိုးနွယ်ကို စောင့်ရှောက်ခဲ့သည်။

ကိုယ်ကျင့်တရား ကောင်းမွန်လျှင် အမျိုးအနွယ်ကို စောင့်ရှောက်ရာရောက်ပြီး ကိုယ်ကျင့်သီလ ကင်းမဲ့လျှင် အမျိုးအနွယ်၏ ဂုဏ်ဒြပ်ကို ဖျက်ဆီးရာရောက်နိုင်ပုံကို ကျွန်ုပ်တွေးမိရင်း စာဏကျနီတိလာ "အကျင့်သီလ၊ မဲ့တုံက၊ ကုလမျိုးဖျက်ရာ" ဟူသော အဆုံးအမကို ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

# ရေယာဉ်လိုင်းများ ခရီးသည်စီးနင်းလိုက်ပါမှု လျော့နည်းသော်လည်း ကုန်သွယ်ရေးအတွက် အားထားနေရဆဲ



**ဝါးခယ်မ မေ ၂၃**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ကျေးရွာအုပ်စုများသို့ ခုတ်မောင်းပြေးဆွဲလျက်ရှိသော ရေယာဉ်များကို ကျေးရွာအုပ်စုများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များကပါ ကုန်သွယ်ရေးအတွက် အဓိကထားအသုံးပြုလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှုကြောင့် ကုန်းလမ်းဆက်သွယ်ရေးတွင် ကား၊ ဆိုင်ကယ်၊ ဒိန်းဒေါင်းများဖြင့် ဆက်သွယ်သွားလာမှုများရှိသည့်အတွက် နွေအခါတွင် ရေယာဉ်လိုင်းများ၌ ခရီးသည်စီးနင်းလိုက်ပါမှု လျော့ကျတတ်ပြီး မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် အချို့ကျေးရွာအုပ်စုများသို့ ရေယာဉ်လိုင်းဖြင့်သာ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ယခုလိုနွေရာသီ၌ ခရီးသည်စီးနင်းလိုက်ပါမှု လျော့နည်းသော်လည်း မိုးရာသီ၌ ဆက်သွယ်သွားလာရာတွင်လည်းကောင်း၊ ကျေးရွာများမှ တောင်သူလယ်သမားများ၏ ဒေသထွက်သီးနှံများ၊ ဒေသထွက်ကုန်များ တင်ပို့ရောင်းချရာတွင်လည်းကောင်း၊ မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များမှ အိမ်ဆောက်ပစ္စည်းများ၊ ရေနံဆီ၊ ဓာတ်ဆီ၊ လူသုံးကုန်များ၊ စားသောက်ကုန်ပစ္စည်းများ ကျေးရွာအသီးသီးသို့ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း အဆိုပါရေယာဉ်လိုင်းများကို အားထားရကြောင်း ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**လွမ်းသီဟ(ဝါးခယ်မ)**

## ဓမ္မပူဇာ စာပေဆုချီးမြှင့်ခြင်းနှင့် စာမူဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၃**
လေးမြိုင်ဓမ္မပူဇာစာပေဆုချီးမြှင့်ပွဲနှင့် ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့၏ စတုတ္ထအကြိမ်မြောက် ထေရဝါဒဓမ္မစာမူဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၄ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဇမ္ဗူသီရိဗိမာန်တော်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းဓမ္မပူဇာစာပေဆုချီးမြှင့်ပွဲကို နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်ပြီး လေးမြိုင်ဓမ္မပူဇာစာပေဆုရရှိသူများနှင့် ထေရဝါဒဓမ္မစာမူဆုရရှိသောစာရေးသူများ၏ ဓမ္မအမြင်များဆွေးနွေးဖလှယ်ခြင်းကို မွန်းလွဲ ၁၂ နာရီခွဲမှ မွန်းလွဲ ၂ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ကမ္ဘာ့အလုပ်သမားနေ့(မေဒေးနေ့) အခမ်းအနား ရေနံချောင်းမြို့တွင် ခမ်းနားစွာကျင်းပမည်

**ရေနံချောင်း မေ ၂၃**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ဆုံတိုက်ရပ်ကွက်ရှိ သမိုင်းဝင်လည်ပေါ် သာသနာ့ဗိမာန်တော်ကြီး( မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် အလုပ်သမားနေ့ အခမ်းအနားကျင်းပသည့်နေရာ) တွင် ယခုလာမည့် မေ ၁ ရက်နေ့၌ရောက်ရှိမည့် (၁၂၆) ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့ (မေဒေးနေ့) အခမ်းအနားကို စည်ကား၊ တင့်တယ်ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကမ္ဘာ့အလုပ်သမားနေ့ (မေဒေးနေ့) အခမ်းအနားကျင်းနိုင်ရေးအတွက် ရေနံချောင်းမြို့နယ်ရှိ မြို့မိမြို့ဖများ၊ ရေနံချောင်းမြို့ ရွှေရေနံ့သာအလုပ်သမားအဖွဲ့အစည်း၊ ရေနံချောင်းမြို့ GOLD PETROL အလုပ်သမားအဖွဲ့အစည်းတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားတွင် နံနက်ပိုင်း၌ ဒေသခံရွှေရေနံ့သာအလုပ်သမားအဖွဲ့အစည်းနှင့်အတူ ရေနံမြေဒေသအသီးသီးမှ အလုပ်သမားသမဂ္ဂအဖွဲ့အစည်းများက အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်များဖြင့် ဖျော်ဖြေခြင်း၊ နေ့လယ်ပိုင်းတွင် သမဂ္ဂများပူးပေါင်းဆောင်ရွက်ရေးကော်မတီ (CCTU ) နှင့် ဒေသအသီးသီးမှ တက်ရောက်လာကြသော အလုပ်သမားသမဂ္ဂအဖွဲ့အစည်းများက အချင်းချင်းနှီးနှောဖလှယ်ဆွေးနွေးခြင်းနှင့် ညပိုင်းတွင် ည ၇ နာရီမှစတင်၍ ဆရာကာတွန်းဝင်းအောင်၊ ဆရာနိုင်မြန်မာ၊ ဆရာထက်ကျော်တို့က မေဒေးနေ့အထိမ်းအမှတ် စာပေဟောပြောမှုများ ဆောင်ရွက်သွားကြမှာဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ငြိမ်းငြိမ်းအိ(ပြန် /ဆက်)**

## မတ္တရာမြို့နယ်တွင် လေပြင်းများတိုက်ခတ်၍ သစ်ပင်များလဲပြိုပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

**မတ္တရာ မေ ၂၃**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မေ ၂၀ ရက် ညနေပိုင်းက လေပြင်းများတိုက်ခတ်သဖြင့် စာသင်ကျောင်းအမိုးများလန်ခြင်း၊ မိုးသီးများကျခြင်း၊ သစ်ပင်များပြိုလဲခြင်းကြောင့် လျှပ်စစ်မီးများပြတ်တောက်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းများတိုက်ခတ်မှုကြောင့် လမိုင်းကျေးရွာအုပ်စု ကျောက်တံတားကျေးရွာ အထက်တန်းကျောင်းတွင် စာသင်ခန်း (၆)ခန်းပါ ကုမုဒြာကျောင်းဆောင်မှာ သွပ်မိုးလန်ထွက်ပျက်စီးခဲ့ခြင်း၊ ကျောင်းအလံတိုင်ပျက်းစီးခြင်း၊ ကြက်ခြံများပြိုလဲခြင်းပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်။

ယင်းလေပြင်းတိုက်ခတ်မှုကြောင့် မန္တလေး -မတ္တရာ ကားလမ်းဘေးရှိသစ်ပင်များ ပြိုလဲခြင်းဖြစ်ပွားခဲ့ပြီး အဆိုပါ သစ်ပင်များကို မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ဒေသခံများ စုပေါင်း၍ ညတွင်းချင်းရှင်းလင်းနိုင်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးများပြတ်တောက်ခြင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နေအိမ်များပြိုလဲခြင်း၊ အမိုးများလန်ခြင်း၊ ဓာတ်တိုင်များယိုင်လဲခြင်းနှင့် သစ်ပင်များပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုစာရင်းများကိုမူ တာဝန်ရှိသူများမှ ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားရေးအတွက် စတင်သယ်ဆောင်ရာဒေသမှ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်(PC-3)ပါမှသာ ဝင်ရောက်ခွင့်ပြုရန် ရည်ရွယ်ချက်ဖြင့်ကြိုတင်ကာကွယ်စစ်ဆေး

**ယင်းမာပင် မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ကြက်သားဆိုင်၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥဆိုင်များတွင် စတင်သယ်ဆောင်ရာဒေသမှ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက် (PC-3) ပါမှသာ ဝင်ရောက်ခွင့်ပြုရန် ရည်ရွယ်ချက်ဖြင့် ယင်းမာပင်မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးအဖြစ် မေ ၂၂ ရက် နံနက် ၆ နာရီခွဲက ကွင်းဆင်းစစ်ဆေး၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများကွင်းဆင်းဆောင်ရွက်ရာတွင် ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးဝင်းဦးဆောင်ပြီး မြို့နယ်မွေး/ကု၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်၊ မြို့နယ်စည်ပင်တို့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ခဲ့ကြောင်းသိရသည်။

အဆိုပါ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြို့မဈေးအတွင်းရှိ ကြက်သားဆိုင် ၁၈ ဆိုင်၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥဆိုင် ၇ ဆိုင်တို့ကို ကွင်းဆင်းစစ်ဆေးပြီး မိမိဒေသအတွင်း ကြက်ငှက်သေဆုံးမှုရှိပါက နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ အအကြောင်းကြားရန်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

မိမိဒေသအတွင်းသို့ရောဂါဖြစ်ပွားရာဒေသမှ ကြက်၊ငုံး၊ ဘဲ စသည့်တို့ တရားမဝင် (တရားမဝင်ကြောင်းထောက်ခံချက် PC-3 မပါ) ဝင်ရောက်ခြင်းကိုတားဆီးပေးနိုင်ရန်၊ ကြက်သားရောင်းချသူများအနေဖြင့် ရောဂါကင်းရှင်းသောကြက်များကိုသာ ရောင်းချသွားရန်နှင့်မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှမျက်မြင်စစ်ဆေးချက်၊ ရောဂါကင်းရှင်းကြောင်းထောက်ခံချက် (PC-3) ဖြင့် ရပြီးမှသာ ဈေးကွက်အတွင်း ရောင်းချရန်၊ ကြက်မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ဇီဝလုံခြုံရေး အထူးဂရုစိုက်ပြီး ရောဂါဖြစ်ပွားရာဒေသမှကြက်စာ၊ အသုံးအဆောင်ပစ္စည်းများသယ်ဆောင်ခြင်းများကို ဂရုပြုလုပ်ဆောင်ကြရန်နှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှီးဆော်ချက်တို့ကိုလည်း အသေးစိတ် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဟောပြောခဲ့ကြသည်။

ဆက်လက်ပြီး တာဝန်ရှိသူတို့က ယင်းမာပင်မြို့နယ် ရွှေတောင်ဦး အောင်ဇေယျမြို့ ကွက်သစ်ဈေးအတွင်း ရောင်းချနေသော ကြက်သားဆိုင် ကိုးဆိုင်၊ ကြက်ဥ၊ ဘဲဥဆိုင် နှစ်ဆိုင်သို့လည်းကောင်း၊ ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာ ကြက်မွေးမြူရေးဇုန်သို့လည်းကောင်း အသီးသီးသွားရောက်ပြီး လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းရှင်များအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## အဆုံဇီးကုန်းကျေးရွာတွင် နဝင်းချောင်းတောင်ကျရေ တိုက်စားမှုကာကွယ်စေရန် ရေကာနံရံတည်ဆောက်



**တပ်ကုန်း မေ ၂၃**
နေပြည်တော်တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာအုပ်စု အဆုံဇီးကုန်းကျေးရွာတွင် မိုးတွင်းကာလ နဝင်းချောင်းတောင်ကျရေများ တိုက်စားမှုကာကွယ်ရန် ရေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို မေ ၁၀ ရက် နံနက်ပိုင်းကစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်မတို့ကျေးရွာက ရွာသူ၊ ရွာသားများ မိုးတွင်းအချိန်ဆိုရင် ဘုန်းတော်ကြီးကျောင်း၊ အခြေခံပညာကျောင်းနဲ့ ရွာအိမ်များအား နဝင်းချောင်းရေတိုက်စားမှာကို စိုးရိမ်နေကြရတယ်။ မိုးတွင်းချောင်းရေကျလာရင် ချောင်းရေတွေက ဘုန်းတော်ကြီးကျောင်း၊ အခြေခံပညာကျောင်းနဲ့ ကျေးရွာအိမ်ခြေအနီးအထိ ရောက်ရှိနေပါတယ်။ ရွာဘက်ကို ချောင်းရေတိုက်စားလာမှုက တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး ရွာအဝင်လမ်းအထိ ချောင်းရေတိုက်စားမှု ခံရပါတယ်။ ဒီရေကာနံရံတည်ဆောက်ပြီးစီးရင် ချောင်းရေတိုက်စားမှုအတွက် စိတ်အေးလက်အေးဖြစ်ရပါပြီ” ဟု အဆုံဇီးကုန်းကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

အဆိုပါရေကာနံရံကုန်ကျငွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်ထောက်ပံ့ငွေနှင့်ဆောင်ရွက်၍ အရှည် ၃၁၀ ပေ၊ အကျယ် ၃ ပေ၊ ၆ လက်မ ကျောက်သရိုးရေကာနံရံအမျိုးအစားဖြစ်ပြီး ယင်းရေကာနံရံပြီးစီးပါက မိုးတွင်းကာလတွင် ဒေသခံပြည်သူများနှင့် ဆရာ ဆရာမများ ကျောင်းသားနှင့် ကျောင်းသူများ ချောင်းရေတိုက်စားခြင်းမှ စိုးရိမ်ပူပန်မှုတွေ ကင်းဝေးပြီဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**



## အိုဇေးလ်ပါဝင်လာခြင်းမရှိတဲ့ ပရီမီယာလိဂ် အကောင်းဆုံးအသင်းနဲ့ နောက်ဆက်တွဲဝေဖန်မှုများ

ပရီမီယာလိဂ်တစ်နှစ်တာ အကောင်းဆုံးအသင်းစာရင်းကို မေ ၂၂ ရက်က ထုတ်ပြန်ကြေညာခဲ့ရာမှာ ပရီမီယာလိဂ်တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းမှာ ပါဝင်နေတဲ့ အာဆင်နယ်ကွင်းလယ် ဖန်တီးရှင် အိုဇေးလ်ရဲ့ အမည် ပါဝင်လာခြင်းမရှိတာကြောင့် နောက်ဆက်တွဲ ဝေဖန်မှုတွေ ထွက်ပေါ်လာခဲ့ပါတယ်။ အစောပိုင်း အကောင်းဆုံး ကစားသမားဆု ဆန်ခါတင်စာရင်း ထုတ်ပြန်ချိန်မှာလည်း ပရီမီယာလိဂ်ရဲ့ ဆုရွေးချယ်မှုပုံစံဟာ စနစ်တကျ မရှိတာကြောင့် သူ့အနေနဲ့ မဲပေးမှာ မဟုတ်ဘူးလို့ မန်စီးတီးနည်းပြ ပယ်လီဂရီနီက ဝေဖန်ခဲ့ပါတယ်။

အကောင်းဆုံးအသင်းဆုစာရင်းမှာ လက်စတာနဲ့ စပါးကစားသမားရှစ်ယောက်အထိ ပါဝင်နေပြီး ဒီဆုစာရင်းကို ဇယားထိပ်နှစ်သင်းကသာ အကြီးအကျယ် လွှမ်းမိုးထားတာတွေ့ရပါတယ်။ လက်စတာကစားသမားတွေဖြစ်တဲ့ အသင်းခေါင်းဆောင် မော်ဂန်၊ ကန်တီ၊ ဂျေမီဗာဒီနဲ့ မာရက်ဇ်၊ စပါးအသင်းက အယ်လ်ဒါဝီရယ်ဒ်၊ ဒန်နီရို့စ်၊ အယ်လီနဲ့ ဟယ်ရီကိန်းတို့ ပါဝင်နေကြပြီး ကျန်အသင်းကစားသမားတွေထဲမှာ မန်ယူဂိုးသမား ဒီဂီယာ၊ အာဆင်နယ် နောက်ခံလူ ဘယ်လာရင်နဲ့ ဝက်စ်ဟမ်းကွင်းလယ်လူ ပါယက်တို့ ပါဝင်ခွင့်ရရှိထားကြပါတယ်။

ဒီဆုစာရင်းက တစ်ဦးချင်း ထူးချွန်ဆုမဟုတ်ပေမယ့်နေရာအလိုက် အကောင်းဆုံးဆုဖြစ်တာကြောင့် ကျန်တဲ့နေရာအလိုက်ရွေးချယ်ခဲ့တာကို ဝေဖန်မှုသိပ်မရှိခဲ့ပေမယ့် အာဆင်နယ်ကွင်းလယ်ကစားသမား အိုဇေးလ်မပါဝင်ဘဲ စပါးလူငယ်ကွင်းလယ်ကစားသမား အယ်လီကိုသာရွေးချယ်ခဲ့တဲ့အပေါ် နောက်ဆက်တွဲဂယက်တွေ ထွက်လာခဲ့ပါတယ်။ အယ်လီဟာ ပါရမီရှင် လူငယ်ကစားသမားဖြစ်ပေမယ့် အိုဇေးလ်ကို ယှဉ်ကစားနိုင်ဖို့ အဆင့်တစ်ရပ်တော့ လိုပါသေးတယ်။ အိုဇေးလ်ဟာ အာဆင်နယ်ရဲ့ ကွင်းလယ်အသက်သွေးကြောဖြစ်သလို လိုအပ်တဲ့အချိန်မှာ ကိုယ်တိုင်ဂိုးတွေသွင်းပြီး အသင်းရလဒ်ကောင်းစေခဲ့သူပါ။ ဒါ့အပြင် ဒီလိုဆုစာရင်းထုတ်ပြန်ချိန်ဟာ စပါးက စတုတ်စီးတီးကို လေးဂိုးပြတ်နဲ့ အနိုင်ကစားတဲ့ ပွဲစဉ်နဲ့ရက်စွဲသိပ်မကွာတာကြောင့် အဲဒီပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုး သွင်းပေးရုံနဲ့ အိုဇေးလ်ကိုကျော်ပြီး အယ်လီကိုရွေးချယ်ခဲ့တဲ့ ဆုရွေးချယ်သူတွေရဲ့ ဆုံးဖြတ်ချက်ဟာ ပရိသတ်တွေအတွက် အံ့အားသင့်စရာဖြစ်စဉ်တစ်ရပ် ဖြစ်ခဲ့ပါတယ်။ အယ်လီဟာ ဒီနှစ်ဘောလုံးရာသီမှာ အရွယ်နဲ့မမျှအောင် ခြေစွမ်းပြနိုင်တာကို လက်သင့်ခံပေမယ့် တစ်ရာသီလုံး ခြေစွမ်းမှန်မှန်နဲ့ ခရီးဆက်ခဲ့တဲ့ အိုဇေးလ်လောက်တော့ စွမ်းဆောင်မှုမကောင်းတာ အမှန်တရားတစ်ခုဖြစ်ပါတယ်။

ဒီစာရင်းမှာ အိုဇေးလ်မပါဝင်တာနဲ့ ပတ်သက်ပြီး ဒေါသဖြစ်နေတဲ့ အာဆင်နယ်နည်းပြ ဝင်းဂါးက "အိုဇေးလ်ဟာ ဂိုးဖန်တီးမှု အများဆုံးပြု လုပ်ထားနိုင်တဲ့ ကစားသမား ဖြစ်သလို ပွဲအစအဆုံးသူကစားသွားတာကို ကြည့်ရင် တစ်ခုခုတော့ လုပ်ပြသွားတာပါပဲ။ နည်းစနစ်ပိုင်း ကျွမ်းကျင်မှုအပေါ် သေချာ သုံးသပ်ပြီးမှ ရွေးချယ်တာမျိုးမလုပ်ရင် အငြင်းပွားစရာဖြစ်စဉ်တွေဖြစ်နေဦးမှာပါ"လို့ ဝေဖန်ခဲ့ပါတယ်။

အစောပိုင်းက အကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်း ထုတ်ပြန်ချိန်မှာလည်း မန်စီးတီးတိုက်စစ်မှူး အဂူရိုမပါဝင်ဘဲ အင်္ဂလန်ကစားသမားတွေဖြစ်တဲ့ ဂျေမီဗာဒီနဲ့ ဟယ်ရီကိန်းတို့သာ ပါဝင်နေလို့ ဝေဖန်မှုတွေ ထွက်ခဲ့ပါသေးတယ်။ အခုလည်း အင်္ဂလန် ကွင်းလယ်ကစားသမား အယ်လီရဲ့ တစ်ပွဲလောက် ခြေစွမ်းပြလာမှုကြောင့် အိုဇေးလ်နေရာပျောက်သွားတာနဲ့ ပတ်သက်ပြီး ဝေဖန်ချက်တွေ ထွက်လာခဲ့တာဖြစ်ပါတယ်။

ပီအက်ဖ်အေရဲ့ ဆုရွေးချယ်မှု ပုံစံဟာ အင်္ဂလန်ကစားသမားတွေ ခြေစွမ်းပြနေရင် ကျန်နိုင်ငံသားတွေအတွက် နေရာမရှိတဲ့ စနစ်မျိုးဖြစ်နေတာကြောင့် အင်္ဂလန်ကစားသမားတွေ ခြေစွမ်းမပြနိုင်မှသာ ကျန်ကစားသမားတွေ နေရာရတဲ့ အနေအထားဖြစ်နေတာက ဆုရွေးချယ်မှုအပေါ် ပရိသတ်တွေရဲ့ ယုံကြည်မှုလျော့နည်းလာနိုင်ပါတယ်။ ဒါ့ကြောင့် ဆုရွေးချယ်ရဲ့ အဖွဲ့ဝင်တွေအနေနဲ့ မိမိတို့ရွေးချယ်တဲ့ကစားသမားဟာ အခြားဆုစာရင်းမှာ ပါဝင်ခွင့်မရတဲ့ ခြေစွမ်းပြကစားသမားထက် နည်းစနစ်ပိုင်းကျွမ်းကျင်တဲ့သူ၊ ကစားပွဲအပေါ် ဗျူဟာမြောက် ချဉ်းကပ်နိုင်မှုတို့ကိုပါ ထည့်သွင်းစဉ်းစားရင်း အဖြေထုတ်သင့်တယ်လို့ ယူဆမိပါတယ်။

**မေလှဲ့သင်း**

## ကမ္ဘာကျော်နည်းပြများရဲ့နည်းဗျူဟာအစုံနဲ့ ပရိသတ်ကို ဆက်လက်ဆွဲဆောင်နိုင်ဦးမယ့် ပရီမီယာလိဂ်



ပရီမီယာလိဂ်က မကြာခင် နှစ်များအတွင်း ဘဏ္ဍာရေးအင်အားတောင့်တင်းလာမှုနဲ့အတူ ကမ္ဘာ့ကျော်ကစားသမားတွေ၊ နည်းပြတွေရဲ့ မှီရာတည်ရာရပ်ဝန်းတစ်ခုဖြစ်လာခဲ့ပါတယ်။ နောက်နှစ်ဘောလုံးရာသီစတင်ချိန်မှာ မန်စီးတီးကို ဂွါဒီယိုလာ၊ ချယ်လ်ဆီးကို ကွန်တီတို့ ကိုင်တွယ်တော့မှာဖြစ်လို့ ပရီမီယာလိဂ်ရဲ့ ပြိုင်ဆိုင်မှုအရှိန် နောက်တစ်ဆင့် မြင့်တက်စေဦးမှာ သေချာပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးက ထုတ်ပယ်ခဲ့တဲ့ မော်ရင်ဟိုကလည်း မန်ယူကို ကိုင်တွယ်မယ်လို့ သတင်းထွက်နေတာကြောင့် ပရီမီယာလိဂ်မှာ ကမ္ဘာ့အကောင်းဆုံးနည်းပြတွေဖြစ်တဲ့ ဂွါဒီယိုလာ၊ မော်ရင်ဟို၊ ကွန်တီတို့ စုံစုံညီညီရောက်ရှိလာမယ့် အလားအလာတွေ မြင်နေရပါတယ်။

ဝက်စ်ဟမ်းမှာ ဘီလစ်၊ စပါးမှာ ပိုချက်တီနို၊ ဆောက်သမ်တန်မှာ ရော်နယ်လ်ကိုးမင်း၊ လက်စတာမှာ ရာနီရေရီ၊ လီဗာပူးမှာ ဂျာဂန်ကလော့၊ ဝက်ဖို့ဒ်မှာ ဖလောရက်စ်၊ အာဆင်နယ်မှာ ဝင်းဂါးတို့ရှိနေပြီးသားဆိုတော့ ဒီနာမည်ကျော်နည်းပြ သုံးဦးသာ ပရီမီယာလိဂ်ကို ထပ်ရောက်လာခဲ့ရင် ပရီမီယာလိဂ်ဟာ နည်းဗျူဟာအစုံညီဆုံးလိဂ်ဖြစ်လာမှာပါ။ အရင်က ပရီမီယာလိဂ်မှာ အာဆင်နယ် တစ်သင်းလောက်ပဲ လှပတဲ့ ကစားဟန်နဲ့ ကစားနိုင်ခဲ့ပေမယ့် အခုအချိန်မှာတော့ စပါး၊ ဝက်စ်ဟမ်းတို့ရဲ့ ကစားဟန်ဟာ နည်းဗျူဟာပိုင်းအရ ပိုမိုကာင်းမွန်လာတာတွေ့ရပါတယ်။

ဒါပေမယ့် အာဆင်နယ်ရဲ့ ဖလားလက်မဲ့ ရာသီဖြစ်ဖို့ သေချာလုနီးပါး အခြေအနေမှာ အရင်အာဆင်နယ်တိုက်စစ်မှူးဟောင်း အလန်စမစ်ကတော့ အခုအချိန်ဟာ နည်းပြအပြောင်းအလဲ လုပ်ဖို့ အသင့်လျော်ဆုံး အခြေအနေတစ်ရပ်ဖြစ်ပြီး ဝင်းဂါးနေရာမှာ အက်သလက်တီကို နည်းပြ ဒီယေဂိုဆီမြွန်နီကို အစားထိုးနိုင်ရင် ပြီးပြည့်စုံတဲ့ ကိစ္စတစ်ရပ်ဖြစ်လာလိမ့်မယ်လို့ သူ့အမြင်ကို ပြောကြားလိုက်ပါတယ်။ ဆီမြွန်နီကတော့ ပရီမီယာလိဂ်ကို မပြောင်းဘူးလို့ သူ့အနေနဲ့ ယတိပြတ်မပြောလိုပေမယ့် အနာဂတ်ကိစ္စရပ်ကို ဘောလုံးရာသီ မပြီးဆုံးခင်မှာ မှတ်ချက်မပေးလိုဘူးလို့သာ တုံ့ပြန်ခဲ့ပါတယ်။ ဒါ့ကြောင့် ဆီမြွန်နီ အာဆင်နယ်ကို ရောက်၊မ ရောက်ဆိုတာ ရာသီသိမ်းချိန်ရောက်မှသာ အဖြေသိကြရတော့မှာပါ။

တစ်ဖက်မှာလည်း မန်ယူနည်းပြ ဗန်ဟားလ်ရဲ့ အနာဂတ်က တောက်လျှောက် လှုပ်ခတ်နေသလို သူ့နေရာမှာ ချယ်လ်ဆီးက ထုတ်ပယ်လိုက်တဲ့ မော်ရင်ဟို၊ လက်ထောက်နည်းပြ ရိုင်ယန်ဂစ်တို့ ဝင်ရောက်တော့မယ်လို့ သတင်းတွေ ထွက်ပေါ်နေခဲ့ပါတယ် ။ မန်ယူကတော့ လက်ထောက်နည်းပြ ရိုင်ယန် ဂစ် ထက် အတွေ့အကြုံ ရင့်ကျက်နေတဲ့ မော်ရင်ဟိုကိုသာ ဦးစားပေး ခန့်အပ်ချင်နေတယ်လို့ သိရပါတယ်။ မော်ရင်ဟိုဘက်ကလည်း သူ့ရဲ့ ချယ်လ်ဆီးမှာ ကျဆုံးခဲ့တဲ့ သိက္ခာတရားကို ပြန်လည် အဖက်ဆယ်ဖို့ ပရီမီယာလိဂ်အသင်းကြီး တစ်သင်းကို ပြန်လည်ကိုင်တွယ်ပြီး သူ့အရည်အသွေးကို မှတ်ကျောက်တင်ခံလိုနေတာဖြစ်ပါတယ်။

ဒါပေမယ့် မန်ယူအသင်းတာဝန်ရှိသူတွေက ဗန်ဟားလ်ရဲ့ လူငယ်ကစားသမားတွေကို ခေါ်ယူနေရာပေးတာ၊ ရေရှည်စီမံကိန်းထားရှိတတ်တဲ့မူဝါဒကို သဘောကျတာလည်းရှိတာကြောင့် ဗန်ဟားလ်ကို ဆက်လက်ထားရှိရေးဆိုတာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအပေါ်သာ မူတည်နေပါတယ်။ မော်ရင်ဟိုကတော့ ပီအက်စ်ဂျီက ခေါ်ယူဖို့ ကမ်းလှမ်းနေတဲ့ကြားထဲမှာတောင်သူဟာ နောက်နှစ်ရဲ့ မန်ယူနည်းပြသစ် ဖြစ်လာမယ့်သူလို့ မိတ်ဆွေတွေကို ပြောကြားထားတာရှိလို့ မန်ယူနည်းပြသစ် ဖြစ်လာဖို့ ရာနှုန်းပြည့် နီးပါးသေချာနေတယ်လို့ အဖြေထုတ်ရမလိုပါပဲ။

ပရီမီယာလိဂ်မှာ အရင်က ဥရောပအနောက်ပိုင်းနိုင်ငံတွေမှ နည်းပြတွေနဲ့ ဂရိတ်ဗြိတိန်ပိုင် စကော့တလန်၊ ဝေလ၊ မြောက်အိုင်ယာလန်နဲ့ အင်္ဂလန်တို့ရှိ နည်းပြတွေနဲ့ လည်ပတ်နေခဲ့ပေမယ့် အခုနောက်ပိုင်းတော့ တောင်အမေရိက၊ လက်တင်အမေရိက ကစားဟန်တွေပါ စီးဝင်လာပါတယ်။

အခုဆို ပရီမီယာလိဂ် အသင်းငယ်တွေမှာတောင် နည်းပြတွေရဲ့ ရသစုံနည်းဗျူဟာတွေကို မြင်တွေ့နေရပြီး ခရစ္စတယ်ပဲလေ့စ်က အလန်ပါဂျူး၊ ဝက်ဖို့ဒ် နည်းပြ ဖလောရက်စ်၊ စတုတ်နည်းပြ မားဟုချ်တို့ဟာ နည်းဗျူဟာပိုင်း တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သူတွေဖြစ်ပါတယ်။ ဒါပေမယ့် လောလောဆယ်မှာတော့ လက်စတာနည်းပြ ရာနီရေရီရဲ့ ရွှေ့လျားမှု ဦးစားပေးကစားဟန်က အလုပ်ဖြစ်နေခဲ့ပြီး အမှတ်ပေးဇယားထိပ်နားမှာ ရပ်တည်နေနိုင်တာကို သတိပြုရမှာပါ။ စတုတ်နည်းပြ မားဟုချ်နဲ့ ဆောက်သမ်တန်နည်းပြ ကိုးလ်မင်းတို့ရဲ့ ခံစစ်အားပြု တန်ပြန်တိုက်စစ်ကစားဟန်ကတော့ အသင်းကြီးတွေနဲ့ ကစားရာမှာ အလုပ်ဖြစ်သင့်သလောက်ဖြစ်ပေမယ့် အသင်းငယ်တွေကို ရင်ဆိုင်ရာမှာတော့ အခက်တွေ့လေ့ရှိပါတယ်။

ဝက်ဖို့ဒ်နည်းပြ ဖလောရက်စ်ဆိုရင် နည်းဗျူဟာပိုင်း ကျွမ်းကျင်သူဖြစ်တာကြောင့် အခြားလိဂ်တွေက နာမည်ရှိတဲ့ ကလပ်တွေ ခေါ်ယူနေတဲ့ကြားကပဲ ဝက်ဖို့ဒ်လို တန်းတက်အသင်းငယ်လေးဆီကိုရောက်ရှိလာတာပါ။ ဒီလိုနာမည်ကြီးနည်းပြကို တန်းတက်အသင်းက ခေါ်ယူဖို့ဆိုတာ ပရီမီယာလိဂ်အသင်းတွေကပဲ စွမ်းဆောင်ပြနိုင်ပြီး ကျန်တဲ့လိဂ်တွေက လုပ်ဆောင်ပြဖို့ မလွယ်ပါဘူး။ ဒါ့အပြင် ဝက်စ်ဟမ်းနည်းပြ ဘီလစ်ရဲ့ နည်းဗျူဟာကလည်း အံ့သြလောက်ဖွယ်ဖြစ်ပြီး အာဆင်နယ်၊မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ကို တောက်လျှောက်အနိုင်ရရှိအောင် ကစားနိုင်ခဲ့တာကို ပရိသတ်တွေအနေနဲ့ သတိပြုရမှာ ဖြစ်ပါတယ်။ အရင်က စီးရီးအေ နည်းဗျူဟာပိုင်း အဆင့်အမြင့်ဆုံး ပြိုင်ပွဲ ဖြစ်ခဲ့ပေမယ့် အခုအချိန်မှာတော့ ပရီမီယာလိဂ်ရဲ့ ရုပ်သံထုတ်လွှင်းကြေးကရတဲ့ ဝင်ငွေတွေရဲ့ ဆွဲဆောင်မှုကြောင့် ကမ္ဘာ့အကောင်းဆုံး နည်းပြတွေက ပရီမီယာလိဂ်ကို စုဝေးရောက်ရှိနေကြပါတယ်။

ဒီလိုအချိန်မှာ လာလီဂါမှာ အင်းနရစ်၊ စီးရီးအေမှာ အယ်လ်လီဂရီ၊ ဘွန်ဒက်စ်လီဂါမှာ အန်စလော့တီတို့လောက်သာ နာမည်ကျော်နည်းပြတွေရှိမှာဖြစ်ပေမယ့် ပရီမီယာလိဂ်မှာတော့ ဂွါဒီယိုလာ၊ ကွန်တီ၊ ဘီလစ်၊ ပိုချက်တီနိုတို့လို နည်းပြကောင်းတွေ စုဝေးရောက်ရှိနေမှာဖြစ်လို့ ပရီမီယာလိဂ်ဟာ ကမ္ဘာကျော်နည်းပြတွေရဲ့ ပြောင်မြောက်တဲ့ ဗျူဟာနဲ့ ဆက်လက်အရောင်တောက်နေဦးမှာ သေချာလို့ နေပါတယ်။



**မေလှဲ့သင်း**

မြန်မာသက္ကရာဇ် (၁၃၇၈)ခုနှစ်၊ မြန်မာ့နှစ်သစ်ကူးအခါသမယတွင်
ကောင်းခြင်းမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံပြီး၊ ကျန်းမာ၊ ချမ်းသာ၊
ပျော်ရွှင်၍ စီးပွားဥစ္စာများ တိုးတက်ပါစေကြောင်း
နှစ်သစ်ဆုမွန်ကောင်း ပို့သအပ်ပါသည်။

JUNCTION CENTRE

www.facebook.com/junctionshoppingcentre
www.junctioncentregroup.com

JUNCTION SQUARE

PARAMI
PARAMI GENERAL HOSPITAL

"နှစ်သစ်ကူး ဆုမွန်ကောင်း"

Certificate TH15/8490
ISO 9001 : 2008

မြန်မာသက္ကရာဇ် (၁၃၇၈) ခုနှစ်၊ နှစ်သစ်အခါသမယတွင် မြန်မာပြည်သူ ပြည်သားအပေါင်း စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကျန်းမာပျော်ရွှင်သော မိသားစုဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း 'ပါရမီ' အထွေထွေရောဂါကုဆေးရုံ (ရန်ကုန်) မိသားစုမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

'ပါရမီ' အထွေထွေရောဂါကုဆေးရုံ (ရန်ကုန်) တွင် ၂၄.၄.၂၀၁၆ မှ ၂၄.၅.၂၀၁၆ ရက်နေ့အထိ **Toshiba Prime Aquilion 160 Slices CT Scan** စက်သစ်ကြီးဖြင့် အောက်ပါရောဂါများကို ရိုက်ကူးရှာဖွေရာတွင် **20% (အထူးလျှော့)** ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ချစ်ခင်မြတ်နိုး တန်ဖိုးထားရပါသော မိဘပြည်သူများ **CT Scanner** စက်သစ်ကြီးဖြင့် အောက်ပါရောဂါများကို (၂၄) နာရီ ဝန်ဆောင်နိုင်ပါပြီ။

- နှလုံးသွေးကြောရောဂါအမျိုးမျိုးရှာဖွေခြင်း။
- ဦးနှောက်နှင့် အာရုံကြောရောဂါအမျိုးမျိုးရှာဖွေခြင်း။
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာ ရောဂါအမျိုးမျိုးရှာဖွေခြင်း။
- အရိုးအဆစ်ဆိုင်ရာရောဂါအမျိုးမျိုးရှာဖွေခြင်း။
- သွေးကြောများပုံရိပ်ဖော်ရိုက်ကူးခြင်းနှင့် ရောဂါရှာဖွေခြင်း။
- အသည်း၊ ကျောက်ကပ်၊ ဆီးအိမ်၊ ဆီးကျိတ်၊ အူလမ်းကြောင်းနှင့် အခြားဝမ်းတွင်း ရောဂါအမျိုးမျိုးရှာဖွေခြင်း။

20% OFF



No. (60)(G~1), New Parami Road, Mayangone Township, Yangon, Myanmar. Ph ~ (01) 651 674, 660 083, 657 226, 657 228, 657 230. www.paramihospitalygn.com

CT & MRI Booking - 01 657 229

Parami Hospital



**မတ်ကက်တင်းသည်မည်သည့်လုပ်ငန်းမဆို၏**
**အောင်မြင်ရန် သော့ချက်ဖြစ်ပါသည်**

သိန်းဟန်-၁
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး
**Marketing Effectively**
**ထိရောက်စွာဈေးကွက်တင်ရောင်းချခြင်း**

ရန်ကုန်မြို့စာအုပ်ဆိုင်ကြီးများနှင့် မန္တလေးမြို့ (နဂါး) တွင် ရပြီ။
ဖုန်း - ၀၁ ၅၃၇၂၃၀၊ ၀၉ ၅၄၀ ၁၆၁၅၊ ၀၉ ၇၉၅၈၃၃၉၁၁



**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်းကျေးရွာ၊ ပြည်လမ်း၊ အမှတ် (၃)နေ ဒေါ်ခိုင်သီတာဦး၊၁၂/မဘန(နိုင်)၀၀၀၉၃၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်သီတာဦးနှင့် ဦးဝင်းသိန်းထွန်းတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။ ၂၅-၂-၂၀၁၅ ရက်တွင် မှော်ဘီမြို့နယ်တရားရုံး၌ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေအား စိတ်အနှောင့်အယှက်ဖြစ်ရန် ပြုလုပ်ပြောဆိုမှုသော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲ နေအိမ်အား ဝင်ထွက်ခြင်းမရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား ရောင်းချပေါင်နှံပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း မပြုရန် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မို့မို့ဝင်း (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၄၁၂၅၇)
အခန်း(၃)၊ မရမ်းကုန်းမြို့နယ်တရားရုံးရှေ့၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉၄၂၀၀၈၁၈၄၉



YTTC Yangon Teacher Training Center

**Teaching English to Young Learners TEYL**

International သင်ရိုးများကို ပိုင်နိုင်စွာ သင်ကြားနိုင်သည့် အရည်အသွေးပြည့်ဆရာ၊ ဆရာမကောင်းများဖြစ်ရန် ရည်ရွယ်ပါသည်။
ပထမနေ့ Intro Class ကို မည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။

**Phonetic Class For Teachers** မေလ (၂) ရက်နေ့ တန်းခွဲသစ်မည်။

အမှတ်(၂၈)၊ (6-A)၊ ဇေယျလလမ်း၊ ကျောက်မြောင်း၊ တာမွေ။
ဖုန်း- ၀၉ ၇၉၀၄၂၉ ၁၅၁၊ ၀၉ ၇၉၀၄၂၉ ၀၆၅



**ဒဂုံမြို့သစ်**

အရှေ့ပိုင်း
သိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

ကြော်ငြာ

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

## ဦးဇင်မြင့်(ဘကြီးဇင်)

**(၂၄-၄-၁၄)-(၂၄-၄-၁၆)**

မမျှော်လင့်ဘဲ ခွဲခွာသွားသည်မှာ ယနေ့(၂)နှစ်ပြည့်ခဲ့ပါပြီ၊ မိသားစုအပေါ် သံယောဇဉ်ကြီးမားစွာဖြင့် အစစလိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့သောကျေးဇူးတရားများကို အမြဲသတိရနေပါတယ်။

ကွယ်လွန်ချိန်မှစ၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်အလှူဒါနများပြုလုပ်ခြင်း၊ ယနေ့(၂)နှစ်ပြည့်သည့်နေ့တွင် ရှစ်မိုင်၊ မစိုးရိမ်ရွှေကျင်တိုက်သစ်တွင် သစ္စာရွှေစည်ဆရာတော်ဦးဥတ္တမအားပင့်ဖိတ်၍ ကျေးဇူးဆပ်ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ပခုက္ကူခရိုင်၊ မြစ်ခြေမြို့နယ်၊ ညောင်နီပင်ကျေးရွာရှိ ရှင်အရဟံသိမ်ဘုရားတွင် တံခွန်တိုင်နှင့်ခေါင်းလောင်းလှူဒါန်းခြင်း၊ ရွာ(၃)ရွာစတုဒိသာ ကျွေးမွေးခြင်း၊ မြင်းခြံခရိုင်၊ တမိုက်သာရွာရှိ ဘုရား(၂)ဆူအား ထီးတော်ကပ်လှူခြင်းစသည့် ကုသိုလ်ကောင်းမှုများပြုလုပ်၍ အမျှပေးဝေပါတယ်၊ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ--အမျှ---အမျှ---အမျှ---

**ဇနီး** - **ဒေါ်မမကြီး**
**သားသမီး** - **(ဦးဇာနည်အောင်)-ဒေါ်တင်မာလှိုင်**
**မြေး** - **ကိုကျော်စိုးဝင်း-မခိုင်တင်ဇာလှိုင်**
**မြစ်** - **မောင်အောင်မြင်သူ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကြင်ဝမ်

**အသက်(၉၁)နှစ်**

ပဲခူးမြို့၊ အမှတ်(၂၄၉)၊ ၃၃-လမ်း၊ ရှင်စောပုရပ်ကွက် နေ M9 Group Company Limited ၏ Business Director ဖြစ်သူ ဦးမျိုးဆွေ-ဒေါ်မီမီသက်တို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးကြင်ဝမ် အသက်(၉၁)နှစ်သည် ၂၁-၄-၂၀၁၆ နေ့တွင် Singapore နိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Chairman, MD, Board of Director,**
**M9 GROUP COMPANY LIMITED**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကြင်ဝမ်

**အသက်(၉၁)နှစ်**

ပဲခူးမြို့၊ အမှတ်(၂၄၉)၊ ၃၃-လမ်း၊ ရှင်စောပု ရပ်ကွက်နေ M9 Group Company Limited ၏ Business Director ဖြစ်သူ ဦးမျိုးဆွေ-ဒေါ်မီမီသက် တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးကြင်ဝမ် အသက်(၉၁)နှစ်သည် ၂၁-၄-၂၀၁၆ နေ့တွင် Singapore နိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**အထွေထွေမန်နေဂျာနှင့် ဝန်ထမ်းများ**
**M9 GROUP COMPANY LIMITED**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်သင်ဆွေ(ရေနံချောင်းမြို့) (၈၇)နှစ်

ချစ်သူငယ်ချင်း ဥမ္မာဆွေ၏ ချစ်လှစွာသော မိခင် အန်တီဒေါ်ခင်သင်ဆွေသည် ၁၈-၄-၂၀၁၆ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မျိုးအောင်၊ ငွေးငယ်၊ နီနီဆွေ၊ နီနီသိန်း**
**နှောင်းငယ်၊ ပေါက်ပေါက်၊ မအေး၊ မဗိုလ်**
**မိမာ၊ မိုးဆန်း၊ ဘားဘို၊ ရွှေသွေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**အန်တန်စိန်(ခ)ဦးသံချောင်း(ခ)ဦးလွင်အောင်**

**အသက်(၈၈)နှစ်**

မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း အတွင်းရေးမှူး(၂) ဦးစိုးလွင်(G.B.C)၊ ဒေါ်ခင်ဆွေဝင်းတို့၏ ဖခင် အန်တန်စိန်(ခ)ဦးသံချောင်း(ခ) ဦးလွင်အောင် အသက်(၈၈)နှစ်သည် ၂၀-၄-၂၀၁၆ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးလှတင် (ဘ)ဦးလှမောင် [၉/မရမ(နိုင်)၀၄၉၉၇၁] ကိုင်ဆောင်သူသည် နိုင်ငံကူးလက်မှတ်အပါအဝင် အခြားအရေးကြီးစာရွက်စာတမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

**ဖုန်း-၀၉-၇၉၉၆၉၅၀၃၉**
**၀၉-၉၇၅၀၅၉၆၉၈**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင်ဇ

**အသက်(၈၁)နှစ်**

**လ/ထ တိုင်းပညာရေးမှူး(စီမံ-ငြိမ်း)**
**ပညာတန်ဆောင်စာတည်းမှူး(ငြိမ်း)**

၉-၄-၂၀၁၆ရက်တွင် ချစ်ခင်လေးစားရပါသော ဆရာကြီး ဦးမောင်မောင်ဇ (စာရေးဆရာ ဝေမောင်၊ ဖားဆောင်း အထက ဆရာလုံ) ကွယ်လွန်သွားပါ၍ မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးညွန့်ရင်၊ ဦးသန်းထွတ်၊ ဦးရဲမြင့်၊ ဦးအေးမြင့်၊ ဦးသာအောင်ကျော်၊**
**ဦးမဲအောင်၊ ဦးညွန့်ဝင်း၊ ဦးသန်းအောင်**

---

## သမီးအဖြစ်မှ လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ပေါက်ချောင်းကျေးရွာနေ ကျွန်တော် ဦးလှကံ[၅/မမန(နိုင်) ၀၁၈၁၀၉]၏သမီးဖြစ်သူ မမြနွယ်[၅/မမန(နိုင်)၀၁၈၂၁၉]သည် မိဘတို့အပေါ်၌ တာဝန်ဝတ္တရားကျေပွန်ခြင်း မရှိခဲ့ဘဲ မိမိဆန္ဒအလျောက် နေထိုင်ကာ သားသမီးဝတ္တရား ပျက်ကွက်ခဲ့ပါသဖြင့်၎င်းအား ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလည်း မိဘများအနေဖြင့် ဆောင်ရွက်ပေးမည်မဟုတ်တော့ပါကြောင်း။

**(အဖ)ဦးလှကံ[၅/မမန(နိုင်)၀၁၈၁၀၉]**

---

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးရဲမြင့်**

**ပါမောက္ခ၊ ဌာနမှူး၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်(၁)-ငြိမ်း**

**အသက်(၇၉)နှစ်**

မြန်မာနိုင်ငံဆရာဝန်အသင်း၊ သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်သိန်းသိန်းမြင့်၏ခင်ပွန်းဖြစ်သူ ပါမောက္ခဒေါက်တာ ဦးရဲမြင့်သည် ၂၀-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကြင်ဝမ်

**အသက်(၉၁)နှစ်**

**ဂျိုးသိန်းဆေးပေါ့လိပ်ဖခင်ကြီး**

သစ်တော်ထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့် (Win & Win Co.,Ltd)၏ ဖခင်ကြီးသည် ၂၁-၄-၂၀၁၆(ကြာသပတေးနေ့) Singapore စံတော်ချိန် 6:30 PM တွင် Mount Elizabeth Hospital ၌ ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်(သစ်တောဖက်စပ်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး**

## ဦးမောင်ကလေး(မန္တလေး)

**အသက်(၉၀)**

**အမက-၁၄(တာရဲတန်း)ကျောင်းအုပ်ကြီး(ငြိမ်း)**

ဒုတိယဗိုလ်ချုပ်ကြီးသာအေး(ငြိမ်း)-ဒေါ်ဝေဝေခိုင်တို့၏ဖခင်၊ ကိုစည်သူအေးအောင်-မပဟေမာန်ကြည်သာ (Asia HiTech Construction Group of Co.,Ltd.) တို့၏အဘိုးသည် ၁၉-၄-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃း၁၀ နာရီတွင် အောင်ရတနာအထူးကုဆေးရုံကြီး၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Glory Farmer Development Public Co.,Ltd**
**(G Bank)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ညွန့်ညွန့်ကြည်

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၁)၊ အင်းယားမြိုင်လမ်းနေ ဦးဖိုးစီ(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ဇနီး၊ ဒေါက်တာမေလလင်း၏မိခင် ဂုဏ်ထူးဆောင် နာယကကြီး ဒေါ်ညွန့်ညွန့်ကြည်သည် ၉-၄-၂၀၁၆(စနေနေ့) နံနက်၁၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏**
**ထောက်ပံ့ရေး(အထက်/အောက် မြန်မာပြည်)အဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**အငြိမ်းစား ပါမောက္ခ ဦးရဲမြင့်**

**(ခွဲစိတ်အထူးကုဆရာဝန်ကြီး)**

**အသက်(၇၉)နှစ်**

ကျေးဇူးရှင် ဆရာကြီးပါမောက္ခဦးရဲမြင့်(၇၉)နှစ်သည် ဗဟိုစည်ဆေးရုံ၌ ၂၀-၄-၂၀၁၆ရက် နံနက် ၆း၁၃နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီးကောင်းရာဘုံဘဝ ရောက်ပါစေ။

**ချစ်တပည့်များ-ဒေါက်တာကြည်ဦး၊**
**ဒေါက်တာသက်သက်အုန်း(၉၀-၉၂)**
**ဒေါက်တာခင်ဇော်၊ ဒေါက်တာ တင့်ဇော်လင်း (၉၁-၉၃)**
**ဒေါက်တာဝင်းရီ၊ ဒေါက်တာ စန်းစန်းရီ(၉၂-၉၄)**
**ဒေါက်တာ ခင်လေးချို (၉၃-၉၅)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာ ဦးရဲမြင့်**

**အသက်(၇၉)နှစ်**

သူငယ်ချင်း Dr.မျိုးမြင့်ဦး-Dr.မြသီတာတို့၏ဖခင်၊ ဆရာမကြီး ပါမောက္ခဒေါက်တာဒေါ်သိန်းသိန်းမြင့်၏ခင်ပွန်း ဆရာကြီးပါမောက္ခဒေါက်တာ ဦးရဲမြင့်သည် ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**သူငယ်ချင်းများ**
**Dr.စိုးစိုးရီ၊ Dr.မြစိုးနွယ်၊ Dr.စန္ဒာစော၊ Dr.သင်းသင်းလွင်**
**Dr.ဖြူဖြူစိုး၊ Dr.စန်းထင်အောင်၊ Dr.ဉာဏ်သစ်လှိုင်၊ Dr.သူရိန်လွင်**
**Dr.ဇော်မျိုးဦးနှင့် ဆေး(၁)85-95 Batch မှသူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ ကျောင်း ဒါယိကာမ**

**ဒေါ်ရီရီ(မန္တလေး)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ ဦးဇော်မြင့်သိန်း(ညွှန်ကြားရေးမှူး၊ ရေကြောင်းလုပ်ငန်းဌာနခွဲ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)-ဒေါ်သန္တာအေး တို့၏ မိခင် ဒေါ်ရီရီသည် ၁၈-၄-၂၀၁၆(တနင်္လာနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရေကြောင်းအင်ဂျင်နီယာဌာနခွဲ၊**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မီမီစိန် အသက်(၄၅)နှစ်**

**Director**

Champion Construction Materials Co.,Ltd.ဒေါ်မီမီစိန် Director သည်၁၉-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်နိုင်ဦး(Chairman)**
**Naing Group Holding Co.,Ltd**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကြင်ဝမ်(ဂျိုးသိန်း)**

**အသက်(၉၁)နှစ်**

**ပဲခူးမြို့**

ဦးဝင်းဆွေနှင့်ဇနီး Dr.မြတ်သီတာမြင့် (Win&Win Co.,Ltd) တို့၏ ဖခင်ဖြစ်သူ ဦးကြင်ဝမ်သည် ၂၁-၄-၂၀၁၆ရက် ညနေ၀၆း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းထွန်းနှင့်ဇနီးဒေါ်ဆွေဆွေချစ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**အန်တန်စိန်(ခ)ဦးသံချောင်း(ခ)ဦးလွင်အောင်(တောင်ငူ)**

**အသက်(၈၈)နှစ်**

ဦးစိုးလွင် (MD,G.B.C)- ဒေါ်ခင်ဆွေဝင်းတို့၏ချစ်လှစွာသော ဖခင်ကြီး အန်တန်စိန်(ခ)ဦးသံချောင်း(ခ)ဦးလွင်အောင်သည် ၂၀-၄-၂၀၁၆ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးငွေးမြင့်အောင်နှင့်ဦးဇော်မိုးဝင်း**
**မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာရဲမြင့်**

**အသက်(၇၉)နှစ်**

ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ခွဲစိတ်ကုပညာဌာန၏ ပါမောက္ခ/ဌာနမှူး (ငြိမ်း)ဒေါက်တာရဲမြင့်သည် ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာဝင်းမြင့်**
**ဒေါက်တာမျိုးကြည်**
**ဒေါက်တာအောင်မိုးလှိုင်**
**ဒေါက်တာမင်းဦးနှင့်**
**ခွဲစိတ်ကုပညာဌာနမိသားစု**
**ပန်းလှိုင်စီလုံဆေးရုံကြီး၊ ရန်ကုန်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကာကာ(ခ)ဦးကြည်လင်

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၉၇)၊ မြေညီထပ်၊ ဗိုလ်တထောင်ဘုရားလမ်းနေ အမှုဆောင်ဒေါ်ခင်မေ၏ခင်ပွန်း ဦးဆောင်နာယက ဦးကာကာ(ခ)ဦးကြည်လင်သည် ၁၁-၄-၂၀၁၆(တနင်္လာနေ့) နံနက်၉း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏**
**ထောက်ပံ့ရေး(အထက်/အောက်မြန်မာပြည်)အဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခဒေါက်တာဦးရဲမြင့်

**(ခွဲစိတ်ကုဆရာဝန်ကြီး ဥက္ကဋ္ဌ EVENING STAR TENNIS CLUB)**

ရန်ကုန်မြို့၊ ၇၄-F အေးချမ်းသာယာလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ ပါမောက္ခ ဒေါက်တာဒေါ်သိန်းသိန်းမြင့်၏ခင်ပွန်း ဒေါက်တာဦးရဲမြင့်သည် ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**EVENING STAR TENNIS CLUB**
**ဗိုလ်အောင်ကျော်ကမ်းနား၊ ဆိပ်ကမ်းမြို့နယ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**အငြိမ်းစား ပါမောက္ခ ဦးရဲမြင့်**

**အသက်(၇၉)နှစ်**

**(ခွဲစိတ်အထူးကုဆရာဝန်ကြီး)**

ကျေးဇူးရှင် ဆရာကြီး ပါမောက္ခဦးရဲမြင့် (၇၉)နှစ်သည် ဗဟိုစည်ဆေးရုံ၌ ၂၀-၄-၂၀၁၆ရက် နံနက် ၆း၁၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာဘုံဘဝ ရောက်ပါစေ။

**ချစ်တပည့်များ- ဒေါက်တာ ယဉ်စုထွန်း၊ ဒေါက်တာတင့်ဇော်လင်း**
**ခွဲစိတ်ဆောင်၊ မော်လမြိုင် ပြည်သူ့ဆေးရုံကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးဝင်းလှိုင်

**(ဒုတိယ-ဥက္ကဋ္ဌ၊ ဖရီဒါအသင်း)**

**အသက်(၇၁)နှစ်**

ဦးစိုးဝင်းလှိုင်(ဒုတိယ-ဥက္ကဋ္ဌ၊ဖရီဒါအသင်း) သည် ၁၂-၄-၂၀၁၆ ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဖရီဒါအသင်းအလုပ်အမှုဆောင်အဖွဲ့နှင့်**
**ဝန်ထမ်းများမိသားစု**

# ဒီရေတိုက်စားမှုကြောင့် လယ်မြေဧက ၆၀၀၀ ကျော်ဆုံးရှုံးပြီး အိမ်ထောင်စု ၃၆၈ စုလွတ်ရာသို့ ခေတ္တရွှေ့နေရ

## လယ်သမားများ အလုပ်လက်မဲ့ဖြစ်ပြီး ယခုနှစ်မိုးမတိုင်မီ ရွာအသစ်အမြန်တည်ပေးစေလိုကြ



သတင်း - ကိုသက်

ဓာတ်ပုံ - ဌေးအောင်

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကသစ်ခုံရွာကုန်းကျေးရွာ၌ ဒီရေတိုက်စားမှုကြောင့် အိမ်ထောင်စု ၃၆၈ စု လွတ်ရာနေရာများသို့ ခေတ္တရွှေ့နေရပြီး လယ်မြေဧက ၆၀၀၀ ကျော်သည်လည်း ဒီရေကြောင့် ဆုံးရှုံးရသည့်အတွက် လယ်သမားများ လယ်ယာမဲ့ဖြစ်ကာ အလုပ်လက်မဲ့ဖြစ်ပေါ်နေကြောင်း သိရသည်။ ထို့ပြင် ဒီရေတိုက်စားမှုက အစိုးမရသဖြင့် ဒီရေလွတ်နိုင်မည့်နေရာသို့ သက်ဆိုင်ရာက ယခုနှစ်မိုးမတိုင်မီ ရွာအသစ်အမြန်တည်ပေးစေလိုကြောင်း ရွာသူ ရွာသားများက ပြောပြသည်။

ဒီရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုနှင့်ပတ်သက်၍ ကသစ်ခုံရွာကုန်းကျေးရွာနေ ဦးမောင်ထွန်းက "ကမ်းပါးပြိုတာ ငါးနှစ်လောက် ဆက်တိုက်ပြိုနေတာ။ ဒါကြောင့် လယ်မြေတွေလည်း ဧက ၆၀၀၀ ကျော် မရှိတော့ဘူး။ အိမ်တွေကလည်း ဆုတ်ခွာခွာနေရတယ်။ တချို့လယ်မြေတွေမှာ ခေတ္တပြောင်းရွှေ့နေရတယ်။ တစ်လကို တစ်ကြိုး(ပေတစ်ရာလောက်) ပုံမှန်ပြိုနေတယ်။ မိုးဦးစမှာ ကမ်းပါးပြိုမှုက အကြမ်းဆုံးပဲ။ ဒီလိုနှစ်တိုင်း ပြိုနေတဲ့အတွက် အရင်အစိုးရလက်ထက်က ရွာပြောင်းရွှေ့ပြီး ရွာသစ်တည်ဖို့ တင်ပြတယ်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱


လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းများပျက်စီးမှု အမြန်ဆုံးပြီးစီးနိုင်ရေး ပြုပြင်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၂

ကလေးအလုပ်သမား တစ်သန်းခွဲကျော်ရှိသည့်တိုင်းပြည် ရယ်မှာလား၊ ငိုမှာလား

စာမျက်နှာ - ၆

မြစ်ဆုံကိစ္စ စာချုပ်နှင့်ကိုင်ပြသော်

စာမျက်နှာ - ၇


## မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL နိုင်ငံခြားသားညွှန့်ပေါင်းအသင်းတို့ ခြေစမ်းပွဲ မေ ၁ ရက်တွင် ကစားမည်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဆူဇူကီးဖလားပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံးခြေစမ်းပွဲဖြစ်သည့် MNL နိုင်ငံခြားသားများညွှန့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲကို မေ ၁ ရက်တွင် ယှဉ်ပြိုင်ကစားရန် အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ ခြေစမ်းပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ညနေ ၅ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာဘောလုံးပရိသတ်များ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်။ MNL ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲမှာ မြန်မာ့လက်ရွေးစင်အသင်းအတွက် ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲအပြီး ပထမဆုံးကစားသည့်ခြေစမ်းပွဲလည်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL နိုင်ငံခြားသားများညွှန့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲကို မူလက ဧပြီ ၃၀ ရက်တွင်

စာမျက်နှာ ၈ ကော်လံ ၃ သို့ ○




မြန်မာ့လက်ရွေးစင် ဂိုးသမား ကျော်ဇင်ဖြိုး လေ့ကျင့်နေစဉ်။


